# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

**Myanma Alinn Daily**


**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဒဏ္ဍဝဂ်(ဓမ္မပဒ - ၁၂၉)


၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက် | ၂၀၁၇ ခုနှစ်၊ အောက်တိုဘာ ၁၆ ရက်၊ တနင်္လာနေ့၊ | အတွဲ (၅၇)၊ အမှတ်(၀၁၆)




# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်း (၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၅**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement) လက်မှတ်ရေးထိုးခြင်း (၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၁) (MICC – 1) ၌ ကျင်းပသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ✣

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း (၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်** (သတင်းစဉ်)



# ပိုမိုကောင်းမွန်တဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေ ဖြစ်ပေါ်လာအောင် ပြင်ဆင်ပြောင်းလဲမှုတွေ ဆက်လက်လုပ်ဆောင်

**နေပြည်တော် အောက်တိုဘာ ၁၅**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement) လက်မှတ်ရေးထိုးခြင်း (၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အခု ကျွန်မတို့ရဲ့တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း (၂)နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားကို ရောက်ရှိလာတဲ့ ဧည့်သည်တော်ကြီးများအားလုံးကို ငြိမ်းချမ်းရေးကိုလိုချင်ကြတဲ့ ပြည်သူပြည်သားများ အားလုံးကိုယ်စား ကျွန်မအနေနဲ့ ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။ ဒီလိုနှစ်ပတ်လည် အခမ်းအနားတွေလုပ်တယ်ဆိုတာ အတိတ်ကမမေ့သင့်တဲ့ကိစ္စများကို ကျွန်မတို့ သတိရပြီးတော့ ပစ္စုပ္ပန်နဲ့ အနာဂတ်မှာ လုပ်သင့်တဲ့ကိစ္စများကို သတိပြုမိဖို့ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ကျွန်မတို့ ဒီနေ့မှာဆိုရင် အတိတ်ကတုန်းက ကျွန်မတို့ ငြိမ်းချမ်းရေးအတွက်

*စာမျက်နှာ ၃ ကော်လံ ၁* ❖


KBZ BANK

STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by EUROMONEY 2017

# ရှေ့ဆက်မည့်ခြေလှမ်းများ ညီညာကြပါစေ

၁၉၄၈ ခုနှစ်တွင် ကိုလိုနီနယ်ချဲ့လက်အောက်မှ လွတ်မြောက်ခဲ့သော မြန်မာနိုင်ငံသည် လွတ်လပ်ရေး၏ နောက်ဆက်တွဲအဖြစ် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတည်းဟူသော သမိုင်း၏ဆိုးမွေကိုပါ လက်ခံလိုက်ရသည်။ တစ်မြေတည်းနေ တစ်ရေတည်းသောက် သွေးရင်းသားရင်း ညီရင်းအစ်ကိုတို့အကြား နယ်ချဲ့တို့ထားရစ်ခဲ့သည့် သံသယနှင့် အမုန်းတရားတို့က လက်နက်ကိုင်ပဋိပက္ခနှင့် စစ်မီးလျှံတို့ကို တောက်လောင်စေခဲ့ရာ လက်နက်ဆွဲကိုင်တိုက်ခိုက်ကြသူများ သောင်းနှင့်ချီ၍ သေကျေခဲ့ကြရပြီး စစ်၏ဘေးဒဏ်ကိုလည်း သိန်းနှင့်ချီသော ပြည်သူများ နှစ်ပရိစ္ဆေဒများစွာ ခံစားခဲ့ကြရသည်။

အစိုးရအဆက်ဆက်တို့က အပစ်အခတ်များရပ်စဲရေး၊ ငြိမ်းချမ်းရေးတို့အတွက် နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းခဲ့ကြသည့်တိုင် အရာမထင်ခဲ့။ ဒီမိုကရေစီခေတ်တွင်မူ နိုင်ငံရေးကို အခြားနည်းဖြင့် မဖြေရှင်းဘဲ နိုင်ငံရေးနည်းလမ်းဖြင့်ပင် ဖြေရှင်းရန်အတွက် ကြိုးပမ်းခဲ့ရာ အစိုးရနှင့်တိုင်းရင်းသား လက်နက်ကိုင် ၁၄ ဖွဲ့တို့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ချုပ်ဆိုနိုင်ခဲ့သည်။ သို့ရာတွင် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးသို့သွားရာတွင်မူ အပစ်အခတ်ရပ်စဲရုံမျှနှင့် လုံလောက်သည်မဟုတ်သောကြောင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပသွားနိုင်ရေး၊ ဆွေးနွေးအဖြေရှာမှုများပြုလုပ်နေစဉ်ကာလအတွင်း ပစ်ခတ်တိုက်ခိုက်မှုများရပ်ဆိုင်းထားနိုင်ရေးတို့အတွက် ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုကို အကောင်အထည်ဖော်ခဲ့သည်။

ယင်းဖြစ်စဉ်အရ "တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်" (**Nationwide Ceasefire Agreement-NCA**)၊ တိုက်ပွဲများလျှော့ချရပ်ဆိုင်းနိုင်ရေးအတွက် "ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ကြီးကြပ်ရေးကော်မတီ" (**JMC**)၊ နိုင်ငံရေးဆွေးနွေးပွဲများ အကောင်အထည်ဖော်ရေးအတွက် "ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ" (**UPDJC**) တို့ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ဝေါဟာရအမည်နာမများနှင့် အတိုကောက်စာလုံးများကသာမန်ပြည်သူတို့အဖို့ နားထွေးဖွယ်ရာဖြစ်သော်လည်း **NCA** ခေါ် ငြိမ်းချမ်းရေးသို့ဦးတည်သည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နေသည်။ အဆိုပါ လုပ်ငန်းစဉ်အရ ပစ်ခတ်တိုက်ခိုက်မှုများကို ရပ်ဆိုင်းထားမည်။ အမှန်တကယ်ရပ်ဆိုင်းထားခြင်း ရှိ မရှိ အဖွဲ့အစည်းတစ်ရပ်ဖြင့် စောင့်ကြည့်နေသည်။ တစ်ဖက်တွင်လည်း နိုင်ငံရေးဆွေးနွေးပွဲများကျင်းပသွားခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးကိုရယူရန် ကြိုးပမ်းနေကြခြင်းဖြစ်သည်ဟု ယေဘုယျအားဖြင့် နားလည်ထားကြရမည် ဖြစ်သည်။ ယခုအခါ **NCA** သည် နှစ်နှစ်တာခရီးသို့ ရောက်ရှိခဲ့ပေပြီ။

"တကယ်တော့ **NCA** ဆိုတာ ကျွန်မတို့ပြည်ထောင်စုရဲ့အမျိုးသားပြန်လည်သင့်မြတ်ရေးရဲ့စတင်မှုတစ်ရပ်လို့ ဆိုနိုင်ပါတယ်။ **NCA** ဟာ လမ်းဆုံးခရီးမဟုတ်ပါဘူး။ **NCA** ကနေ နိုင်ငံရေးဆွေးနွေးပွဲတွေတက်လှမ်းမယ့် ငြိမ်းချမ်းရေးညီလာခံတံခါးကို ဖွင့်လှစ်ပေးလိုက်ခြင်းဖြစ်တယ်ဆိုတာကို ဒီကနေ့ ထပ်လောင်းပြောကြားလိုပါတယ်။ တစ်ဆက်တည်းမှာပဲ **NCA** ထွက်ပေါ်လာအောင် ညှိနှိုင်းဆောင်ရွက်ခဲ့ကြတဲ့ သမ္မတကြီးဦးသိန်းစိန်နဲ့တကွ အခြားပါဝင်ခဲ့တဲ့ ပုဂ္ဂိုလ်တွေအားလုံးကို ကျေးဇူးတင်ကြောင်း ထပ်လောင်းပြောပါရစေ"ဟု **NCA** (၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

**NCA** သည် လက်နက်ကိုင်တိုက်ခိုက်ခြင်းအစား စားပွဲဝိုင်းတွင် တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းဖြစ်သည်။ လက်ရုံးရည်၏နေရာတွင် နှလုံးရည်ဖြင့် အစားထိုးခြင်းဖြစ်သည်။ **NCA** သည် တစ်ဖက်သတ်ပြဋ္ဌာန်းထားချက်များမဟုတ်ဘဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ တင်ပြချက်များအပေါ်တွင် အခြေခံပြီး အစိုးရက ညှိနှိုင်းခြင်းဖြင့် ထွက်ပေါ်လာခြင်းဖြစ်သည်။ **NCA** သဘောတူညီချက်ထွက်ပေါ်လာရေးတွင် စိတ်ရှည်သည်းခံခြင်း၊ သဘောထားကြီးခြင်း၊ အနစ်နာခံကြိုးပမ်းအားထုတ်ခြင်း၊ သူ့တာကိုယ့်တာဝိုင်းဝန်းကြိုးပမ်းခဲ့ခြင်းစသော တန်ဖိုးများလည်း ပေါင်းစပ်ပါဝင်လျက်ရှိသည်။

**NCA** သည် ခရီးဆုံးမဟုတ်သည့်တိုင် လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်းများ၏ နယ်မြေဒေသများတွင် ပဋိပက္ခများလျှော့ချနိုင်ခဲ့ပြီး ယမ်းငွေ့နှင့်သေနတ်သံတို့ကင်းစင်ကာ ဒေသခံပြည်သူတို့၏ လူမှုဘဝများ သိသာစွာ တိုးတက်ပြောင်းလဲလာခဲ့ပြီဖြစ်သည်။ တိုင်းရင်းသားပြည်သူတို့၏ တစ်သက်တာမျှော်လင့်ချက်အိပ်မက်ဖြစ်သော ထာဝရငြိမ်းချမ်းရေးအတွက် ရှေ့ဆက်မည့်ခြေလှမ်းများ ညီညာကြပါစေကြောင်း။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ငြိမ်းချမ်းရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ရန်အတွက် စကွယ်စော်ဘွား စဝ်စိန်လင်းက ငွေကျပ်သိန်း ၅၀ လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ငြိမ်းချမ်းရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းစဉ်များဆောင်ရွက်ရန် ငြိမ်းချမ်းရေးရန်ပုံငွေ (NRC-Peace Fund)သို့ ငွေလှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်ကြီးမြို့ ညောင်ရွှေဟော်ကုန်းရပ်ကွက် ဗိုလ်ချုပ်လမ်း အိမ်အမှတ် ၁၅၈ နေ စကွယ်စော်ဘွား စဝ်စိန်လင်းက ငွေကျပ် သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့သည်။

(သတင်းစဉ်)



# လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၁၅**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ခြောက်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ (မိုး/ဇလ)



အောက်တိုဘာ ၁၅ ရက်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement) လက်မှတ်ရေးထိုးခြင်း (၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားတွင် မီဒီယာများ သတင်းရယူနေကြစဉ် (သတင်းစဉ်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၁၅-၁၀-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၆၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၂၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၅၅/၆၇၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၈၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၂၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၆၉၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၄ ·၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၃ ·၅ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ·၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၇ |
| တရုတ် | တစ်ယွမ် | ၂၀၄ ·၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၃ ·၃ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |



မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း (၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

*❖ရှေ့ဖုံးမှ*

ဘယ်လိုကြိုးပမ်းခဲ့တယ်ဆိုတဲ့ကိစ္စကို အချို့တင်ပြသလို နောင်အနာဂတ် အတွက် ကျွန်မတို့ ဘယ်လိုဆက်လက်ပြီးတော့ ကြိုးပမ်းဖို့ရည်ရွယ်ချက်ရှိသလဲဆိုတာ တင်ပြချင်ပါတယ်။ ဒီကနေ့ဟာဆိုရင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) လက်မှတ်ရေးထိုးခဲ့တာ (၂)နှစ်တင်းတင်းပြည့်ခဲ့ပါပြီ။ ကျွန်မတို့အစိုးရ နိုင်ငံ့တာဝန် ရယူထမ်းဆောင်ခဲ့ချိန်မှာ NCA လက်မှတ်ရေးထိုးပြီးတဲ့ အဖွဲ့တွေရှိနေပါပြီ။ လက်မှတ်ရေးထိုးပြီးသား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ NCA အရ ပေါ်ပေါက်လာတဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးလုပ်ငန်းစဉ်တွေ ခိုင်မာအောင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (Joint Monitoring Committee-JMC) နဲ့ ဆောင်ရွက်နေသလို တစ်ချိန်တည်းမှာပဲ နိုင်ငံရေးဆွေးနွေးပွဲစားပွဲဝိုင်းတွေ ပေါ်လာအောင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (Union Peace Dialogue Joint Committee-UPDJC) ကနေ တာဝန်ယူဆောင်ရွက်ခဲ့ရပါတယ်။ JCM ဘက်မှာ အရပ်သားပြည်သူတွေ ပါဝင်မှု မြှင့်တင်ပြီး ပြည်နယ်အဆင့်၊ ဒေသအဆင့်အထိ စောင့်ကြည့်မှုယန္တရားတွေ စနစ်တကျထူထောင်နိုင်ခဲ့သလို နိုင်ငံရေးဆွေးနွေးပွဲဘက်မှာဆိုရင်လည်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ထွက်ပေါ်လာခဲ့ပြီး ဖက်ဒရယ်အခြေခံမူ သဘောတူညီချက် (၃၇)ချက်ကို ပြည်ထောင်စုသဘောတူညီချက်၏ အစိတ်အပိုင်း(၁)အဖြစ် လက်မှတ်ရေးထိုးနိုင်တဲ့အဆင့်အထိ ခရီးရောက်ခဲ့ပါတယ်။

NCA နဲ့ပတ်သက်လို့ ဝေဖန်မှုတွေရှိနေပေမယ့်လည်း ကျွန်မတို့အားလုံး သတိပြုသင့်တဲ့ တိုးတက်မှုတွေလည်း များစွာရှိနေတာကို တွေ့ရှိရပါတယ်။ NCA လက်မှတ်ရေးထိုးထားတဲ့အဖွဲ့အစည်းတွေရဲ့ နယ်မြေဒေသတွေမှာ ပဋိပက္ခတွေ လျော့ချနိုင်ခဲ့ပြီး ဒေသခံပြည်သူလူထုတွေရဲ့ လူမှု-ဘဝတွေဟာ သိသိသာသာ တိုးတက်ပြောင်းလဲလာခဲ့ပါတယ်။ ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်တွေအဖြစ် လက်ရှိကာလမှာ ရရှိခံစားနေရတာက ကျွန်မတို့ရဲ့ တိုင်းရင်းသားပြည်သူတွေပဲ ဖြစ်ပါတယ်။ JMC ဟာ ပြီးပြည့်စုံတဲ့ ယန္တရားမဟုတ်ဘူးဆိုပေမယ့်လည်း JMC ရှိခြင်းကိုက လက်နက်ကိုင်တပ်ဖွဲ့တွေအကြား အငြင်းပွားမှုတွေဖြစ်ပေါ်လာရင် စေ့စပ်ညှိနှိုင်းဖြေရှင်းတဲ့ ယဉ်ကျေးမှုကို တစ်ဆင့်တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ ဒီလို (၂)နှစ်ပြည့်မြောက်တဲ့ကာလမှာ JMC ရဲ့လုပ်ငန်းစဉ်တွေ၊ ပဋိပက္ခဖြေရှင်းမှုယန္တရားတွေ ပိုမိုကောင်းမွန်အောင် ပြန်လည်သုံးသပ်ပြီး လိုအပ်တဲ့ အပြောင်းအလဲတွေ ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။

နိုင်ငံရေးဆွေးနွေးပွဲနဲ့ ပတ်သက်လို့ UPDJC ဟာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း၊ နိုင်ငံရေးပါတီ၊ တိုင်းရင်းသားကိုယ်စားလှယ်၊ ပါဝင်သင့်ပါဝင်ထိုက်တဲ့သူတွေနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်း (CSO) တွေ အားလုံးပါဝင်နိုင်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို အောင်မြင်စွာ စနိုင်ခဲ့ပါတယ်။ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ဒီကနေ့အထိ သမိုင်းကြောင်းကို ပြန်ကြည့်ရင် ပါလီမန်အစိုးရခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရတို့ခေတ်၊ ပြီးခဲ့တဲ့ သမ္မတကြီး ဦးသိန်းစိန်ခေတ်၊ လက်ရှိ ကျွန်မတို့အစိုးရခေတ်တွေ ရှိခဲ့ပါတယ်။ ဘယ်ခေတ်ဘယ်အခါကမှ မရောက်ခဲ့ဖူးတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေကို ကျွန်မတို့လက်ထက်မှာ စတင်ဖော်ဆောင်နိုင်ခဲ့ပြီ ဖြစ်တဲ့အပြင် နိုင်ငံရေးသဘောတူညီချက်တွေ ထွက်ပေါ်လာအောင် ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပါတယ်။ အတိတ်က အတွေ့အကြုံတွေ၊ သင်ခန်းစာတွေ ကို ရယူခဲ့ကြပြီးတဲ့နောက် ကျွန်မတို့ခေတ်မှာ နိုင်ငံရေးဆွေးနွေးပွဲစားပွဲဝိုင်းတွေ စတင်နိုင်ခဲ့တာ အလေးအနက်ထားပါတယ်။ ကျွန်မတို့ရဲ့ နိုင်ငံရေးဆွေးနွေးပွဲဟာ ပြီးပြည့်စုံပြီလားမေးရင် မပြည့်စုံသေးပါဘူး။ နောက်ထပ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ ပါဝင်ဖို့ လိုအပ်ပါသေးတယ်။ ပြီးခဲ့တဲ့ (၂၁)ရာစုပင်လုံ၊ ဒုတိယအစည်းအဝေးအပြီး နောက်ပိုင်းမှာ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်နဲ့ ပတ်သက်လို့ ကျွန်မတို့ဘက်မှာ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေဘက်မှာ၊ နိုင်ငံရေးပါတီတွေဘက်မှာ ပြန်လည်သုံးသပ်မှု ပြုလုပ်ခဲ့ကြပြီးတော့ အားသာချက်၊ အားနည်းချက်တွေကို ဆွေးနွေးပြီး ပိုမိုကောင်းမွန်တဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေ ဖြစ်ပေါ်လာအောင် ပြင်ဆင်ပြောင်းလဲမှုတွေ ဆက်လက်လုပ်ဆောင်သွားရဦးမှာ ဖြစ်ပါတယ်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနဲ့ပတ်သက်လို့ စောင့်ကြည့်ရေးယန္တရားတွေ၊ အငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းစဉ်တွေနဲ့ စနစ်တကျ ဆောင်ရွက်နိုင်လာခဲ့ပြီဆိုပေမယ့် ပထမဆုံး အတွေ့အကြုံဖြစ်တဲ့အတွက် အားနည်းချက်တွေကို ပြုပြင်ပြီး ပိုမိုခိုင်မာ ကောင်းမွန်အောင် ညှိနှိုင်းဆွေးနွေးသွားကြရမှာပဲ ဖြစ်ပါတယ်။ သမိုင်းကြောင်းတစ်လျှောက် ပထမဆုံးနိုင်ငံရေးဆွေးနွေးပွဲတွေ ကျင်းပနိုင်ခဲ့ပြီး သဘောတူညီချက်တွေ ရရှိနိုင်ခဲ့တယ်ဆိုပေမယ့်လည်း ဒီပထမဆုံး အတွေ့အကြုံကို အခြေခံပြီး ပိုမိုကောင်းမွန်၊ ပိုမိုပြည့်စုံတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေ ဖြစ်ပေါ်လာအောင် ကျွန်မတို့အားလုံး ညှိနှိုင်းဆောင်ရွက်သွားကြရဦးမှာ ဖြစ်ပါတယ်။

ကျွန်မတို့အစိုးရအနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စတင်ခဲ့ချိန်မှာ NCA လက်မှတ်ရေးထိုးဖို့ ညှိနှိုင်းဆဲအဖွဲ့တွေ ရှိနေသလို အခြားတစ်ဖက်မှာလည်း NCA ကို လက်မခံနိုင်သေးတဲ့အဖွဲ့တွေ ရှိနေခဲ့ပါတယ်။ ဒီအဖွဲ့တွေနဲ့ တွေ့ဆုံဆွေးနွေးဖို့ ငြိမ်းချမ်းရေးတံခါးဖွင့်လှစ်ထားပြီး လက်ကမ်းကြိုဆိုလျက်ရှိနေပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေမှာ အားလုံးလက်ခံနိုင်တဲ့ အခြေခံမူတွေဖြစ်အောင် ရည်ရွယ်ပြီး ဆွေးနွေးညှိနှိုင်းခဲ့ကြတာဖြစ်ပါတယ်။ NCA လက်မှတ်မထိုးဘဲ ကျန်နေသေးတဲ့အဖွဲ့တွေအားလုံးအနေနဲ့လည်း အနာဂတ် နိုင်ငံတော်အတွက် ဖက်ဒရယ်အခြေခံမူတွေ ချမှတ်တဲ့လုပ်ငန်းစဉ်တွေမှာ ပါဝင်နိုင်ဖို့ အစဉ်အမြဲဖိတ်ခေါ်ထားပါတယ်။ တကယ်တော့ NCA ဆိုတာ ကျွန်မတို့ ပြည်ထောင်စုရဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးရဲ့စတင်မှုတစ်ရပ်လို့ ဆိုနိုင်ပါတယ်။ NCA ဟာ လမ်းဆုံးခရီးမဟုတ်ပါဘူး။ NCA ကနေ နိုင်ငံရေးဆွေးနွေးပွဲတွေ တက်လှမ်းမယ့် ငြိမ်းချမ်းရေးညီလာခံတံခါးကို ဖွင့်လှစ်ပေးလိုက်ခြင်းဖြစ်တယ်ဆိုတာကို ဒီကနေ့ ထပ်လောင်းပြောကြားလိုပါတယ်။ တစ်ဆက်တည်းမှာပဲ NCA ထွက်ပေါ်လာအောင် ညှိနှိုင်းဆောင်ရွက်ခဲ့ကြတဲ့ သမ္မတကြီး ဦးသိန်းစိန်နဲ့တကွ အခြားပါဝင်ခဲ့တဲ့ ပုဂ္ဂိုလ်တွေအားလုံးကို ကျေးဇူးတင်ကြောင်း ထပ်လောင်းပြောပါရစေ။

NCA ဆွေးနွေးညှိနှိုင်းခဲ့စဉ်က ကျွန်မတို့အစိုးရနဲ့ ညှိနှိုင်းခဲ့တာ မဟုတ်ပေမယ့်လည်း ကျွန်မတို့အစိုးရဖြစ်လာတဲ့အချိန်မှာ NCA ကို လက်ခံခဲ့ပါတယ်။ အစိုးရတစ်ရပ်ရဲ့ တာဝန်ယူမှုနဲ့ လက်ခံရရှိတဲ့အနေအထားကို အကောင်းဆုံးဖြစ်အောင် ကျွန်မတို့အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ၊ နိုင်ငံရေးပါတီတွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်နေသူတွေနဲ့ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးပြီးမှ ရှေ့ဆက်မယ့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို လိုက်လျောညီထွေဖြစ်အောင် ချမှတ်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ အဓိကရည်ရွယ်ချက်က ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တနေကြတဲ့ ကျွန်မတို့ရဲ့တိုင်းရင်းသားပြည်သူတွေရဲ့ အိပ်မက်တွေကို အကောင်အထည်ဖော်ဖို့ပဲဖြစ်ပါတယ်။

**ဖက်ဒရယ်အခြေခံမူအုတ်မြစ်ချမှတ်နိုင်ရေး**

အခုဆိုရင် NCA လက်မှတ်ရေးထိုးခဲ့တာ (၂)နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်သလိုပဲ ကျွန်မတို့ အစိုးရလက်ထက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပခဲ့တာ ဒုတိယအကြိမ် ပြီးစီးအောင်မြင်ခဲ့ပြီ ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်အတွင်းမှာ နောက်ထပ် ငြိမ်းချမ်းရေးညီလာခံတစ်ကြိမ် ကျင်းပဖို့ရှိပါသေးတယ်။ မကြာခင်ကာလမှာ (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ကျင်းပပြုလုပ်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ ပြီးခဲ့တဲ့ညီလာခံမှာ သဘောတူညီချက်မရရှိသေးတဲ့ ဖက်ဒရယ်ဆိုင်ရာ အခြေခံမူတွေ ဆက်လက်ဆွေးနွေးညှိနှိုင်းရဦးမှာ ဖြစ်သလို နောက်ထပ်အခြေခံမူတွေ ချမှတ်နိုင်ဖို့လည်း ဆွေးနွေးညှိနှိုင်းကြရဦးမှာ ဖြစ်ပါတယ်။ ပြီးရင် လာမယ့် ၂၀၁၈ ခုနှစ်အတွင်းမှာ ငြိမ်းချမ်းရေးညီလာခံ (၂)ကြိမ် ကျင်းပဖို့လည်းရှိပါတယ်။

လာမယ့်ညီလာခံ(၃)ကြိမ်မြောက်မှာ ကျွန်မတို့အနေနဲ့ ဖက်ဒရယ်ဆိုင်ရာ အခြေခံမူတွေ အပြီးအပြတ် ချမှတ်နိုင်တဲ့အထိ ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းချင်ပါတယ်။ အခြေခံမူတွေ ထွက်ပေါ်လာပြီးရင် အသေးစိတ်မှုတွေ ဆက်လက်ပြီး ဆွေးနွေးဖို့ရှိပါတယ်။ ပြည်ထောင်စုနဲ့ ပြည်နယ်တွေအကြား အာဏာခွဲဝေမှု၊ သယံဇာတခွဲဝေမှု၊ အခွန်အကောက် ခွဲဝေမှု၊ ကွင်းကျန် အာဏာဆိုင်ရာ အခြေခံမူတွေ၊ ပြောရရင် ဖွဲ့စည်းပုံအခြေခံဥပဒေ နောက်ဆက်တွဲ ဇယားပါ လုပ်ပိုင်ခွင့် တွေ ဆက်လက်ပြီး ဆွေးနွေးကြရဦးမှာ ဖြစ်ပါတယ်။ အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုမှာ ဘယ်လိုခွဲဝေအုပ်ချုပ်ကြမလဲဆိုတာတွေ ဖြစ်ပါတယ်။ ညီလာခံ(၃)ကြိမ်အတွင်းမှာ အခြေခံမူတွေကို အကျေအလည်ဆွေးနွေးလို့ ပြီးပြတ်သွားပြီဆိုရင် ဖက်ဒရယ်နဲ့ပတ်သက်ပြီး ခိုင်မာတဲ့ အုတ်မြစ်တစ်ခု ထွက်ပေါ်လာပြီလို့ ဆိုနိုင်မှာ ဖြစ်ပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံမှာ ဖြစ်ပွားနေဆဲ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေရဲ့ ဇာစ်မြစ်ဟာ နိုင်ငံရေးပြဿနာတွေပဲဖြစ်ပါတယ်။ ဒီနိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းနိုင်ခဲ့ကြလို့ဆိုတာကို အားလုံးက လက်ခံထားကြပြီး ဖြစ်ပါတယ်။ ခေတ်အဆက်ဆက် မပြေလည် မဖြေရှင်းနိုင်ခဲ့တဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေရဲ့ဖြေရှင်းချက်အားလုံးဟာ အားလုံးလက်ခံသဘောတူညီနိုင်တဲ့ ဖက်ဒရယ်စနစ်ဖြစ်တယ်ဆိုတာကိုလည်း သဘောတူကြလိမ့်မယ်လို့ ကျွန်မတို့ယုံကြည်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခတွေကို နိုင်ငံရေးနည်းနဲ့ ချုပ်ငြိမ်းစေနိုင်ဖို့ လုပ်ဆောင်ရေးတာဝန်ဟာ အခု ကျွန်မတို့ အားလုံးရဲ့လက်ဝယ်ကို ရောက်ရှိနေပါပြီ။ နိုင်ငံရေးဆွေးနွေးဖက်အားလုံး အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုနဲ့ ညှိနှိုင်းဆွေးနွေးကြမယ်ဆိုရင် အရေးကြီးလှတဲ့ နိုင်ငံရေးသဘောတူညီချက်တွေ ထွက်ပေါ်လာအောင် စွမ်းဆောင်နိုင်တယ်ဆိုတာကိုလည်း ပြီးခဲ့တဲ့ ဒုတိယအစည်းအဝေးမှာ ရရှိခဲ့တဲ့ ပြည်ထောင်စုသဘောတူညီချက်ရဲ့ အစိတ်အပိုင်း(၁)က လက်တွေ့ကျကျ သက်သေပြနေပါပြီ။ ကျွန်မတို့ရဲ့ တိုင်းရင်းသားပြည်သူတွေ အားလုံးဟာလည်း (၂၁) ရာစုပင်လုံညီလာခံကြီးပေါ်ကို မျှော်လင့်ချက်တွေ ပုံအပ်ထားနေကြပါပြီ။

နိုင်ငံရေးဆွေးနွေးပွဲတွေရဲ့ သဘောသဘာဝအရ အနိမ့်အမြင့်၊ အတက်အကျတွေ ရှိစမြဲဖြစ်ပါတယ်။ ကမ္ဘာတစ်ဝှမ်းက ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာလည်း ပန်းတိုင်နဲ့ နီးလာလိုက်၊ ပြန်ပြီးတော့ ဝေးကွာသွားလိုက်နဲ့ ရှိခဲ့ကြသလိုပါပဲ။ ကျွန်မတို့နိုင်ငံရဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလမ်းဟာ အစဉ်အမြဲ ချောမွေ့နေမှာတော့ မဟုတ်ပါဘူး။ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကတော့ ရှိနေဦးမှာ ဖြစ်ပါတယ်။ တာတိုပြေးပွဲတွေမှာ ခွန်အားကြီးသူတွေ အောင်ပွဲဆင်နိုင်သလို တာဝေးခရီးမှာ စိတ်ဓာတ်နဲ့ ခံယူချက်ကောင်းသူတွေက အောင်ပွဲဆင်နိုင်လေ့ ရှိပါတယ်။ ကျွန်မတို့ရဲ့ တာဝေးငြိမ်းချမ်းရေးခရီးကို လျှောက်လှမ်းရာမှာ အောင်မြင်မှုဆောင်ကြဉ်းနိုင်ဖို့အတွက် စိတ်ဓာတ်၊ ခံယူချက်အပြင် စေတနာတရား လိုအပ်တယ်လို့ ပြောချင်ပါတယ်။

**ခေတ်အဆက်ဆက် မပြေလည် မဖြေရှင်းနိုင်ခဲ့တဲ့ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခတွေရဲ့ဖြေရှင်းချက်အားလုံးဟာ အားလုံးလက်ခံသဘောတူညီနိုင်တဲ့ ဖက်ဒရယ်စနစ်ဖြစ်တယ် ဆိုတာကိုလည်း သဘောတူကြလိမ့်မယ်လို့ ကျွန်မတို့ယုံကြည်**

*စာမျက်နှာ ၇ သို့*




နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ အခမ်းအနားတက်ရောက်လာကြသည့် သံတမန်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

*ရှေ့စာမျက်နှာမှ*

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတများဖြစ်ကြသော ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ တိုင်းမှူးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးရာတွင် ပါဝင်ခဲ့ကြသည့် အသိသက်သေများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)အဖွဲ့ဝင်များ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC–U)ကော်မတီဝင်များ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့ ခန်းမအတွင်းမှ ပြန်လည်ထွက်ခွာလာစဉ် (သတင်းစဉ်)

အခမ်းအနားတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကား ပြောကြားသည်။

**(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အမှာစကားကို စာမျက်နှာ-ရှေ့ဖုံးနှင့် ၃ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားသည်။

**(တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ အမှာစကားကို စာမျက်နှာ-၇ တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုယ်စား ကေအင်န်ယူ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးက အမှာစကားပြောကြားသည်။

**(ကေအင်န်ယူ ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး၏ အမှာစကားကို စာမျက်နှာ-၈ တွင် သီးခြားဖော်ပြထားပါသည်။)**

ဆက်လက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (Union Peace Dialogue Joint Committee – UPDJC) ၏ လုပ်ငန်းတိုးတက်မှု အစီရင်ခံစာကို UPDJC အဖွဲ့မှ ဦးရွှေမင်းက ဖတ်ကြားတင်ပြသည်။

အဆိုပါ UPDJC ၏ လုပ်ငန်းတိုးတက်မှုအစီရင်ခံစာတွင် UPDJC အနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ ပထမအစည်းအဝေးကျင်းပပြီးစီးသည့်နောက်ပိုင်း နိုင်ငံရေးဆွေးနွေးပွဲများကို အောင်မြင်စွာ ဆက်လက်ကျင်းပနိုင်ရေးအတွက် နိုင်ငံရေးဆွေးနွေးမှုအဆင့်ဆင့်ပုံစံ (Structure) နှင့် ရှင်းလင်းချက်၊ လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက်ကျင်းပမည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ် (သတင်းစဉ်)




**နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ JMC နှင့် UPDJC ကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်** (သတင်းစဉ်)

*စာမျက်နှာ ၄ မှ*

လုပ်ငန်းလမ်းညွှန် (ToR)၊ အမျိုးသားအဆင့် ဆွေးနွေးပွဲများကြီးကြပ်မှုကော်မတီ ToR၊ UPDJC ToR၊ အတွင်းရေးမှူးအဖွဲ့ ToR နှင့် လုပ်ငန်းကော်မတီ ToR တို့ကို အတည်ပြုခြင်းနှင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို အမြန်ဆုံးစတင်ကျင်းပနိုင်ရေးဆိုင်ရာ သဘောထားများ ရေးဆွဲချမှတ်နိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် အားလုံးလက်ခံနိုင်သော အခြေခံမူဝါဒများဖော်ထုတ်နိုင်ရေး ဦးတည်ပြီး ဦးစားပေးဆွေးနွေးရမည့် ခေါင်းစဉ်များအဖြစ် နိုင်ငံရေးကဏ္ဍတွင် ဖက်ဒရယ်စနစ်၌ အခြေခံရမည့်မူများ၊ စီးပွားရေးကဏ္ဍတွင် ဖက်ဒရယ်စနစ် စီးပွားရေးဆိုင်ရာ အခြေခံရမည့်မူများနှင့် ဒေသန္တရ ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံမူများ၊ လူမှုရေးကဏ္ဍတွင် ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံမူများ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍတွင် ဖက်ဒရယ်စနစ်ကို အခြေခံသော မြေယာမူဝါဒ၏ အခြေခံမူများကို သတ်မှတ်ခဲ့ပါကြောင်း။

UPDJC မှ ချမှတ်ပေးထားသော အထက်ပါ အခြေခံလမ်းညွှန်မှုများနှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် ရည်မှန်း၍ တိုင်းရင်းသားများ၏ လိုလားချက်များနှင့် သဘောထားဆန္ဒများကို အခြေခံပြီး ပါဝင်သင့်သူအားလုံးပါဝင်သည့် လူမျိုးအလိုက်ကျင်းပသော ကရင်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ၊ ချင်းအမျိုးသား နိုင်ငံရေးဆွေးနွေးပွဲ၊ ပအိုဝ်းအမျိုးသားနိုင်ငံရေးဆွေးနွေးပွဲများ၊ ဒေသအလိုက်ကျင်းပသော တနင်္သာရီတိုင်းဒေသကြီး အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ၊ ပဲခူးတိုင်းဒေသကြီး အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ၊ ရှမ်းပြည်နယ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် အကြောင်းအရာအလိုက် ကျင်းပသော အရပ်ဘက်အဖွဲ့အစည်းများဖိုရမ်တို့ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြပါကြောင်း။

လူမျိုးအလိုက်၊ ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှ အမြင်သဘောထားများကို စုစည်းပြီး တင်ပြလာသော နိုင်ငံရေးကဏ္ဍမှ စာတမ်းပေါင်း ရှစ်စောင်၊ စီးပွားရေးကဏ္ဍမှ စာတမ်းပေါင်း ရှစ်စောင်၊ လူမှုရေးကဏ္ဍမှ စာတမ်းပေါင်း နှစ်စောင်၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍမှ စာတမ်းပေါင်း ငါးစောင်တို့နှင့် အစုအဖွဲ့အသီးသီးတို့မှ တင်သွင်းလာသော စာတမ်းများကို အခြေခံပြီး UPDJC က ဖွဲ့စည်းတာဝန်ပေးထားသော ကဏ္ဍအလိုက် လုပ်ငန်းကော်မတီများ အစည်းအဝေးကို နှစ်ကြိမ်တိုင်တိုင်ပြုလုပ်နိုင်ခဲ့ကာ စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ကြပြီး မူဝါဒအဆိုပြုလွှာများကို စိစစ်ရွေးချယ်ပြုစု၍ UPDJC သို့ တင်ပြနိုင်ခဲ့ပါကြောင်း။

သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းကော်မတီများက တင်ပြလာသော မူဝါဒအဆိုပြုလွှာများကို စိစစ်သုံးသပ်ပြီး UPDJC အနေဖြင့် ၂၀၁၇ ခုနှစ် မေ ၂၄ ရက်မှ ၂၉ ရက်အထိ ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် ဆွေးနွေးအတည်ပြုပေးနိုင်ရေးအတွက် ဆက်လက်တင်သွင်းခဲ့ပါကြောင်း။

ခြောက်ရက်တိုင်တိုင် ကျင်းပခဲ့သည့် ညီလာခံကြီးတွင် UPDJC က တင်သွင်းခဲ့သော မူဝါဒအဆိုပြုလွှာများကို အစုအဖွဲ့အလိုက်၊ ကဏ္ဍအလိုက် ဆွေးနွေးမှုများကို အဆင့်ဆင့်ပြုလုပ်ကာ မူဝါဒသဘောတူညီချက် စုစုပေါင်း ၃၇ ချက်ကို ပြည်ထောင်စု သဘောတူစာချုပ်အစိတ်အပိုင်း (၁)အဖြစ်



**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ၏ လုပ်ငန်းတိုးတက်မှု အစီရင်ခံစာကို UPDJC အဖွဲ့မှ ဦးရွှေမင်း ဖတ်ကြားတင်ပြစဉ်** (သတင်းစဉ်)

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် အစုအဖွဲ့အသီးသီး၏ ခေါင်းဆောင်များနှင့် အသိသက်သေများက လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါကြောင်း။

UPDJC ကို စတင်ဖွဲ့စည်းသည့်အချိန်မှစ၍ ယနေ့အထိ ပုံမှန်အစည်းအဝေး ၁၁ ကြိမ် ကျင်းပနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း ပေးအပ်ထားသည့် အဓိကတာဝန်နှစ်ရပ်ဖြစ်သော နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို ရေးဆွဲခြင်းနှင့် နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်ကို ကြီးကြပ်လမ်းညွှန်တာဝန်ခံရန်စသည့်တာဝန်များကို ဆတက်ထမ်းပိုး ကြိုးပမ်းဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း။

UPDJC အနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးပြဿနာကို စစ်ရေးနည်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရေးအလို့ငှာ ပါဝင်သင့်ပါဝင်ထိုက်သူ အားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများကို ဆက်လက်ကျင်းပသွားရန်နှင့် နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ နောက်ခံသမိုင်း၊ ရိုးရာယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားနှင့် အမျိုးသားရေးလက္ခဏာများ မတူကွဲပြားမှုကို လက်ခံအသိအမှတ်ပြု၍ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံတို့ဖြင့် ပြည်ထောင်စုလက္ခဏာ တစ်ရပ်ကို နိုင်ငံသားအားလုံး အတူတကွ စုပေါင်းဖော်ဆောင်ကြရန် တိုက်တွန်းရင်း အစီရင်ခံစာကို တင်သွင်းအပ်ပါကြောင်း ဖော်ပြထားသည်။

ထို့နောက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (Joint Ceasefire Monitoring Committee – JMC ) ၏ လုပ်ငန်းတိုးတက်မှုအစီရင်ခံစာအား JMC – U ဒုတိယဥက္ကဋ္ဌ အရပ်သားကိုယ်စားလှယ် စောမက်သယူးအေးက ဖတ်ကြားတင်ပြသည်။



**ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ၏ လုပ်ငန်းတိုးတက်မှုအစီရင်ခံစာကို JMC – U ဒုတိယဥက္ကဋ္ဌ အရပ်သားကိုယ်စားလှယ် စောမက်သယူးအေး ဖတ်ကြားတင်ပြစဉ်** (သတင်းစဉ်)

JMC ၏ လုပ်ငန်းတိုးတက်မှုအစီရင်ခံစာတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် NCA ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီအဆင့်ဆင့်၏ လုပ်ငန်းလမ်းညွှန် ToR နှင့် နှစ်ဖက်လေးစားလိုက်နာရမည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များ (COC)၊ လုပ်ထုံးလုပ်နည်းများ (SOPs) နှင့် သဘောတူညီချက်များအတိုင်းသာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအချိန်အထိ လုပ်ထုံးလုပ်နည်း ၁၆ ခု ရေးသားပြုစုနိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

JMC ၏ လုပ်ငန်းတာဝန်များအနေဖြင့် စောင့်ကြည့်ခြင်း၊ စိစစ်အတည်ပြုခြင်း၊ ပဋိပက္ခများအားဖြေရှင်းခြင်း၊ စွမ်းရည်မြှင့်တင်ပေးခြင်းတို့ဖြစ်ပါကြောင်း၊ စောင့်ကြည့်ရေးလုပ်ငန်းများကို ပဋိပက္ခ ဒဏ်ခံစားနေရသည့် နယ်မြေဒေသရှိ နှစ်ဖက်လက်ခံသည့် ဒေသခံပြည်သူများက ဆောင်ရွက်လျက်ရှိပါကြောင်း၊ JMC သည် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပဋိပက္ခဒဏ်ခံစားနေရသည့် အရပ်သားများက တိုင်ကြားခြင်း နှင့် အငြင်းပွားမှုများအတွက် ဖြေရှင်းဆောင်ရွက်ပေးရာတွင် JMC ဆိုင်ရာ ပြဋ္ဌာန်းချက်များအပေါ် ချိုးဖောက်မှုရှိခြင်း၊ မရှိခြင်းအား ကော်မတီဝင်အရပ်သားကိုယ်စားလှယ် ဦးဆောင်သော စိစစ်အတည်ပြုရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်စေလျက်ရှိပါကြောင်း၊ JMC အဆင့်ဆင့်၏ ကော်မတီအဖွဲ့ဝင် အရပ်သားကိုယ်စားလှယ်များကလည်း အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ JMC ၏ လုပ်ငန်းစဉ်များအား ပြည်သူလူထုက ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နှင့် ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဝင်များက လူထုတွေ့ဆုံပွဲ ၂၄ ကြိမ် ပြုလုပ်ခဲ့ရာ တက်ရောက်သူဦးရေ ၆၀၀၀ ခန့်ကို ရှင်းလင်းပြောကြားပေးနိုင်ခဲ့ပါကြောင်း။

JMC လုပ်ငန်းများ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းထားပြီးဖြစ်သော JMC များတွင် နည်းပညာအထောက်အကူပြုရုံးအဖွဲ့ဝန်ထမ်းများကို ခန့်အပ်ပြီး ရုံးလုပ်ငန်းများ စနစ်တကျဆောင်ရွက်စေလျက်ရှိပါကြောင်း၊ မိမိတို့ JMC ကော်မတီဝင်များနှင့် ရုံးအဖွဲ့ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ပြည်ပ ပညာရှင်များနှင့် နိုင်ငံတကာမှ လာရောက်လေ့လာဆွေးနွေးခြင်းများ ပြုလုပ်လျက်ရှိပါကြောင်း။

JMC ကော်မတီဝင်များနှင့် နည်းပညာ အထောက်အကူပြုရုံးအဖွဲ့ဝန်ထမ်းများအား စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် JMC ကော်မတီအဆင့်ဆင့်မှ ကော်မတီဝင်များကို ငြိမ်းချမ်းရေးနှင့် သက်ဆိုင်သည့် ပြည်ပလေ့လာရေးခရီးများ စေလွှတ်၍ မိမိနိုင်ငံ၏ ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် သိမ်မွေ့ခက်ခဲနက်နဲသည့် အသွင်သဏ္ဌာန်ဆောင်သဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်နေသည့် JMC အနေဖြင့် စိတ်ရှည်သည်းခံ ခွင့်လွှတ်တတ်သည့်စိတ်ဓာတ်ကို မွေးမြူပြီး မလျှော့သောဇွဲဖြင့် စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တွေ့ကြုံရသည့် အခက်အခဲများကို ဘက်လိုက်မှုကင်းပြီး ပွင့်လင်းမြင်သာမှုအခြေခံဖြင့် အတူတကွ ပူးပေါင်းညှိနှိုင်းအဖြေရှာ၍ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖော်ပြထားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့သည် သံတမန်များနှင့် လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ JMC နှင့် UPDJC ကိုယ်စားလှယ်များနှင့် လည်းကောင်း၊ နိုင်ငံရေးပါတီ၊ ယခင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (MPC) နှင့် အသိသက်သေများနှင့် လည်းကောင်း၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော်ကိုယ်စားလှယ်များနှင့် လည်းကောင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် လည်းကောင်း စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**(သတင်းစဉ်)**




နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ အခမ်းအနားသို့တက်ရောက်လာသော စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တည်ခင်းဧည့်ခံသည့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု

## အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးဖွံ့ဖြိုးရေးစီမံကိန်း၏ ညစာစားပွဲ အခမ်းအနားကျင်းပ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ် (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၁၅**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တည်ခင်းဧည့်ခံသည့် ရခိုင်ပြည်နယ်အတွင်း လူသားချင်း စာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)၏ ညစာစားပွဲ အခမ်းအနားကို ယနေ့ည ၇ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁)တွင် ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ညစာ အတူတကွ သုံးဆောင်ကြသည်။

ညစာစားပွဲ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် နောက်ဆုံးနေ့ အထူးစည်ကား

မုံရွာ အောက်တိုဘာ ၁၅

**ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော် ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် တတိယနေ့ကို ယနေ့ နံနက် ၉ နာရီက မုံရွာမြို့ မုံရွာတက္ကသိုလ် (ဘက်စုံ) ခန်းမ၌ ဆက်လက်ကျင်းပရာ လာရောက်ကြည့်ရှုလေ့လာကြသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။** (ယာပုံ)



ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်တွင် အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကလေးငယ်များ၊ မိဘပြည်သူများသည် စတင်ဖွင့်လှစ်သည့် အချိန်မှစ၍ ပိတ်သိမ်းချိန်အထိ အဖွဲ့လိုက် မိသားစုအလိုက် အဆက်မပြတ် လာရောက်လေ့လာကာ စာအုပ်စာပေအရောင်းဆိုင်များမှ စာအုပ်များကို ဝယ်ယူအားပေးလျက်ရှိကြသည်။

ထို့နောက် ပွဲတော်သို့ လာရောက်သည့် ကျောင်းသား ကျောင်းသူများက ဂိမ်းကစားနည်း ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကစားကြသည်။ ထို့နောက် ပွဲတော်သို့ လာရောက်သည့် ပရိသတ်များအား စစ်ကိုင်းတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက ဖျော်ဖြေရေးအစီအစဉ် ၄၀၊ မြန်မာနိုင်ငံ ရုပ်စုံသဘင်အသင်းမှ ရုပ်သေးအက၊ မျက်လှည့်နှင့် ကျောက်ဆည်မြို့ ရိုးရာဆင်အကအဖွဲ့ (ဉာဏ်လင်းထက်)တို့က ဖျော်ဖြေတင်ဆက်ကြရာ ပွဲတော်လာသူများက တစ်ခဲနက် အားပေးခဲ့ကြသည်။

ယင်းနောက် နံနက်ပိုင်းတွင် စာပေဟောပြောပွဲ ကျင်းပရာ စာရေးဆရာ ဒေါက်တာတင်ဝင်းက ဘာမထီခင်အောင်(ရွှေဘို) တို့ ဟောပြောခဲ့ကြပြီး မွန်းလွဲပိုင်းတွင် ကလေးစာပေမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ပိတ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် မုံရွာမြို့ မုံရွာတက္ကသိုလ် (ဘက်စုံ)ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်တို့က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများနှင့် အမှတ်တရပစ္စည်းများ ပေးအပ်ကြသည်။ ယင်းနောက် ပွဲတော်တွင် ပါဝင်ကူညီခဲ့ကြသည့် အကဲဖြတ်ဒိုင်များ၊ ပညာရှင်များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ မုံရွာတက္ကသိုလ်၊ စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီး အခမ်းအနားကို အောင်မြင်စွာပိတ်သိမ်းခဲ့ကြောင်း သိရှိရသည်။ **အောင်မင်းဟန်**

# NCA စာချုပ်ဟာ နိုင်ငံအတွက်အရေးတကြီးလိုအပ်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အဓိကအကျဆုံးအခြေခံလုပ်ဆောင်ရမယ့်အချက်ဖြစ်

နေပြည်တော် အောက်တိုဘာ ၁၅

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement) လက်မှတ်ရေးထိုးခြင်း(၂) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

ဒီကနေ့ပြုလုပ်တဲ့ အခမ်းအနားကို ငြိမ်းချမ်းရေးအတွက် တူညီသောဆန္ဒများ၊ ယုံကြည်မှုများနဲ့ တက်ရောက်လာကြတဲ့ နိုင်ငံတော်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများမှ ဧည့်သည်တော်များနဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်အပ်ပါတယ်။ ဒီနေ့ဟာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး (Ceasefire) လို့ အမည်တပ်ထားပေမယ့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ရည်မှန်းချက်ထက် ပိုမိုကျယ်ပြန့်မြင့်မားတဲ့ ရည်ရွယ်ချက်တွေ၊ တိုင်းရင်းသားပြည်သူလူထုအားလုံးရဲ့လိုလားချက်တွေကို လက်တွေ့ကျကျ ဖော်ဆောင်ပေးမယ့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) ကို လက်မှတ်ရေးထိုးချုပ်ဆိုခဲ့တာ (၂)နှစ်ပြည့်မြောက်တဲ့နေ့ပဲ ဖြစ်ပါတယ်။

ယနေ့ တိုင်းရင်းသားပြည်သူများရဲ့ဆန္ဒနဲ့အညီ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ကျွန်တော်တို့ ခိုင်ခိုင်မာမာ ဖြောင့်ဖြောင့်တန်းတန်း လျှောက်လှမ်းနိုင်ဖို့၊ ဒီမိုကရေစီ ရည်မှန်းချက်တွေ အောင်မြင်ဖို့နဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ဖို့အတွက် အဓိကအကျဆုံး လိုအပ်ချက်ဟာ နိုင်ငံရဲ့တည်ငြိမ်အေးချမ်းမှုပဲ ဖြစ်ပါတယ်။ ဒီအတွက်လည်း ပါတီစုံဒီမိုကရေစီစနစ် ပထမသက်တမ်းကာလအတွင်း နိုင်ငံတော်အစိုးရရဲ့ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းတွေထဲမှာ တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းရေးအတွက် ငြိမ်းချမ်းရေးလမ်းစဉ်ကို ဦးစားပေးလုပ်ဆောင်ခဲ့တာ တွေ့မြင်ခဲ့ရပါတယ်။ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို ငြိမ်းချမ်းရေးကမ်းလှမ်းဖိတ်ခေါ်ခဲ့ပြီး စတင်လုပ်ဆောင်ခဲ့တာ ဖြစ်တဲ့အတွက် NCA ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့အထိ အချိန်ကာလအားဖြင့် ၄ နှစ်ကျော် ကြာမြင့်ခဲ့ပါတယ်။ ယနေ့ဆိုရင် NCA ကို လက်မှတ်ရေးထိုးခဲ့တာဟာ အချိန်ကာလ ၂ နှစ် ကြာမြင့်လာခဲ့ပြီ ဖြစ်ပါတယ်။ ၂ နှစ်ဆိုတဲ့ အချိန်ကာလဟာ နိုင်ငံတစ်ခုရဲ့သမိုင်းကြောင်းနဲ့ နှိုင်းယှဉ်ရင်တော့ မပြောပလောက်ပေမယ့် အရေးတကြီးလုပ်ဆောင်ရမယ့် လုပ်ငန်းတွေ၊ လက်ငင်းအကျိုးရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်ရမယ့် ကိစ္စရပ်တွေအတွက်ကတော့ တန်ဖိုးကြီးမားတဲ့ အချိန်ပမာဏပဲဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ မြန်မာနိုင်ငံရဲ့ မည်သည့်ကဏ္ဍအပေါ်မှာမဆို လွှမ်းမိုးမှုရှိပြီး ချက်ချင်းလက်ငင်း အကောင်အထည်ဖော်ရမယ့်လုပ်ငန်းတစ်ခုဖြစ်ကြောင်းကို ဒီကနေ့ အခမ်းအနားတက်ရောက်လာကြတဲ့သူအားလုံးသာမက နိုင်ငံသူ၊ နိုင်ငံသားအားလုံးက သဘောတူညီ လက်ခံထားကြပါတယ်။ အားကစားပြိုင်ပွဲတစ်ခုမှာ အောင်မြင်မှုရရှိအောင် ပြိုင်ပွဲမစတင်မီ သွေးပူလေ့ကျင့်ခန်းကို မဖြစ်မနေလုပ်ဆောင်ပြီးမှ ယှဉ်ပြိုင်ကြရပါတယ်။ သွေးအေးသွားမှ ယှဉ်ပြိုင်တဲ့အခါမှာ မလိုလားအပ်တဲ့ ဆုံးရှုံးမှု၊ ရှုံးနိမ့်မှုတွေနဲ့ ရင်ဆိုင်ရတတ်သလိုပဲ ကျွန်တော်တို့တစ်တွေ အနေနဲ့လည်း NCA စာချုပ်ပါ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

လုပ်သင့်လုပ်ထိုက်တဲ့၊ လုပ်နိုင်တာတွေကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော် လုပ်ဆောင်ခြင်းအားဖြင့် ငြိမ်းချမ်းမှုရဲ့ရလဒ်များ၊ ငြိမ်းချမ်းရေးအသီးအပွင့်များကို ရယူခံစားနိုင်ကြဖို့ လိုအပ်ကြောင်းနဲ့ တပ်မတော်အနေဖြင့်လည်း စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်ဖို့ အဆင်သင့်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ၂၀၁၁ ခုနှစ်ကစတင်ပြီး ပြည်သူတွေ လိုလားတောင့်တနေတဲ့ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းခဲ့ပါတယ်။ ဒီလမ်းကြောင်းကို အဆင်ပြေချောမွေ့စွာလျှောက်လှမ်းနိုင်ဖို့ တပ်မတော်အစိုးရအနေနဲ့ နိုင်ငံရေးဆိုင်ရာ တည်ဆောက်မှု၊ စီးပွားရေးဆိုင်ရာ တည်ဆောက်မှု၊ လူမှုရေးဆိုင်ရာ တည်ဆောက်မှုတွေကို နိုင်ငံတော်တာဝန်ကို စတင်ယူခဲ့ရတဲ့ ၁၉၈၈ ခုနှစ်ကစပြီး ၂၀၁၀ ပြည့်နှစ်အထိ ပြင်ဆင်ဆောင်ရွက်ခဲ့ပါတယ်။ ဒီမိုကရေစီနိုင်ငံနဲ့ ကိုက်ညီမယ့် အခြေခံဥပဒေရေးဆွဲနိုင်ဖို့ လူထုလူတန်းစားပေါင်းစုံရဲ့ ကိုယ်စားလှယ်များ၊ အလွှာပေါင်းစုံရဲ့ ကိုယ်စားလှယ်များပါဝင်တဲ့ အမျိုးသားညီလာခံကြီးကို ကျင်းပပေးခဲ့ပါတယ်။ အဲဒီညီလာခံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေး အခြေခံရမယ့် မူများ၊ အခန်းများကို အသေးစိတ်ဆွေးနွေးရေးဆွဲခဲ့ပါတယ်။ ဒီမိုကရေစီစနစ်နဲ့ လိုက်လျောညီထွေဖြစ်မယ့် လုပ်ငန်းရပ်တွေကိုလည်း တစ်ပြိုင်တည်းပြင်ဆင်ဆောင်ရွက်ခဲ့ပါတယ်။ ဥပမာအားဖြင့် အုပ်ချုပ်ရေးမဏ္ဍိုင်မှာ အခြေခံ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေဖြစ်တဲ့ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်း၊ ခရိုင်အုပ်ချုပ်ရေး အဖွဲ့အစည်းတွေရဲ့ ဥက္ကဋ္ဌတွေကို တပ်မတော်ကအရာရှိများဖြင့် ခန့်ထားဆောင်ရွက်ခဲ့ရာမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများဖြင့် ဆောင်ရွက်စေပြီး ဗျူရိုကရေစီယန္တရားစနစ်ကို တပ်မတော်အစိုးရလက်ထက်မှာပဲ အဆင့်ဆင့်ပြုပြင်ပြောင်းလဲခဲ့ပါတယ်။ ဒါတွေဟာ ဒီမိုကရေစီစနစ်မှာ အရေးပါလာမယ့် Institution တွေတည်ဆောက်ခြင်းကို အချိန်ယူလုပ်ဆောင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေ လုပ်နိုင်ဖို့အတွက် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်(၇) ရပ်ကို ချမှတ်ပြီး လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ခဲ့ပါတယ်။ နောက်ဆုံး ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပြီး ပြည်သူ့ ရွေးချယ်ခံအစိုးရထံသို့ နိုင်ငံတော်တာဝန်ကို အောင်မြင်စွာ လွှဲပြောင်းပေးနိုင်ခဲ့ပါတယ်။ ဒါဟာ ပြည်သူ့ဆန္ဒကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သလို တိုင်းပြည်အတွက် နှစ်ပေါင်းများစွာ အချိန်ယူပြင်ဆင်လုပ်ဆောင်ခဲ့ရတာ ဖြစ်တဲ့အတွက် ပါတီစုံဒီမိုကရေစီစနစ်ကို လူတိုင်း၊ အဖွဲ့အစည်းတိုင်းက နားလည်ရန် လိုအပ်ပါတယ်။ တပ်မတော်အနေနဲ့လည်း ပါတီစုံဒီမိုကရေစီလမ်းကြောင်းကနေ မယိမ်းမယိုင် ခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းနိုင်ဖို့ ထိန်းသိမ်းလုပ်ဆောင်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့နိုင်ငံအနေနဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို လက်တွေ့ဖော်ဆောင်ခဲ့တာ ခြောက်နှစ်ကျော်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ဆိုတာ စနစ်တစ်ခုလို့ ယူဆနိုင်သလို လူတိုင်းလိုက်နာနိုင်မှ အောင်မြင်နိုင်မယ့်လုပ်ငန်းတစ်ခု၊ ကျင့်ဝတ်တစ်ခုဖြစ်တယ်လို့ ယူဆကြတာလည်း ရှိပါတယ်။ သေချာတာတစ်ခုကတော့ အားလုံးပါဝင်ဖော်ဆောင်မှ အောင်မြင်နိုင်မယ့် နိုင်ငံရေးစနစ်တစ်ခုပဲ ဖြစ်ပါတယ်။ ဒီလိုဖော်ဆောင်ရာမှာ ပထမဆုံးအခြေခံလိုအပ်ချက်က ဒီမိုကရေစီစနစ်ကို ဆန့်ကျင်ပြီး ဒီမိုကရေစီလမ်းကြောင်းပေါ်ကနေ သွေဖည်သွားမယ့် လုပ်ဆောင်မှုတွေကို မလုပ်ဆောင်ဖို့ပဲ ဖြစ်တယ်။ ဒီမိုကရေစီစနစ်မှာ မိမိတို့ရဲ့လိုအင်ဆန္ဒတွေကို ဒီမိုကရေစီနည်းလမ်းတကျ၊ ဥပဒေဘောင်အတွင်းက ဆောင်ရွက်သွားမှသာ ပြည်သူ့ဆန္ဒနဲ့ ကိုက်ညီမှာဖြစ်ပါတယ်။ အဓိကကတော့ ဥပဒေနဲ့အညီသာ အားလုံးက လိုက်နာလုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ ဥပဒေရဲ့ အထက်မှာ ဘယ်သူမှရှိလို့ မရပါဘူး။ မည်သည့်လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ တာဝန်ထမ်းဆောင်မှုမျိုးမဆို နိုင်ငံတော်မှ ပြဋ္ဌာန်းထားတဲ့ ဥပဒေအတိုင်းသာ လိုက်ပါလိုက်နာလုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ ဥပဒေကို လက်တစ်လုံးခြားလှည့်ပြီး လုပ်လို့လည်း မရပါဘူး။ ပေးထားတဲ့ ကတိကဝတ်များကိုလည်း မလေးစားလို့ မရပါဘူး။ ဥပဒေနဲ့မညီတဲ့ လုပ်ဆောင်ချက်မှန်သမျှ အပြောခံ၊ အဝေဖန်ခံနေရမှာပဲ ဖြစ်ပါတယ်။ ထို့အတူပဲ မြန်မာနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်သူအားလုံးဟာ နိုင်ငံတော်က ထုတ်ပြန်ထားတဲ့ တည်ဆဲဥပဒေများကို လေးစားလိုက်နာဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။ ဥပဒေနဲ့အညီ ဆောင်ရွက်မှုများကိုလည်း လက်ခံကြရမှာဖြစ်ပါတယ်။ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ပဋိပက္ခတွေကိုလည်း ဒီမိုကရေစီမူဘောင်အတွင်းကနေ ဖြေရှင်းသွားရမှာဖြစ်ပါတယ်။ ဒီလိုပဲ ဒီမိုကရေစီရဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ လက်နက်စွဲကိုင်ပြီး လိုရာတောင်းဆိုမှုမျိုးကို စွန့်လွှတ်ပြီး နိုင်ငံရေးနည်းလမ်းတွေနဲ့သာ ဖြေရှင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့ ပထမဆုံး စတင် လျှောက်လှမ်းရမယ့် ခြေလှမ်းကတော့ ဒီ NCA စာချုပ်မှာ ပါဝင်လက်မှတ်ရေးထိုးခြင်းပဲဖြစ်ပါတယ်။ ဘယ်လောက်ပဲ ဝေးကွာတဲ့ခရီးဖြစ်ပါစေ အရေးကြီးဆုံးလုပ်ရမယ့်အလုပ်က ပထမဦးဆုံး လျှောက်လှမ်းရမယ့် ခြေလှမ်းကို စတင်လိုက်ဖို့ပဲဖြစ်ပါတယ်။ ကျွန်တော်တို့ အတူတကွလက်တွဲပူးပေါင်း လျှောက်လှမ်းနေတဲ့ ထာဝရငြိမ်းချမ်းရေး ခရီးလမ်း၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး ခရီးလမ်းမှာ မလွဲမသွေ လျှောက်လှမ်းရမယ့် ဒီခြေလှမ်းကို တုံ့ဆိုင်းမနေဘဲ စတင်ပါဝင်လျှောက်လှမ်းကြဖို့ တိုက်တွန်းလိုပါတယ်။

သမိုင်းစာမျက်နှာဆိုတာ မိမိတို့ဖြတ်သန်းခဲ့ရတဲ့ ကာလတစ်လျှောက်မှာ ရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ အားသာချက်၊ အားနည်းချက်တွေ၊ အဆိုးနဲ့ အကောင်းတွေကို ထင်သာမြင်သာအောင် မီးမောင်းထိုးပြထားတဲ့ ကြေးမုံပြင်တစ်ချပ်ပါပဲ။ အဲဒီသမိုင်းစာမျက်နှာဆိုတဲ့ ကြေးမုံပြင်ကြီးကို ကြည့်လိုက်တာနဲ့ ရှေးပဝေသဏီကတည်းက မြန်မာနိုင်ငံတော်ကြီးမှာ ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ အေးအတူပူအမျှ အတူတကွ နေထိုင်ခဲ့ကြတာကို အထင်အရှားတွေ့မြင်နိုင်ပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံတော်ဖြစ်ပေမယ့် ပြည်နယ်တစ်ခု၊ တိုင်းဒေသကြီးတစ်ခုမှာ လူမျိုးစုတစ်စုတည်း သီးခြားနေထိုင်ကြတာ မဟုတ်ဘဲ ညီရင်းအစ်ကိုတွေလို ချစ်ကြည်ရင်းနှီးစွာနဲ့ ပေါင်းစည်းနေထိုင်ခဲ့ကြတာဖြစ်ပါတယ်။ အရေးကြီးလျှင် သွေးနီးသည် ဆိုတဲ့ စကားနဲ့အညီ နိုင်ငံတော်ကို ထိပါးရန်စ ကျူးကျော်လာသမျှကိုလည်း တိုင်းရင်းသားအားလုံးက လူမျိုးဘာသာ မခွဲခြားဘဲ ပြည်ထောင်စုစိတ်ဓာတ်နဲ့ စုပေါင်းကာကွယ်ခဲ့ကြတာကိုလည်း သမိုင်းစာမျက်နှာတွေမှာ တွေ့မြင်ကြရမှာပါ။ ထို့အတူ သွေးစည်းညီညွတ်မှုတွေ ပျက်ပြားပြီး စည်းလုံးမှုအားတွေ လျော့ပါးသွားချိန်မှာ အင်္ဂလိပ်နယ်ချဲ့တွေရဲ့ရန်စကျူးကျော်မှုတွေ ခုခံတွန်းလှန်နိုင်စွမ်းမရှိဘဲ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူများအားလုံး နှစ်ပေါင်း ၁၀၀ ကျော် သူ့ကျွန်ဘဝ ကျရောက်ခဲ့ရတာကိုလည်း သမိုင်းစာမျက်နှာမှာ တွေ့ရပါလိမ့်မယ်။

အဲဒီလို လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ ဆိတ်သုဉ်းသွားချိန်မှာ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး နယ်ချဲ့အင်္ဂလိပ်တွေရဲ့ စိတ်တိုင်းကျခြယ်လှယ်မှု၊ ကုပ်သွေးစုပ်အမြတ်ထုတ်ယူမှုတွေကို ခံစားခဲ့ရတာလည်း မိမိနိုင်ငံနဲ့ လူမျိုးအတွက် ရုပ်ဆိုးအကျည်းတန်လှတဲ့ သမိုင်းဖြစ်စဉ်ဖြစ်ခဲ့ရပါတယ်။ ဆုံးရှုံးသွားတဲ့လွတ်လပ်ရေးကို ပြန်လည်ရရှိဖို့ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းမှာ သန္ဓေတည်ပေါက်ဖွားလာတဲ့ တပ်မတော်နဲ့ ပြည်သူ အတူလက်တွဲပြီး ဖက်ဆစ်ဂျပန်နဲ့ နယ်ချဲ့အင်္ဂလိပ်တွေကို တော်လှန်တိုက်ခိုက်ခဲ့ရတာတွေ၊ လွတ်လပ်ရေးအတွက် တိုင်းရင်းသားအားလုံးရဲ့ သွေးစည်းညီညွတ်မှုကို ပင်လုံစိတ်ဓာတ်နဲ့ ဖော်ပြနိုင်ခဲ့တာတွေဟာလည်း မမေ့နိုင်တဲ့ သမိုင်းစာမျက်နှာတွေပဲ ဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးနောက်မှာ ကိုလိုနီဘဝက နယ်ချဲ့တွေရဲ့ကျင့်သုံးခဲ့တဲ့ သွေးခွဲအုပ်ချုပ်မှုစနစ်ကြောင့် ကျွန်တော်တို့ တိုင်းရင်းသားများအကြားမှာ အယူဝါဒရေးအရ၊ လူမျိုးရေးအရ၊ ဘာသာရေးအရ စိတ်ဝမ်းကွဲပြားမှု များစွာပေါ်ပေါက်လာခဲ့ပြီး ယနေ့ ကျွန်တော်တို့ ဆွေးနွေးညှိနှိုင်းနေရတဲ့ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခတွေဖြစ်ပေါ်ခဲ့ရတာဟာလည်း သမိုင်းစာမျက်နှာကနေ ရယူရမယ့် သင်ခန်းစာတွေပဲ ဖြစ်ပါတယ်။ အဲဒီလို ဖြတ်သန်းကျော်လွှားခဲ့ရတဲ့ သမိုင်းစာမျက်နှာကနေ ကျွန်တော်တို့အတွက် တန်ဖိုးကြီးမားတဲ့ ဖော်ထုတ်ချက်ကတော့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးပဲ ဖြစ်ပါတယ်။

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၃ မှ*

ဒီစေတနာတရားက ကျွန်မတို့ရဲ့နောင်လာမယ့် မျိုးဆက်တွေ၊ တိုင်းရင်းသားလူငယ်တွေအတွက် ထားရှိအပ်တဲ့ စေတနာတရားဖြစ်ပါတယ်။ နောင်လာမယ့် ဆယ်စုနှစ်တွေအတွင်းမှာ ကျွန်မတို့ရဲ့လူငယ်တွေအတွက် ဘယ်လို နိုင်ငံတော်မျိုး၊ ဘယ်လို ပြည်ထောင်စုမျိုးကို ထားရစ်ခဲ့ကြမလဲ စဉ်းစားကြည့်ကြစေလိုပါတယ်။ လက်နက်ကိုင်ပဋိပက္ခတွေနဲ့၊ သဘောထားကွဲလွဲမှုတွေနဲ့၊ အခြားနိုင်ငံတွေနဲ့ယှဉ်ရင် နောက်ကျနေဆဲဖြစ်လို့ အထင်သေးခံရတဲ့ နိုင်ငံတော်မျိုး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးမရှိသေးလို့၊ ငြိမ်းချမ်းရေးအသီးအပွင့် မဝေဆာနိုင်သေးလို့ ပြည်သူတွေ စိတ်မချမ်းသာရတဲ့ ပြည်ထောင်စုမျိုးကို ကျွန်မတို့ ချန်ထားခဲ့ကြမှာလားဆိုတာကို ကျွန်မတို့အားလုံး အလေးအနက်ထားပြီး စဉ်းစားသုံးသပ်ကြဖို့လိုအပ်မှာဖြစ်ပါတယ်။

ကျွန်မတို့အနာဂတ်ကို မျက်နှာမူပြီး ရဲရဲတွေး၊ ရဲရဲလုပ်ကြဖို့ လိုအပ်နေပါပြီ။ လွတ်လပ်ရေးရစဉ်ကစပြီး တစ်ခါမှ အပြည့်အဝငြိမ်းချမ်းတယ်လို့ မရှိခဲ့သေးတဲ့ ကျွန်မတို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအတွင်း တိုက်ပွဲတွေ၊ ပဋိပက္ခတွေ အမြန်ဆုံး လုံးဝရပ်စဲသွားရေးကို ဦးတည်ကြပါစို့။ အပစ်အခတ်ရပ်စဲရေး တည်တံ့ခိုင်မြဲစေမယ့် ယန္တရားတွေ ထက်မြက်ရှင်သန်အောင် လုပ်ကြပါစို့။ ငြိမ်းချမ်းရေး အမှန်လိုလားတဲ့ အဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်ပြီး ထာဝရငြိမ်းချမ်းရေးဆောက်တည်နိုင်ဖို့ နိုင်ငံရေးပြဿနာတွေကို ဆွေးနွေးညှိနှိုင်းတဲ့နည်းနဲ့ ဖြေရှင်းကြပါစို့။ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေးကို ကျွန်မတို့ခေတ်မှာ ဘယ်လောက်ချစ်မြတ်နိုး၊ တန်ဖိုးထားတယ်ဆိုတာကို နောင်လာနောက်သားတွေနဲ့ သမိုင်းက စစ်ဆေးဆုံးဖြတ်မှာကို လိပ်ပြာသန့်သန့်၊ သိက္ခာရှိရှိနဲ့ ရင်ဆိုင်ခံယူသွားနိုင်ဖို့ ကျွန်မတို့အားလုံး ပူးပေါင်းဆောင်ရွက်ကြပါစို့။

နိဂုံးချုပ်အနေနဲ့ ကျွန်မတို့အားလုံးဟာ သမိုင်းကပေးတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးတာဝန်ကို အတူတကွထမ်းဆောင်နေကြရတာ ဖြစ်ပါတယ်။ အစုအဖွဲ့တွေ ဘယ်လိုပဲကွဲပြားကွဲပြား၊ နိုင်ငံရေးဆွေးနွေးပွဲတွေမှာ တစ်ခုတည်း၊ တစ်စိတ်တစ်ဝမ်းတည်း၊ တစ်ဖွဲ့တည်းဆိုတဲ့ စိတ်ဓာတ်နဲ့ ကျွန်မတို့ ဆွေးနွေးညှိနှိုင်းခဲ့ကြတာ ဖြစ်ပါတယ်။ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားနေကြတဲ့ ကျွန်မတို့ အနေနဲ့ နားလည်မှုရှိရှိ၊ ယုံကြည်မှုရှိရှိ အပြန်အလှန် ညှိနှိုင်းပူးပေါင်းသွားကြမယ်ဆိုရင် ကျွန်မတို့ မျှော်မှန်းတဲ့ ငြိမ်းချမ်းရေးပန်းတိုင်ကို အဆုံးတိုင် ဆုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်။

ယခု NCA လက်မှတ်ရေးထိုးပြီး (၂)နှစ်ပြည့် အခါသမယကို ရောက်ရှိခဲ့ပါပြီ။ နောက်ပြန်ဆုတ်ဖို့ရာ မရှိပါဘူး။ ရှေ့ကို ရောက်အောင်၊ ခရီးပေါက်အောင် ဆက်ပြီး လျှောက်လှမ်းဖို့ပဲ ရှိပါတယ်။ ဒီကြားထဲမှာ အခက်အခဲအမျိုးမျိုး၊ စိန်ခေါ်မှုအဖုံဖုံ ကြုံတွေ့လာရင်လည်း အပြန်အလှန် ရိုင်းပင်းစာနာမှုနဲ့ ဖေးမကူညီကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။ အမျိုးသား ပြန်လည်သင့်မြတ်ရေးနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးကို ဆောင်ကြဉ်းနိုင်မယ့် ဖက်ဒရယ်ပြည်ထောင်စုကြီး ဘယ်တော့ရောက်မလဲဆိုတာ ကျွန်မတို့အားလုံးအပေါ်မှာပဲ မူတည်နေပါတယ်။ သမိုင်းကပေးအပ်လာတဲ့ အခွင့်အရေးကို ကျွန်မတို့ ထိထိမိမိ မှန်မှန်ကန်ကန် မဆုပ်ကိုင်နိုင်လို့၊ ပြည်သူတွေဟာ မိမိတို့မျှော်လင့်ချက်တွေ ပြည့်ဖို့ရာ ပင်ပန်းကြီးစွာ ဆက်လက်စောင့်ဆိုင်းရခြင်း မဖြစ်စေချင်ပါဘူး။ ဒီကနေ့ အခမ်းအနားက ရှေ့လာမယ့် ငြိမ်းချမ်းရေးခရီးအတွက် အားသစ်၊ အင်သစ်၊ ခွန်အားအသစ်တွေနဲ့ ခြေလှမ်းသစ်တွေ ညီညာစွာ လျှောက်လှမ်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။ ။

# NCA စာချုပ်မှာပါတဲ့ နိုင်ငံရေးလမ်းပြမြေပုံအတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်ခြင်းသာလျှင် အကောင်းဆုံးနည်းလမ်းဖြစ်

နေပြည်တော် အောက်တိုဘာ ၁၅

**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement) လက်မှတ်ရေးထိုးခြင်း (၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားတွင် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုယ်စား ကေအင်န်ယူကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုး ပြောကြားသည့် အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

လေးစားအပ်ပါသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်တကွ နှစ်ပတ်လည်နေ့အခမ်းအနားကို တက်ရောက်လာကြသော နိုင်ငံတော်အကြီးအကဲများ၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား-


ယခုလို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ချုပ်ဆိုခြင်း နှစ်ပတ်လည်အခမ်းအနားတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား အမှာစကားပြောကြားခွင့်ရရှိသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရနှင့် ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့တာ ဒီနေ့ဆိုရင် (၂)နှစ်တင်းတင်းပြည့်ပါပြီ။ ကျွန်တော်တို့အားလုံး တန်းတူရည်တူ ပူးပေါင်းဆောင်ရွက်မှုဖြင့် NCA စာချုပ်ကို ချုပ်ဆိုရခြင်း၏ ရည်ရွယ်ချက်ဟာ ပြည်ထောင်စုကြီးတွင် လွတ်လပ်ရေးရရှိသည့်အချိန်မှစ၍ ယနေ့တိုင်ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခအားလုံးကို ချုပ်ငြိမ်းစေနိုင်ရေးအတွက် နိုင်ငံရေးပြဿနာများကို စစ်ရေးဖြင့်မဟုတ်ဘဲ နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေးအဖြေရှာပြီး၊ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရေးပဲဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျွန်တော်တို့တိုင်းရင်းသားခေါင်းဆောင်များက ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ပင်လုံစာချုပ်လက်မှတ်ရေးထိုးပြီး၊ ပြည်ထောင်စုကို အတူတကွ ထူထောင်ခဲ့ကြခြင်းရည်ရွယ်ချက်ဟာ ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံး ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန် လေးစားအသိအမှတ်ပြုကာ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အာမခံချက်ပေးနိုင်သည့် ပြည်ထောင်စုကြီးကို အတူတကွ ထူထောင်ရေးပဲဖြစ်ပါတယ်။

ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေးအတွက် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးပြီး လွတ်လပ်ရေးကို ရအောင်ယူနိုင်ခဲ့ပါတယ်။ ပြည်ထောင်စုကြီးကိုလည်း ထူထောင်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ပင်လုံစာချုပ်ကို ယနေ့အထိ အပြည့်အဝ အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးပါဘူး။ အထူးသဖြင့် ပင်လုံစာချုပ် အပိုဒ်(၅)မှာ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးများကို အာမခံချက်ပေးထားတဲ့ "နယ်တွင်းကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်" တို့ကို ယနေ့အထိ အကောင်အထည်မဖော်နိုင်သေးပါဘူး။ ပင်လုံစာချုပ် အပိုဒ် (၇)မှာ အာမခံချက်ပေးထားတဲ့ ဒီမိုကရေစီအခွင့်အရေးများကိုလည်း ယနေ့တိုင် အပြည့်အဝ အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးပါဘူး။

ဒါကြောင့် ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးများရဲ့ အမြင်မှာ- ယနေ့တိုင်ဖြစ်ပွားနေတဲ့ ပြည်တွင်းစစ်ကြီးဟာ ပင်လုံစာချုပ်ကို အပြည့်အဝ အကောင်အထည်မဖော်နိုင်သေးလို့ဖြစ်ပါတယ်။ ပင်လုံစာချုပ်ကို အကောင်အထည်မဖော်နိုင်လို့ဖြစ်ပွားတဲ့ ပြည်တွင်းစစ်ကြီးကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအစည်းအဝေးများတွင် ချုပ်ငြိမ်းအဆုံးသတ်နိုင်ရေးအတွက် NCA စာချုပ်ကို လက်မှတ်ရေးထိုးပြီး နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပနေရခြင်းဖြစ်ပါတယ်။



ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး

ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ဖို့ နိုင်ငံရေးဆွေးနွေးပွဲများကို အဆင့်ဆင့် ကျင်းပနေတဲ့အခါမှာ - NCA စာချုပ်တွင် သဘောတူထားသည့် အဆင့်(၇)ဆင့်ပါရှိတဲ့ နိုင်ငံရေးလမ်းပြမြေပုံအတိုင်း ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ NCA စာချုပ်ချုပ်ဆိုပြီး (၂)နှစ်အတွင်း ထိုစာချုပ်ကို အကောင်အထည်ဖော်နိုင်မှုကို ပြန်သုံးသပ်ရင်-ကျွန်တော်တို့အနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီအဆင့်ဆင့် (JMC) ကို ဖွဲ့စည်းပြီး ပစ်ခတ်တိုက်ခိုက်မှုများကို ထိန်းသိမ်းလျှော့ချနိုင်ခဲ့ပါတယ်။ ထို့နည်းတူ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)ကို ဖွဲ့စည်းပြီး နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်ကိုလည်း ကျင်းပပြီး ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၁)အဖြစ် သဘောတူညီချက် (၃၇) ချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သောကြောင့် NCA စာချုပ်ပါ နိုင်ငံရေးလမ်းပြမြေပုံအဆင့်(၅) ကို အောင်မြင်စွာ တက်လှမ်းနိုင်ခဲ့ပြီလို့ ဆိုနိုင်ပါတယ်။

ဒီလို NCA စာချုပ်ကို အခြေခံပြီး နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်ကို ကျင်းပနိုင်ခဲ့သော်လည်း ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ စိန်ခေါ်မှုများနှင့် အားနည်းချက်များစွာ ရှိနေတယ်ဆိုတာကိုလည်း ကျွန်တော်တို့အားလုံး ပကတိအတိုင်း လက်ခံရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အားနည်းချက်များထဲမှာ - JMC ကို ပြည်ထောင်စုအဆင့်နှင့် တချို့ပြည်နယ်အဆင့်များမှာ ဖွဲ့စည်းနိုင်ခဲ့သော်လည်း NCA ကို လက်မှတ်ရေးထိုးထားကြသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ဒေသအချို့တွင် ပြည်နယ်အဆင့် JMC-S ကို ဖွဲ့စည်းနိုင်ခြင်း မရှိသေးသည့်အတွက် JMC အဆင့်ဆင့်၏ လုပ်ငန်းစဉ်များဖော်ဆောင်ရာတွင် အခက်အခဲများ ရှိနေပါတယ်။

ထိုနည်းတူ နိုင်ငံရေးဆွေးနွေးမှုကို ကြီးကြပ်လမ်းညွှန်နေသည့် UPDJC မှာလည်း အားနည်းချက်များစွာ ရှိနေပါတယ်။ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို အပြီးသတ်ပြင်ဆင်ရေးဆွဲနိုင်ခြင်းမရှိသေးသလို အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကိုလည်း NCA စာချုပ်လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ဦးဆောင်ကျင်းပမည့် ဒေသတိုင်းတွင် ကျင်းပနိုင်ခြင်း မရှိသေးပါ။ ထို့အပြင် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်တွင် ဖော်ပြထားသည့်အတိုင်း လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို ကျယ်ကျယ်ပြန့်ပြန့် ကျင်းပနိုင်ခြင်း မရှိခဲ့ပါဘူး။ ဒါတွေဟာ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဟန့်အတားဖြစ်စေပါတယ်။

NCA စာချုပ်ကို အခြေခံပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နေတဲ့အချိန်မှာ အဓိကအားနည်းချက်တစ်ခုက JICM အစည်းအဝေးကို ပုံမှန်ခေါ်ယူကျင်းပနိုင်ခြင်းမရှိတဲ့ ကိစ္စဖြစ်တယ်လို့ မြင်မိပါတယ်။ NCA စာချုပ်အရ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အကောင်အထည်ဖော်ရာတွင် JICM သည် အမြင့်ဆုံး အစည်းအဝေးဖြစ်ပါတယ်။ JICM က JMC နှင့် UPDJC တို့ကို ဖွဲ့စည်းတာဝန်ပေးအပ်ထားတာဖြစ်သလို JMC နှင့် UPDJC တို့မှာ မဖြေရှင်းနိုင်တဲ့ အရေးကိစ္စများကို တာဝန်ယူဖြေရှင်းပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် JICM အစည်းအဝေးဆိုတာ ပြဿနာရှိမှ ကျင်းပတာမျိုးမဟုတ်ဘဲ ၎င်းရဲ့ TOB မှာ

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၇ မှ*

ဒီအတွက်လည်း ဒို့တာဝန်အရေးသုံးပါးဟာ ကျွန်တော်တို့ တိုင်းရင်းသား ညီအစ်ကိုတွေအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမယ့် အမျိုးသားရေးတာဝန်ကြီးဖြစ်ကြောင်း ပြောကြားလိုပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို အဓိကတာဝန်ယူ ထမ်းဆောင်နေတဲ့ တပ်မတော်အနေနဲ့ကတော့ အမျိုးသားရေးတာဝန်ဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို ဘယ်သောအခါမှ အထိအပါးအပွန်းအပဲ့ ခံမှာမဟုတ်ဘဲ အမြဲဦးထိပ်ပန်ဆင်ပြီး ကာကွယ်စောင့်ရှောက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့တစ်မျိုးသားလုံးရဲ့ အရေးကိစ္စဖြစ်တဲ့အတွက်လည်း တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကပါ အတူလက်တွဲပြီး ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားဖို့ လိုအပ်ကြောင်းကိုလည်း ထပ်လောင်းပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ အခမ်းအနားတွေ၊ ဆွေးနွေးမှုတွေ၊ တွေ့ဆုံမှုတွေတိုင်းမှာ NCA နဲ့ ပတ်သက်ပြီး အမြဲထည့်သွင်းပြောဆိုခဲ့ပါတယ်။ ဒီလို ထည့်သွင်းပြောကြားရခြင်းဟာ နံပါတ်တစ်အနေနဲ့ "NCA စာချုပ်ဟာ နိုင်ငံအတွက် အရေးတကြီး လိုအပ်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အဓိကအကျဆုံး အခြေခံလုပ်ဆောင်ရမယ့် အချက်ဖြစ်လို့"၊ နံပါတ်နှစ်အနေနဲ့ "ဒီအခြေခံအချက်ကို မဖော်ဆောင်ဘဲ၊ တစ်နည်းအားဖြင့် သေနတ်သံမတိတ်ဘဲ ကျွန်တော်တို့လုပ်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှန်သမျှဟာ စိတ်မချရဘဲ လက်နက်ကိုင်လမ်းစဉ်ကိုသာ ပြန်လည်ဦးတည်သွားနိုင်လို့"၊ နံပါတ်သုံးအနေနဲ့ "NCA စာချုပ်ပါ သဘောတူညီချက်တွေဟာ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တည်းက ရေးဆွဲထားတာမဟုတ်ဘဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ ကနဦးအဆိုပြုချက်တွေအပေါ်မှာအခြေခံပြီး အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး ဆွေးနွေးညှိနှိုင်းသဘောတူရေးဆွဲထားတဲ့ စာချုပ်ဖြစ်လို့"ပဲ ဖြစ်ပါတယ်။ ဒ့ါအပြင် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်သမိုင်းမှာ ဒီလိုအဖွဲ့အစည်းများစွာနဲ့ အချိန်ယူဆွေးနွေးညှိနှိုင်းပြီး သဘောတူညီ လက်မှတ်ရေးထိုးနိုင်ခဲ့တာ မရှိခဲ့ကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ဒါကြောင့် NCA ဟာ အများသဘောတူညီမှု၊ ပူးပေါင်းပါဝင်မှုဆိုတဲ့ ဒီမိုကရေစီနည်းလမ်းတကျ ဆောင်ရွက်ထားတာဖြစ်ကြောင်း ညွှန်းဆိုလိုပါတယ်။ ဒီအတွက် NCA မှာ ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းဟာ ပြည်သူ့ဆန္ဒကို ဒီမိုကရေစီနည်းလမ်းတကျ ဖော်ဆောင်ခြင်း၊ နိုင်ငံနဲ့လူမျိုးအတွက် အရေးတကြီး လိုအပ်ချက်ဖြစ်တဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ နိုင်ငံအကျိုး၊ လူမျိုးအကျိုးကို မျှော်ကိုးပြီး ပါဝင် လုပ်ဆောင်ခြင်းလည်း ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

NCA စာချုပ်ရဲ့အခြေခံမူများအခန်းမှာ "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကိုအခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များအပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်" ဆိုပြီး ပထမဦးစွာ သဘောတူညီခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိဖို့ တိုင်းရင်းသားများ၏ လိုလားချက်များနှင့် သဘောထားဆန္ဒများကို အခြေခံပြီး ပါဝင်သင့်သူအားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများကို NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရှိတဲ့ သတ်မှတ်နယ်မြေများတွင် ကျင်းပသွားရမှာဖြစ်ပါတယ်။ ဒ့ါကြောင့် ဒီစာချုပ်ဟာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုတဲ့ အကြောင်းတရားထက် ပိုမိုတဲ့အဓိပ္ပာယ်တွေ ရှိတယ်လို့ပြောဆိုရခြင်း ဖြစ်ပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့ ဘာတွေကို လိုက်နာစောင့်ထိန်းရမယ်။ အဲဒီအတွက် ဘာတွေရမယ်။ အဲဒီ လိုက်နာစောင့်ထိန်းရမှာတွေ၊ ရပိုင်ခွင့်တွေအတွက် အသေးစိတ်ဆောင်ရွက်ကြရမှာ ဘယ်လိုနည်းလမ်းတွေကို ကျင့်သုံးမယ်ဆိုတာတွေ ပါရှိပြီးဖြစ်ပါတယ်။

NCA စာချုပ် အခြေခံမူပထမအချက်မှာ ဒီနေ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသာမက အခြားတိုင်းရင်းသားအဖွဲ့အစည်းတွေ တောင်းဆိုနေတဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်မယ်လို့လည်း သဘောတူသတ်မှတ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်မှုနဲ့ပတ်သက်ပြီး ဘယ်လိုဖက်ဒရယ်လဲဆိုပြီး မေးနေတာတွေလည်း ရှိပါသေးတယ်။ ဘယ်လိုဖက်ဒရယ်လဲဆိုတာကို "ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စု"လို့ အခြေခံမူ ပထမအချက်မှာပဲ အာမခံချက်ပေးထားတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူအားလုံး လိုချင်နေတဲ့ ဖက်ဒရယ်စနစ်၊ တစ်နည်းအားဖြင့် ပြည်ထောင်စုစနစ်ပါပဲ၊ ဖက်ဒရယ်ပြည်ထောင်စုအတွက် ရည်မှန်းချက်နဲ့ တိုင်းရင်းသားပြည်သူအားလုံးအတွက် အခွင့်အရေးပဲဖြစ်ပါတယ်။ ဒီရည်မှန်းချက် ဒီအခွင့်အရေးရဖို့ ကျွန်တော်တို့ ဘာတွေကို စောင့်ထိန်းကြရမလဲ။ ကမ္ဘာလုံးဆိုင်ရာ အမှန်တရား (Universal Truth) လို့ခေါ်ဆိုရမယ့် လောကပါလတရားသုံးပါးဖြစ်တဲ့ လွတ်လပ်မှု၊ တန်းတူညီမျှမှုနဲ့ တရားမျှတမှုတွေကို စောင့်ထိန်းရပါမယ်။ ပြီးရင် မြန်မာ့အမျိုးသားအကျိုးစီးပွားဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာရမှာဖြစ်ပါတယ်။ ဒီလိုက်နာ လုပ်ဆောင်ဖို့ တာဝန်တွေ၊ ရရှိရမယ့်အခွင့်အရေးတွေ၊ ရည်မှန်းချက်တွေကို ကျွန်တော်တို့ ဘယ်လိုအကောင်အထည်ဖော်ကြမလဲ၊ ဘယ်လိုတည်ဆောက်ကြမလဲ၊ အသေးစိတ် ဘယ်လိုဆောင်ရွက်ကြမလဲဆိုတာကို ဒီမိုကရေစီနည်းလမ်းတကျ၊ ငြိမ်းချမ်းသောနည်းလမ်း၊ စေ့စပ်ညှိနှိုင်းခြင်းနည်းလမ်းဖြစ်တဲ့ **"နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်"** လို့ သဘောတူထားတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။

NCA ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတိုင်းက လက်မှတ်ရေးထိုးရမှာဖြစ်ပါတယ်။ ပစ်ခတ်တိုက်ခိုက်မှုမရှိလို့ လက်မှတ်ထိုးစရာမလိုဘူးလို့ ပြောနေတဲ့ အဖွဲ့အချို့ရှိပါတယ်။ NCA ဟာ အမည်နာမအားဖြင့်သာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ဖြစ်ပါတယ်။ အနှစ်သာရအားဖြင့်ကတော့ ဒ့ါထက် ပိုမိုကျယ်ပြန့်ပါတယ်။ နက်ရှိုင်းပါတယ်။ ဒ့ါကြောင့် NCA ကို လက်မှတ်ထိုးဖို့လိုအပ်ကြောင်း အခိုင်အမာပြောကြားလိုပါတယ်။ ဒီစာချုပ်မှာပါတဲ့ ကိစ္စတွေဟာ တိုင်းရင်းသားပြည်သူလူထုရဲ့ အခွင့်အရေးကို ကန့်သတ်ထားတာ၊ ချုပ်ချယ်ထားတာ၊ ပိတ်ပင်ထားတာ တစ်ခုမှမပါပါဘူး။ အခွင့်အရေးကို ပေးနိုင်သမျှပေးထားတာကိုပဲ တွေ့ရမှာဖြစ်ပါတယ်။ ဒါကိုဆက်လက်ပြီး မသိကျိုးကျွန်ပြုနေရင် ပြည်သူလိုလားတဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ဆန့်ကျင်ခြင်း၊ ဒီမိုကရေစီစနစ်ကို ဆန့်ကျင်ခြင်း၊ လက်နက်ကိုင်ပြီး "သူတစ်လူ၊ ငါတစ်မင်း"စနစ်ကို တည်ထောင်လိုခြင်းနှင့် ပြည်ထောင်စုနဲ့ ပြည်သူလူထုအကျိုးကို မျက်ကွယ်ပြုလိုခြင်းကို ယူဆရမှာဖြစ်ပါတယ်။

ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ပြည်ထောင်စုကို တည်ဆောက်ကြရာမှာ ကျွန်တော်တို့ဟာ ဥပဒေနှင့်အညီ သွားကြဖို့လိုပါတယ်။ တရားဥပဒေစိုးမိုးမှုရှိမှလည်း ကျွန်တော်တို့ လိုလားတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးဆိုတာမှာလည်း အမြင်အမျိုးမျိုးရှိကြပါတယ်။ ဥပဒေပညာရှင်တွေက တည်ငြိမ်မှု (Stability)ကို အဓိကထားပြီး တရားဥပဒေစိုးမိုးမှု ရှိ/မရှိ ဆုံးဖြတ်ကြပါတယ်။ နိုင်ငံရေးအမြင် (Political Point of View) မှာတော့ "တာဝန်ခံမှု" (Accountability)နဲ့ "တရားဥပဒေအထက်မှာ ဘယ်သူမျှမရှိစေရေး" (No one above the law) ဆိုတဲ့ အချက်တွေနဲ့ နှိုင်းယှဉ်ချိန်ထိုးသုံးသပ်ကြပါတယ်။ အဲဒီနှစ်ချက် မပြည့်စုံရင် နိုင်ငံရေးအရ တရားဥပဒေစိုးမိုးမှုမရှိဘူးလို့ ယူဆကြပါတယ်။

ဒါကြောင့် ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်တဲ့နေရာမှာ ကျွန်တော်တို့အားလုံးဟာ နိုင်ငံတော်ရဲ့ တည်ဆဲဥပဒေတွေကို လေးစားလိုက်နာဖို့လိုပါတယ်။ အားလုံးသဘောတူညီထားတဲ့ သဘောတူညီချက်တွေအပေါ် အလေးထားဖို့လိုပါတယ်။ တစ်ဖက်ကလည်း နိုင်ငံရေးအရတည်ငြိမ်မှု၊ လုံခြုံရေးအရတည်ငြိမ်မှုတွေကို ခိုင်ခိုင်မာမာတည်ဆောက်ကြရမှာဖြစ်ပါတယ်။ တော်လှန်ရေးဆိုတာ အဟောင်းတွေကို ဖျက်သိမ်းနိုင်ရင် ပြီးပြီလို့ယူဆနိုင်မှာဖြစ်ပေမယ့် တည်ဆောက်ခြင်းဆိုတာ အဟောင်းတွေကို မွမ်းမံနိုင်ခြင်း၊ ထိန်းသိမ်းသင့်တာတွေကို ထိန်းသိမ်းနိုင်ခြင်းနဲ့ အသစ်တွေကို တည်ဆောက်နိုင်ခြင်းဖြစ်တယ်ဆိုတာကို မှတ်ယူရမှာဖြစ်ပါတယ်။ ဒ့ါကြောင့်လည်း ယနေ့ကမ္ဘာမှာ လက်တွေ့ကျင့်သုံးနေရတာက ပြုပြင်ပြောင်းလဲခြင်း၊ တော်လှန်ခြင်း (Revolution) ဆိုတာထက် တည်ဆောက်ခြင်း (Building) ဆိုတာဖြစ်ကြောင်း သတိချပ်စေလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်တော် တိုက်တွန်းပြောကြားလိုတာကတော့-

- တိုင်းရင်းသား ညီအစ်ကိုမောင်နှမများရဲ့ အခွင့်အရေးကို အပြည့်အဝ အာမခံချက်ပေးထားတဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုတဲ့ ဘောင်ထဲကသာမကြည့်ဘဲ ပိုမိုကျယ်ပြန့်တဲ့ အမြင်နဲ့ကြည့်ပြီး အချိန်မဆိုင်းဘဲ အားလုံးပါဝင် ဆောင်ရွက်သွားကြပါ။
- ပြည်သူ့ဆန္ဒဖြစ်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို နိုင်ငံသားတိုင်း လက်ခံယုံကြည်ပြီး ဒီမိုကရေစီဖော်ဆောင်မှုအပါအဝင် လုပ်ငန်းဆောင်ရွက်မှုအားလုံးကို ဥပဒေနှင့်အညီ ကျင့်သုံးလိုက်နာလုပ်ဆောင်သွားကြပါ။
- ပြည်သူတွေရဲ့ မျှော်လင့်ချက်၊ ပြည်သူတွေရဲ့ ဆန္ဒဖြစ်တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနက်ကို အခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်ရာမှာ တရားမျှတမှု၊ လွတ်လပ်မှု၊ ညီမျှမှုတွေအပေါ်မှာအခြေခံပြီး အမျိုးသားအကျိုးစီးပွားဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါး အပေါ် ရှေးရှုဆောင်ရွက်သွားကြပါလို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

# ကုလသမဂ္ဂအဖွဲ့မှ မြန်မာနိုင်ငံအပေါ်ထားရှိသည့် သဘောထားများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၁၅**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂ၏ နိုင်ငံရေးဌာနဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ် Mr . Jeffery Feltman နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ရခိုင်အရေးကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံအပေါ် ကမ္ဘာက မှန်ကန်စွာရှုမြင်ရေးဆိုင်ရာကိစ္စရပ်များ၊ ငြိမ်းချမ်းရေးနှင့် ရခိုင်အရေးကိစ္စများကို အကောင်းဆုံးဖြေရှင်းဆောင်ရွက်ရန်အတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်နေသည့် အခြေအနေများ၊ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများက မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ကုလသမဂ္ဂအဖွဲ့မှ မြန်မာနိုင်ငံအပေါ်ထားရှိသည့် သဘောထားများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်အတွင်း ရေတို၊ ရေရှည်လုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော်ရေး ကွင်းဆင်းဆောင်ရွက်

စစ်တွေ အောက်တိုဘာ ၁၅

**ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ ကော်မတီဝင်များဖြစ်ကြသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများသည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်ပါ အဓိကလုပ်ငန်းစဉ် (၃) ရပ် လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရခိုင်ပြည်နယ်အတွင်း မြေပြင်ကွင်းဆင်းညှိနှိုင်းဆောင်ရွက်သည်။**

အဆိုပါအဖွဲ့သည် ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၂ ရက်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပြည်သူသို့ တင်ပြချက်ပါ အဓိကလုပ်ငန်းစဉ် (၃) ရပ်ဖြစ်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထိထိရောက်ရောက်ပေးအပ်ရေးနှင့် ဒုက္ခသည်များပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည် ထူထောင်ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်ပငြိမ်ကွာကင်းဝေးရေးတို့ကို လျင်မြန်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၄ ရက်က အင်းမော်-မောင်တောလမ်းတစ်လျှောက် ကျေးရွာများ၏ အခြေအနေ၊ လမ်းတံတားများ ပြန်လည်အဆင့်မြှင့်တင်ရန်နှင့် တိုးချဲ့ဖောက်လုပ်ရန် လိုအပ်မှုအခြေအနေ၊ မြို့ရွာများ စနစ်တကျ အကွက်ချတည်ဆောက်ရန် လိုအပ်မှုအခြေအနေနှင့် ဆက်သွယ်ရေးတာဝါတိုင်ကွန်ရက်များ အခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် သွားရောက်ကြည့်ရှုကြသည်။



ညနေပိုင်းတွင် မောင်တောခရိုင်အုပ်ချုပ်ရေးမှူးရုံး၌ ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ ဝန်ကြီးဌာနများ၏ လတ်တလော ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးရာ မောင်တောခရိုင်အုပ်ချုပ်ရေးမှူးက လတ်တလော စားသောက်နေထိုင်ရေးအတွက် နှစ်ဖက်အဖွဲ့အစည်းများအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထောက်ပံ့ဆောင်ရွက်ပေးထားမှုနှင့် အပတ်စဉ် အလိုက်၊ လအလိုက် ဆက်လက်ထောက်ပံ့မည့် အစီအစဉ်များ ဆောင်ရွက်ထားမှု၊ မကြာမီရိတ်သိမ်းရတော့မည့် စပါးများ ရိတ်သိမ်းရေးနှင့် ရိတ်သိမ်းခြွေလှေ့စက်များ၊ သိုလှောင်ထိန်းသိမ်းရန်နေရာများ စီစဉ်ဆောင်ရွက်ထားရှိမှု၊ မွေးမြူရေးကဏ္ဍ၌ ထိန်းကျောင်းမဲ့တိရစ္ဆာန်များ လတ်တလော ထိန်းသိမ်းစောင့်ရှောက်မည့်အစီအမံ၊ လမ်းတံတားများ ဖောက်လုပ်မည့် အခြေအနေနှင့် ကျေးရွာများ အကွက်ချဆောင်ရွက်မည့် ပုံစံတို့ကိုလည်းကောင်း၊ သက်ဆိုင်ရာခရိုင် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် စီမံထားရှိမှုများကို လည်းကောင်း၊ ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့က လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဆောင်ရွက်ထားရှိမှုတို့ကို လည်းကောင်း တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ လမ်းတံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က တင်ပြဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံတို့က ဒေသအတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် မိမိတို့ နယ်မြေဒေသအကြောင်းကို ပိုမိုသိရှိနားလည်ကြသည့် အတွက် ဒေသ၏အမှန်တကယ်လိုအပ်မှု၊ ကဏ္ဍအလိုက် အမှန်တကယ် ဆောင်ရွက်သင့်သည့်လုပ်ငန်း၊ လိုအပ်မည့် ငွေကြေးအရင်းအနှီး၊ စက်ယန္တရား၊ လုပ်သားအင်အား စသည်တို့ကို မှန်ကန်ပွင့်လင်းစွာ တင်ပြဆောင်ရွက်ပေးကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့ အနေဖြင့်လည်း လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ပိုမိုတိုးမြှင့်ပေးစေလိုကြောင်းနှင့် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဒေသခံပြည်သူများအတွက် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့ပူးပေါင်း၍ အချိန်တိုအတွင်း တည်ဆောက်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်း၌ ဝန်ကြီးဌာနအလိုက် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများကိုလည်း လုံခြုံချမ်းမြေ့စွာနေထိုင် တာဝန်ထမ်းဆောင်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြပါရန် ဆွေးနွေးမှာကြားခဲ့သည်။

အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံတို့သည် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မောင်တောမြို့မှ တောင်ပြိုလက်ဝဲမြို့သို့ သွားရောက်၍ လမ်းတစ်လျှောက် လမ်းပြုပြင်ရမည့် အခြေအနေများနှင့် လမ်းပိုင်းများ ပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုကြသည်။

ထို့နောက် တောင်ပြိုလက်ဝဲမြို့ရှိ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ် တံတား **(ဝဲပုံ)** ဝင်ပေါက်အနီးတွင် ပြန်လည်လက်ခံရေးစခန်း ဖွင့်လှစ်နိုင်မည့်နေရာ၊ စိစစ်ဆောင်ရွက်နိုင်မည့် အခြေအနေ၊ ယာယီနေထိုင်ရေးစခန်းသို့ ပို့ဆောင်နိုင်မည့် လမ်းပန်းဆက်သွယ်ရေး အခြေအနေ၊ လမ်းခရီးတစ်လျှောက် တယ်လီဖုန်းဆက်သွယ်ရေးကွန်ရက် ပြတ်တောက်နေမှုများကို စီစဉ်ဆောင်ရွက်နိုင်မှု အခြေအနေများကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် လမ်းခရီးတွင် လောင်းဒုံလမ်းဆုံ၌ တိုင်းရင်းသားများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ မိသားစုသုံးပစ္စည်းများ၊ တစ်ကိုယ်ရေသုံး သန့်ရှင်းရေးပစ္စည်းများ၊ ငါးသေတ္တာနှင့် အစားအစာများ ဖြန့်ဝေထောက်ပံ့နေမှုကို ဝင်ရောက်အားပေးကြည့်ရှုပြီး တိုင်းရင်းသားများ၏ လိုအပ်ချက်များကို မေးမြန်းကာ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၈ မှ*

ဖော်ပြထားတဲ့အတိုင်း သုံးလတစ်ကြိမ် ပုံမှန်ကျင်းပပေးရန် လိုအပ်တဲ့အကြောင်း အလေးထားတင်ပြချင်ပါတယ်။ ဒီအားနည်းချက်အားလုံးကို ကျွန်တော်တို့ အမြန်ဆုံးပြင်ဆင်ရန်လိုအပ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုတာက နှစ်ပေါင်း (၇၀) နီးပါးကြာမြင့်နေပြီဖြစ်သော ပြည်တွင်းစစ်ကြီးကို ချုပ်ငြိမ်းစေပြီး၊ ၁၉၄၇ ပင်လုံညီလာခံမှာ မျှော်မှန်းခဲ့သည့်အတိုင်း ပြည်ထောင်စုကြီးကို ပြန်လည်ထူထောင်ရေးဟာ ကျွန်တော်တို့အားလုံးရဲ့ အဓိကပန်းတိုင်ဖြစ်ပါတယ်။ ဒီပန်းတိုင်ကို ချီတက်တဲ့နေရာမှာ NCA စာချုပ်မှာပါတဲ့ နိုင်ငံရေးလမ်းပြ မြေပုံအတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်ခြင်းသာလျှင် အကောင်းဆုံးနည်းလမ်းဖြစ်ပြီး ပါဝင်သင့်သူများ အားလုံးပါဝင်သော နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရန် လိုအပ်ပါတယ်။ ဒါကြောင့် နိုင်ငံရေးပြဿနာများကိုနိုင်ငံ ရေးနည်းနဲ့ ငြိမ်းချမ်းစွာ အဖြေရှာနိုင်ရေးအတွက် NCA စာချုပ်ပါ သဘောတူညီချက်အတိုင်း တန်းတူရည်တူ ပူးတွဲအကောင်အထည်ဖော်နိုင်ရေးသည် တစ်ခုတည်းသော လမ်းကြောင်းဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။ ။

● *ကျောဖုံးမှ*

အခုလိုကူညီပေးတာဟာ အာဆီယံနိုင်ငံတွေရဲ့ ကောင်းမွန်တဲ့ အစဉ်အလာတစ်ခုပါပဲ။ ကျွန်တော်တို့ အနေနဲ့ကတော့ ရခိုင်ပြည်နယ် အစိုးရနဲ့ချိတ်ဆက်ပြီး ဒီပစ္စည်းတွေကို ရခိုင်ပြည်နယ်အတွင်းက နေရပ်စွန့်ခွာပြည်သူတွေ လက်ဝယ်အရောက် အမြန်ဆုံး ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်”ဟု ယနေ့ရောက်ရှိလာသော ဒီပစ္စည်းများနှင့်ပတ်သက်၍ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းရွှေက ပြောကြားသည်။

ယနေ့ရောက်ရှိလာသော ပစ္စည်းများတွင် မိသားစုသုံးပစ္စည်းများဖြစ်သော မီးဖိုချောင်သုံးပစ္စည်းများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများ၊ ရွက်ဖျင်တဲများပါဝင်ပြီး အဆိုပါ ပစ္စည်းများကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနအနေဖြင့် ရခိုင်ပြည်နယ်သို့ အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ကာ သက်ဆိုင်ရာအစိုးရအဖွဲ့နှင့် ချိတ်ဆက်၍ အခက်အခဲကြုံတွေ့နေသည့် ဒေသခံပြည်သူများ၏ လက်ဝယ်အရောက်ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

အာဆီယံလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးညှိနှိုင်းမှု ဗဟိုဌာန (AHA Centre) အနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၄၄၄၈၆၆ ဒသမ ၇၅ တန်ဖိုးရှိ မိသားစုသုံးပစ္စည်းများဖြစ်သော မီးဖိုချောင်သုံးပစ္စည်းများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများ၊ ရွက်ဖျင်တဲများ၊ လျှပ်စစ်ဖြန့်ဖြူးရေးပစ္စည်းများနှင့် မီးစက်အကြီး နှစ်လုံး၊ မီးစက်ဆက်စပ်ပစ္စည်းများကို ထောက်ပံ့ပေးရာ အဆိုပါပစ္စည်းများကို ကုန်တင်လေယာဉ်ဖြင့် အောက်တိုဘာ ၁၃ ရက်က ပို့ဆောင်ခဲ့သည့်အပြင် ယနေ့တွင် ကျန်ရှိနေသော ပစ္စည်းများကို ဆက်လက်ပို့ဆောင်ခြင်းဖြစ်ကြောင်းသိရသည်။

“အောက်တိုဘာ ၁၃ ရက်တုန်းကလည်း အခုလို ကုန်တင်လေယာဉ်နဲ့ ပစ္စည်းတွေ တစ်ကြိမ်ရောက်ရှိလာခဲ့ပါသေးတယ်။ လေယာဉ်တစ်စင်းမှာ ကုန်ပစ္စည်း အလေးချိန်တန် ၄၀ စီ ပါပါတယ်။ ပထမလေယာဉ်နဲ့ပါရှိတဲ့ ပစ္စည်းတွေကိုတော့ ကုန်တင်ယာဉ် ငါးစီးနဲ့ ရခိုင်ပြည်နယ်ကိုပို့ဆောင်နေပါပြီ။ ဒီနေ့ ရောက်ရှိလာတဲ့ ကုန်ပစ္စည်းတွေကိုလည်း ကုန်တင်ယာဉ်တွေနဲ့ တင်ဆောင်ပြီး ရခိုင်ပြည်နယ် စစ်တွေမြို့ကို ပို့ဆောင်သွားမှာပါ”ဟု တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းရွှေက ဆိုသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာ ပြည်သူများအတွက် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့တွင် အလှူငွေလက်ခံရေးဌာနများကို ဖွင့်လှစ်၍ အလှူငွေများကို လက်ခံပေးလျက်ရှိကြောင်း သိရသည်။

# ကိုယ်လိုချင်တဲ့ နိုင်ငံရေးရည်မှန်းချက်ကို အစိုးရနဲ့ တပ်မတော်နဲ့ ဆွေးနွေးခွင့်ရနေတယ်ဆိုတာ အကြီးမားဆုံးအကျိုးအမြတ်ပါပဲ

ခွန်ဥက္ကာ (ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်)

**တွေ့ဆုံမေးမြန်း - အောင်ရဲသွင်၊ မျိုးသူဟိန်း၊ ဇင်ဦး၊ ခြူးစန္ဒီနွေး၊ ကျော်ထိုက်စိုး၊ ဓာတ်ပုံ - အေးသန်း၊ ကျော်ရဲဆွေ၊ သုတ**



ခွန်ဥက္ကာ (ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ်)



ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း (ချင်းအမျိုးသားတပ်ဦး)



ဒေါ်စောမြရာဇာလင်း (ရခိုင်ပြည်လွတ်မြောက်ရေးပါတီ)



ပဒိုစောကွယ်ထူးဝင်း (ကရင်အမျိုးသားအစည်းအရုံး)



မစ္စတာ ဆွန်းကော်ရှန် အာရှရေးရာ အထူးသံတမန်

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း (၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာလ ၁၅ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန -၁ ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ တက်ရောက်လာကြသူများအနက် အချို့ကို တွေ့ဆုံ၍ မေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**ခွန်ဥက္ကာ (ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်)**

NCA လက်မှတ်ရေးထိုးခဲ့တာ နှစ်နှစ်ပြည့်တဲ့အလျောက် ထိုက်သင့်တဲ့ တိုးတက်အောင်မြင်မှုတွေ ရှိပါတယ်။ တချို့က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ ပျက်နေပြီဆိုတဲ့ သဘောမျိုးပြောတာတွေရှိပါတယ်။ ဒီလိုပြောဆိုမှုတွေ မဟုတ်ဘူးဆိုတာ (၂)နှစ်မြောက် နှစ်ပတ်လည်နေ့ဟာ သက်သေပြတာပါ။ တစ်နှစ်ပြီးတစ်နှစ် နှစ်ပတ်လည်အခမ်းအနား ကျင်းပတယ်ဆိုတာကလည်း အသိအမှတ်ပြုတယ်၊ ဂုဏ်ပြုတယ်၊ ဒါကို ဦးစားပေးတယ်၊ လက်ရှိအစိုးရကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မမေ့မလျော့ဘဲနဲ့ ဦးစားပေးတယ်ဆိုတာ သက်သေပြတဲ့ အနေနဲ့ ကျင်းပတာပါ။

NCA မှာပါတဲ့ လမ်းပြမြေပုံခုနစ်ချက်ရှိတယ်။ ဒီခုနစ်ချက်မှာ လမ်းပြမြေပုံအဆင့် ၄ က ဒီနှစ်ထဲမှာ ရောက်လာပြီးတော့ နောက်ဆုံး မေလ ၂၄ ရက် (၂၁) ရာစုပင်လုံမှာ လမ်းပြမြေပုံ အဆင့်ငါးကို ကူးလိုက်တယ်။ ဒါပေမယ့် အပြည့်အဝတော့ မရောက်သေးဘူးပေါ့။ လမ်းပြမြေပုံ အဆင့် ၅ က ပြည်ထောင်စုစာချုပ်ချုပ်ဆိုခြင်းပေါ့။ လမ်းပြမြေပုံ အဆင့် ၅ က ကျွန်တော်ထင်တာတော့ ၂၀၁၈ လောက်မှာ ပြီးသွားနိုင်ပြီးတော့ ပြည်ထောင်စုစာချုပ်ရပြီးနောက်ပိုင်းမှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေကိစ္စတွေ ပါလာမယ်၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက်လမ်းညွှန်မှုတွေချမှတ်တာ ပါလာမယ်။

NCA လက်မှတ်ရေးထိုးခဲ့တာ နှစ်နှစ်ပြည့်တဲ့ အပေါ်မှာ လက်မှတ်ရေးထိုးခဲ့တဲ့ အဖွဲ့တွေအနေနဲ့ အကျိုးခံစားခွင့်ရတာက နိုင်ငံရေးဆွေးနွေးပွဲတွေ ကျင်းပခွင့်ရတာပေါ့။ ဒီလိုကျင်းပခွင့်ရတဲ့အတွက် ကျွန်တော်တို့ဟာ ကိုယ်လိုချင်တဲ့ နိုင်ငံရေးအတွေးအခေါ် မူဝါဒတွေကို ပြည်သူလူထုကို သော်လည်းကောင်း၊ ကိုယ့်လူမျိုးအချင်းချင်းသော် လည်းကောင်း၊ အဖွဲ့အစည်းတွေကြားမှာသော်လည်းကောင်း ဆွေးနွေးတင်ပြနိုင်တာပေါ့။ အထူးသဖြင့် ကိုယ်လိုချင်တဲ့ နိုင်ငံရေးရည်မှန်းချက်ကို အစိုးရနဲ့၊ တပ်မတော်နဲ့ ဆွေးနွေးခွင့်ရနေတယ်ဆိုတာ အကြီးမားဆုံးအကျိုးအမြတ်ပါပဲ။

**ဒေါ်စောမြရာဇာလင်း (ရခိုင်ပြည်လွတ်မြောက်ရေးပါတီ)**

NCA လက်မှတ်ရေးထိုးခဲ့တာ နှစ်နှစ်ကိုတော့ရောက်ခဲ့ပြီပေါ့။ ဒါပေမယ့် NCA အတိုင်း အားလုံးဖြစ်ပြီလားဆိုတော့ မဖြစ်သေးဘူး။ NCA အတိုင်း သွားတဲ့ခရီးလမ်းကြောင်းကို အားရကျေနပ်မှု မရှိသေးဘူး။ အလုပ်တစ်ခုကို အောင်အောင်မြင်မြင် ဖြောင့်ဖြောင့်ဖြူးဖြူးသွားမယ်ဆိုရင် Frame work ကို အတည်လုပ်ဖို့လိုတယ်။ ရှေ့ဆက်ပြီးတော့ လုပ်ဖို့ကြိုးစားနေတယ်။ ဒီ NCA ကို ဘယ်လိုမှ အတိမ်းအစောင်း မခံနိုင်တဲ့အတွက် ကြိုးစားနေကြပါတယ်။ NCA ကြီး မပျက်စီးဘဲနဲ့ ရှေ့ကို ခရီးဆက်ဖို့အတွက် အစိုးရ၊ တပ်မတော်အပါအဝင် အားလုံးသော ပုဂ္ဂိုလ်များက စိတ်ဆန္ဒရှိရှိနဲ့ ကိုယ်စိတ်နှလုံးက တကယ့်ကို ခံယူချက်ရှိရှိနဲ့ NCA ကို စောင့်ရှောက်ဖို့ လိုအပ်ပါတယ်။

**ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း (ချင်းအမျိုးသားတပ်ဦး)**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) စာချုပ်ကို လက်မှတ်ရေးထိုးတာ နှစ်နှစ်ပြည့်ပါပြီ။ ဒီနှစ်နှစ်တာအတွင်းမှာ အောင်မြင်မှုတွေများစွာ ရရှိပါတယ်။ NCA စာချုပ်ကို လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေမှာ ပစ်ခတ်တိုက်ခိုက်မှုတွေနဲ့ တိုက်ပွဲအရှိန်ကို ၈၀ ကနေ ၈၅ ရာခိုင်နှုန်းလောက်ထိ လျော့ချနိုင်ပါတယ်။ ဒါဟာ အတော်လေး ကြီးမားတဲ့အောင်မြင်မှုလို့ ပြောလို့ရပါတယ်။ တချို့နေရာတွေမှာ တိုက်ပွဲတွေ ရှိနေသေးတယ်ဆိုပေမယ့် ဒီလိုတိုက်ပွဲတွေရှိရင် NCA စာချုပ်မှာပါတဲ့အတိုင်း ပူးတွဲစောင့်ကြည့်ရေးကော်မတီကနေ ချက်ချင်းဆောင်ရွက်လို့ရတယ်ဆိုတာတွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် NCA စာချုပ်ချုပ်ဆိုတယ်ဆိုတာ ပြည်ထောင်စုကြီးအတွက်၊ ပြည်သူလူထုတစ်ရပ်လုံးအတွက် အလွန်အကျိုးရှိတဲ့ လုပ်ငန်းဖြစ်တယ်လို့ ပြောချင်ပါတယ်။

NCA စာချုပ်ကို ချုပ်ဆိုနိုင်တဲ့အတွက် နှစ်(၆၀)နီးပါးကြာပြီဖြစ်တဲ့ ပြည်တွင်းစစ်ကို အဆုံးသတ်ချုပ်ငြိမ်းစေရေး ကျွန်တော်တို့ အဖြေရှာနိုင်ပါတယ်။ အဲ့ဒါကို နိုင်ငံရေးနည်းနဲ့ အဖြေရှာနိုင်မှာဖြစ်ပါတယ်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းရေးဟာ ကျွန်တော်တို့ရဲ့လမ်းစဉ်ဖြစ်ပါတယ်။ NCA စာချုပ်ချုပ်ဆိုပြီးတဲ့နောက်ပိုင်း ကျွန်တော်တို့အနေနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ကို ဖွဲ့စည်းပြီးတော့ နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်တွေကို ကျင်းပနေပါတယ်။ ကျင်းပတဲ့အခါမှာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို ခြောက်နေရာမှာ ကျင်းပနိုင်ခဲ့ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံကိုလည်း သုံးကြိမ်ကျင်းပနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ပြည်ထောင်စုသဘောတူစာချုပ်ကိုလည်း ချုပ်ဆိုနိုင်ခဲ့ပါတယ်။ ဒါဟာ ကျွန်တော်တို့ NCA စာချုပ်မှာပါတဲ့ နိုင်ငံရေးလမ်းပြမြေပုံအဆင့် ၅ ကို ရောက်ရှိနိုင်ပြီဖြစ်ပါတယ်။

ဒီအတိုင်းကျွန်တော်တို့ ဆက်ပြီးဆောင်ရွက်မယ်ဆိုရင် ဒီတိုင်းပြည်မှာ ငြိမ်းချမ်းရေး အစစ်အမှန်ရမယ်၊ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးကိုလည်း ကျွန်တော်တို့ ဆောင်ရွက်နိုင်မှာ ဖြစ်တယ်လို့ ပြည်သူလူထုတစ်ရပ်လုံးကို သတင်းကောင်းပါးလိုက်ပါတယ်။ အဲဒီအတွက်လည်း ကျွန်တော်တို့ ဆက်ပြီးကြိုးစားမယ်၊ လုပ်စရာတွေလည်း အများကြီးရှိသေးတယ်၊ စိန်ခေါ်မှုတွေလည်း အများကြီးရှိသေးတယ်။ ဒီနေ့ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုမှာ အကြီးမားဆုံးကတော့ နိုင်ငံရေးအရမဟုတ်ဘဲ နည်းပညာအရ၊ လုပ်နည်းလုပ်ဟန်အရပဲ ဖြစ်ပါတယ်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေထဲမှာ တချို့သော အဖွဲ့အစည်းတွေက NCA စာချုပ်ကို လက်မှတ်ထိုးခြင်းမရှိသေးဘူး။ ငြိမ်းချမ်းရေးဆွေးနွေးပွဲ နိုင်ငံရေးဆွေးနွေးပွဲမှာ မပါသေးဘူး။ ဒါကို ကျွန်တော့်အနေနဲ့ အလေးထားပြီး ဖိတ်ကြားချင်ပါတယ်။ ဒီတိုင်းပြည်မှာ ငြိမ်းချမ်းရေး တကယ် ဆောင်ရွက်မယ်ဆိုရင် ဒီတိုင်းပြည်ရဲ့ ပြည်တွင်းစစ်ကို တကယ်ချုပ်ငြိမ်းစေချင်တယ်ဆိုရင်၊ ဒီတိုင်းပြည်ကို ဒီမိုကရေစီရေး အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်စတဲ့အခွင့်အရေး အပြည့်အဝရှိတဲ့ ပြည်ထောင်စုနဲ့ ထူထောင်ချင်တယ်ဆိုရင် NCA လမ်းကြောင်းကလွဲရင် တခြားလမ်းကြောင်းမရှိပါဘူး။

**ပဒိုစောကွယ်ထူးဝင်း (ကရင်အမျိုးသားအစည်းအရုံး)**

တိုးတက်မှုအများကြီးရှိလာတယ်လို့ ပြောလို့ရပါတယ်။ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပြီးတဲ့နောက်ပိုင်းမှာ JMC လည်း ဖွဲ့စည်းနိုင်ခဲ့တယ်။ ပစ်ခတ်တိုက်ခိုက်မှုကိုလည်း လျော့ချနိုင်ခဲ့တယ်လို့ ပြောလို့ရပါတယ်။ နိုင်ငံရေးဆွေးနွေးမှုကို ကြီးကြပ်နိုင်ဖို့အတွက် UPDJC ကိုလည်း ဖွဲ့စည်းနိုင်ခဲ့တယ်။ စိန်ခေါ်မှုတွေတော့ ရှိနေတာပေါ့။ လက်နက်ကိုင်ပဋိပက္ခတွေက နှစ်ပေါင်း ၆၀ ကျော်ဖြစ်နေတဲ့အတွက် နှစ်နှစ်တာကာလအတွင်းမှာ အကုန်လုံးဖြေရှင်းဖို့အတွက် ယုံကြည်မှုအပိုင်းတွေ တည်ဆောက်ရမယ်။

ကျွန်တော်တို့ နားလည်သလောက်ဆိုရင် လက်မှတ်မရေးထိုးရသေးတဲ့ အဖွဲ့အစည်းတွေက NCA အပေါ်မှာ ငြင်းပယ်တာမဟုတ်ပါဘူး။ ညှိနှိုင်းလို့ မပြီးပြတ်သေးတဲ့အပေါ်မှာ လက်မှတ်မရေးထိုးနိုင်တာရှိမယ်လို့ ကျွန်တော်နားလည်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခလျော့ချနိုင်ပေမယ့်လည်း ဖြစ်ပွားမှုတော့ ရှိနေသေးတယ်။ တဖြည်းဖြည်းချင်းတော့ အကောင်အထည်ဖော်လို့ရနိုင်မယ့် ကိစ္စလည်းဖြစ်ပါတယ်။ ယုံကြည်မှုကလည်း ချမှတ်တဲ့စည်းကမ်းလိုက်နာမှုအပေါ်မှာလည်း မူတည်ပါတယ်။ နှစ်နှစ်ပြည့် အခမ်းအနားပြီးတဲ့နောက်မှာ ဆက်လက်ပြုပြင်ဆောင်ရွက်သွားမယ်ဆိုရင် တိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။

**ဦးအောင်ကြည်**
**(ငြိမ်းချမ်းရေးကော်မရှင်အကြံပေးအဖွဲ့ခေါင်းဆောင်)**

ကျွန်တော်တို့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က စိတ်ပျက်နေလို့ရတဲ့ကိစ္စမျိုးမဟုတ်ပါဘူး။ အမြဲတမ်းအားထုတ်ပြီး မဖြစ်မနေလုပ်မယ်လို့ သန္နိဋ္ဌာန်စိတ်မျိုးနဲ့ လုပ်နိုင်မှ အောင်မြင်မှုရနိုင်မယ်လို့ ယူဆပါတယ်။ ကျွန်တော်တို့ မျှော်လင့်တဲ့ ငြိမ်းချမ်းရေးက အပြုသဘောဆောင်တဲ့ ငြိမ်းချမ်းရေးပါ။ အနာဂတ်ကာလမှာ တိုင်းပြည်တစ်ပြည်လုံး အေးအေးချမ်းချမ်းနဲ့ အကြမ်းနည်းနဲ့ အရေးယူဆောင်ရွက်မှုတွေမရှိဘဲနဲ့ အားလုံးက တန်းတူညီမျှ အနေအထားမျိုးနဲ့ အတူတကွ ယှဉ်တွဲပြီးတော့ နေထိုင်သွားနိုင်တဲ့ ငြိမ်းချမ်းရေးကို ဆောင်ရွက်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးက နှုတ်သဘောဆောင်တဲ့ငြိမ်းချမ်းရေးအတွက်တော့ အကောင်အထည်ဖော်ရတာ လွယ်ပါတယ်။ အပြုသဘောဆောင်တဲ့ ငြိမ်းချမ်းရေးအတွက်ကျတော့ ရည်မှန်းချက်ကလည်းကြီးတယ်။ လုပ်ငန်းစဉ်ကလည်း တာရှည်ပါတယ်။ ဒါကြောင့် အချိန်ယူပြီး စိတ်ရှည်လက်ရှည်နဲ့ ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။

ထို့အပြင် အခမ်းအနားသို့ တက်ရောက်လာသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အာရှရေးရာ အထူးသံတမန် မစ္စတာ ဆွန်းကော်ရှန်အား မြန်မာ့ငြိမ်းချမ်းရေးအလားအလာနှင့် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တရုတ်နိုင်ငံ၏ ပံ့ပိုးကူညီမှုနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့ရာ -

**မေး။ ။ မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးဖြစ်စဉ်မှာ တရုတ်နိုင်ငံရဲ့ ပံ့ပိုးကူညီပေးနေတဲ့ အပိုင်းကို သိလိုပါတယ်။**

ဖြေ။ ။ ပထမဆုံးအနေနဲ့ပြောချင်တာကတော့ ဒီတစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း နှစ်နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ကျွန်တော်တို့ တက်ရောက်ခြင်းက တရုတ်နိုင်ငံအစိုးရက မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ထောက်ပံ့ကူညီမှုကို ဖော်ပြနေခြင်းဖြစ်ပါတယ်။ တရုတ်နိုင်ငံအစိုးရက မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ် အနာဂတ်မှာ ကောင်းမွန်တဲ့ အလားအလာတွေရှိတယ်လို့ ယုံကြည်ထားပါတယ်။ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပြန်ကြည့်မယ်ဆိုရင် အဘက်ဘက်ကတော့ လိုအပ်ချက်၊ တောင်းဆိုချက်တွေ ရှိနေပါတယ်။ မတူညီတဲ့ ထင်မြင်ယူဆချက်အမျိုးမျိုးလည်း ရှိနေပါတယ်။ ဒါပေမယ့် ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်ပတ်သက်နေတဲ့သူ အားလုံးကတော့ ပြည်သူလူထုရဲ့အကျိုးစီးပွား၊ နိုင်ငံရဲ့အကျိုးစီးပွားကို အခြေခံပြီး ဝိုင်းဝန်းပြီးတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို တွန်းအားပေးလုပ်ဆောင်နေတာ တွေ့ရပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုတာ ငြိမ်းချမ်းရေးရထားလမ်းလိုပါပဲ။ ရထားလမ်းတစ်လျှောက်မှာ ဘူတာရုံက အသီးအသီးရှိပေမယ့် နောက်ဆုံးဘူတာ မရောက်သေးဘူးဆိုတော့ ဆက်လက်ပြီးတော့ တွန်းအားပေးဖို့ လိုအပ်နေပါတယ်။ မြန်မာပြည်သူလူထုရဲ့ အကျိုးစီးပွားကို အခြေခံပြီးတော့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်ပတ်သက်သူအားလုံးက ကြိုးစားနိုင်တယ်လို့ တရုတ်နိုင်ငံအစိုးရက မျှော်လင့်ပါတယ်။ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို တွန်းအားပေးဆောင်ရွက်ဖို့ တရုတ်နိုင်ငံဘက်က ကျွန်တော်တို့တတ်နိုင်သလောက် ကူညီပေးပါမယ်။ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်က နောက်ဆုံးမှာတော့ ကောင်းမွန်တဲ့ ရလဒ် အောင်မြင်မှုရရှိမယ်လို့ ကျွန်တော်တို့မျှော်လင့်ပါတယ်။

**မေး။ ။အစိုးရက ငြိမ်းချမ်းရေးဖြစ်စဉ်ကို အကောင်အထည်ဖော်ဆောင်ရာမှာ အဓိကကျတဲ့ အခက်အခဲတွေက ဘာတွေဖြစ်မလဲဆိုတဲ့ တရုတ်နိုင်ငံရဲ့အမြင်ကို သိလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ NCA ကို လက်မှတ်မရေးထိုးသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေလည်း ရှိနေပါသေးတယ်။**

ဖြေ ။ ။ ကျွန်တော်ထင်တာကတော့ တချို့တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေက သူတို့ရဲ့ ငြိမ်းချမ်းရေးအစီရင်ခံစာတွေ၊ NCA အစီရင်ခံစာတွေမှာ သူတို့ရဲ့ တိုက်တွန်းချက်တွေ၊ တောင်းဆိုချက်တွေ ဖော်ပြထားပါတယ်။ မတူညီတဲ့ သဘောထားတွေ ရှိနေပါတယ်။ ဒါပေမယ့် ကျွန်တော်ထင်တာကတော့ NCA လက်မှတ်မထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေလည်း တွေ့ဆုံဆွေးနွေးမှုတွေမှာ ပါဝင်သင့်ပါတယ်။ မတူညီတဲ့ ထင်မြင်ယူဆချက်တွေ ရှိနေပေမယ့် တွေ့ဆုံဆွေးနွေးမှုတွေမှာ သူတို့လည်း ပါဝင်သင့်ပါတယ်။ ဒီလိုထင်မြင်ယူဆချက်တွေ ကွဲလွဲမှုရှိခဲ့တဲ့အတွက် မတူညီတဲ့မျှော်လင့်ချက် ရှိခဲ့တဲ့အတွက် အားလုံးက ပိုမိုပြီး ဝိုင်းဝန်းတွေ့ဆုံဆွေးနွေးဖို့ လိုအပ်ပါတယ်။ အဲဒါက မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ပတ်သက်တဲ့ တရုတ်နိုင်ငံရဲ့ရပ်တည်ချက်ဖြစ်ပါတယ်။ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ခြင်းအားဖြင့် အထင်ကွဲလွဲမှုတွေ၊ ပြဿနာတွေကို ဖြေရှင်းနိုင်မယ်လို့ တရုတ်နိုင်ငံက ယုံကြည်ပါတယ်။ အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကြား အပြန်အလှန်ယုံကြည်မှုတွေ တိုးမြှင့်လာပြီးတော့ တချို့ပြဿနာတွေကို ဖြေရှင်းလာနိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ် ဆက်လက်ပြီးတော့ တက်တက်ကြွကြွနဲ့ တွန်းအားပေးဖို့ ကောင်းမွန်တဲ့ အခြေခံအုတ်မြစ်ကို ချမှတ်နိုင်မှာဖြစ်ပါတယ်။

**မေး။ ။တရုတ်နိုင်ငံရဲ့ အာရှရေးရာ အထူးသံတမန်အနေနဲ့ လက်ရှိအစိုးရလက်ထက်မှာ မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးဖြစ်စဉ် အောင်မြင်မှုရရှိမယ်လို့ ယုံကြည်ပါသလား။**

ဖြေ။ ။ယုံကြည်ပါတယ်။ အစိုးရသစ်လက်ထက်မှာ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အထူးဦးစားပေးလုပ်ဆောင်နေတဲ့အတွက် အောင်မြင်မှုရရှိမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒါပေမယ့် ငြိမ်းချမ်းရေးဖော်ဆောင်ရတာ နက်ရှိုင်းပြီး ခက်ခဲရှုပ်ထွေးတဲ့အတွက် အချိန်ကာလအတိုင်းအတာတစ်ခုတော့ ပေးရမယ်လို့ ထင်ပါတယ်။ ။

# Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine-UEHRD အင်တာနက်စာမျက်နှာ Website စတင် လွှင့်တင်

**နေပြည်တော် အောက်တိုဘာ ၁၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine-UEHRD)၏ အင်တာနက် စာမျက်နှာ Website ကို ယနေ့ စတင် လွှင့်တင်လိုက်သည်။

အင်တာနက်လိပ်စာမှာ http://rakhine.unionenterprise.org/ ဖြစ်ပြီး Donation ပြုလုပ်လိုသူများ ဆက်သွယ်လှူဒါန်းနိုင်မည့် ဘဏ်စာရင်းများကိုလည်း ဖော်ပြထားသည်။

၎င်းစီမံကိန်းအနေဖြင့် ရခိုင်ပြည်နယ်အတွက် အောက်ဖော်ပြပါ အဓိက လုပ်ငန်းစဉ်ကြီး (၃) ခုကို ဆောင်ရွက်သွားမည် ဖြစ်သည်-

လုပ်ငန်းစဉ် (၁) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ထိထိရောက်ရောက် ပေးအပ်ရေးနှင့် ဒုက္ခသည်များ ပြန်လည်လက်ခံရေး။

လုပ်ငန်းစဉ် (၂) ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး။


လုပ်ငန်းစဉ် (၃) ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေး။

ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်း(Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine) တွင် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်တွင်း ပြည်ပနိုင်ငံ အဖွဲ့အစည်းစုံပါဝင်နိုင်မှု၊ ကဏ္ဍစုံ၊ အလွှာစုံ ပါဝင်နိုင်မှု၊ လုပ်ငန်းမျိုးစုံ ဆောင်ရွက်နိုင်မှုတို့အတွက် ရည်ရွယ်ပြီး ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်သည်။

၎င်းစီမံကိန်းတွင် ပြည်သူပြည်သားများ၊ ပြည်တွင်း NGO များနှင့် CSO များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ ပူးပေါင်းပါဝင်ကြရန် မေတ္တာရပ်ခံထားပြီး ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးအတွက် ပံ့ပိုးကူညီပေးရန် ကမ်းလှမ်းထားသည့် နိုင်ငံများ၊ ကုလသမဂ္ဂအေဂျင်စီများ၊ World Bank နှင့် ADB ကဲ့သို့သော ဘဏ္ဍာရေးအဖွဲ့အစည်းများ၊ Nippon Foundation ကဲ့သို့သော INGO အဖွဲ့အစည်းများ နှင့် မိတ်ဆွေနိုင်ငံများ ပါဝင်ကြရန်လည်း ဖိတ်ခေါ်ထား သည်။

**(သတင်းစဉ်)**




# ကော့မှူးမြို့နယ်၌ လူငယ်နှင့်မီဒီယာ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းပြုလုပ်

ရန်ကုန် အောက်တိုဘာ ၁၅

**လူငယ်များ အသိပညာဗဟုသုတ ရရှိစေရန်နှင့် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှုရရှိစေရန် ရည်ရွယ်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ လူငယ်နှင့် မီဒီယာခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ကို ယနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်ရှိ လူမှုအခြေပြုဗဟိုဌာန (Community Center) ၌ ကျင်းပသည်။** (အောက်ပုံ)

ပြည်သူ့စကားဝိုင်းတွင် သဃ်္ချန်းကျွန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ်၊ ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေဝင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်၊ ရန်ကုန်လူငယ်ကွန်ရက်မှ မသဉ္ဇာရွှန်းလဲ့တို့ ပါဝင်ဆွေးနွေးကြပြီး ကော့မှူးမြို့ပေါ်ရှိ ရပ်ကွက်များနှင့် ကျေးရွာများမှ ကျောင်းသားကျောင်းသူ လူငယ်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ပြည်သူ့စကားဝိုင်းတွင် အွန်လိုင်းလူမှုကွန်ရက်များတွင် တွေ့ရသည့် သတင်းများကို အမှားအမှန် ခွဲခြားသိနိုင်ရန်၊ အွန်လိုင်းသုံးစွဲသူများအနေဖြင့် အချိန်၊ ငွေကြေး ကုန်ကျမှုနှင့် ညီမျှပြီး မိမိအတွက်သာမက ပတ်ဝန်းကျင်ကိုပါ အကျိုးရှိရှိ အသုံးပြုတတ်စေရန် နည်းလမ်းများကို ဆွေးနွေးကြသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်သီတာတင်က "ကမ္ဘာမှာရော မြန်မာနိုင်ငံမှာပါ ဆိုရှယ်မီဒီယာကို လူကြီး၊ လူငယ် အရွယ်သုံးပါး မရွေး၊ ကျား/မ မရွေး တွင်တွင်ကျယ်ကျယ်သုံးစွဲနေကြတယ်။လူမှုမီဒီယာထဲမှာ Facebook က လူသိများတယ်။ မြန်မာနိုင်ငံမှာဆိုရင် လူတွေကြည့်လိုက်ရင် ဖုန်းနဲ့ Facebook သုံးနေကြတယ်။ Facebook သုံးနေတဲ့အတွက် အချိန်တွေ ပေးနေရတယ်။ Facebook သုံးဖို့အတွက် ငွေကြေးတွေ စိုက်ထုတ်သုံးစွဲရတယ်။ ဖုန်းပေါ်က စာတွေကို အာရုံစိုက်ကြည့်ရတဲ့အတွက် မျက်စိကျန်းမာရေးလည်း ထိခိုက်တယ်။ ပေးဆပ်မှုတွေနဲ့ ထိုက်တန်တဲ့ သတင်းအချက်အလက်တွေ ရရဲ့လားဆိုတာ စဉ်းစားဖို့ လိုလာတယ်။ ကိုယ့်ဘဝတိုးတက်ဖို့အတွက် တန်ဖိုးရှိတဲ့ သတင်းအချက်အလက်တွေ ရရဲ့လားဆိုတာ ဆန်းစစ်ဖို့ လိုလာတယ်။ ဆိုရှယ်မီဒီယာက ကိုယ့်အတွက်ပဲဖြစ်ဖြစ်၊ စီးပွားရေးပဲဖြစ်ဖြစ်၊ တိုင်းပြည်အတွက်ပဲဖြစ်ဖြစ် တစ်ဦးချင်းအကျိုးစီးပွားတွေကနေ နောက်ဆုံးကြည့်လိုက်ရင် တိုင်းပြည်ရဲ့အကျိုးစီးပွားကို ဖော်ဆောင်နိုင်တဲ့ အကျိုးရှိတဲ့ မီဒီယာတစ်ခုရောက်စေချင်တယ်" ဟု ပြောသည်။

သဃ်္ချန်းကျွန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ်က လူမှုကွန်ရက်မှာ "ကျွန်တော်တို့ဆီမှာ ခေတ်အစားဆုံးက Facebook ပေါ့။ Facebook ကို လူတွေသုံးစွဲမှုများလာတယ်။ တချို့တစ်နေ့တစ်နေ့ ဒါနဲ့ပဲ အချိန်ကုန်နေကြတယ်။ Facebook သုံးတာက ကောင်းပါတယ်။ နည်းပညာကို အားပေးရာရောက်တယ်။ ဒါပေမယ့် အခုတွေ့နေရတာက တစ်လွဲသုံးနေကြတယ်။ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် ပုတ်ခတ်တာတွေ၊ ဘာသာရေး၊ လူမျိုးရေး ပဋိပက္ခတွေ ဖန်တီးတာတွေ တွေ့နေရတယ်။ အဓိကက လူမှုကွန်ရက်သုံးစွဲတဲ့အခါ ဘယ်လိုသုံးစွဲသင့်တယ်။ ဘယ်လိုစိတ် ထားသင့်တယ်။ ဘာတွေသတိထားသင့်တယ်ဆိုတာ ဆွေးနွေးခဲ့တယ်။ နည်းပညာဆိုတာက အတုတွေလည်း အများကြီးလုပ်လို့ရတယ်။ ဒီမှာက အွန်လိုင်းပေါ်တွေ့လိုက်ရင် ယုံလိုက်တာပဲ။ လူမှုကွန်ရက် ဘယ်လိုသုံးစွဲရတယ်။ ဘယ်လိုသတိထားရမယ်ဆိုတာ သိသလောက် တတ်သလောက် မျှဝေခဲ့တယ်" ဟု ပြောသည်။

ပြည်သူ့စကားဝိုင်း ဦးဆောင်ဆွေးနွေးသူများက လူမှုကွန်ရက်များမှတစ်ဆင့် တောင်သူလယ်သမားများအနေဖြင့်လည်း စပါးဈေးနှုန်းများကို လေ့လာလို့ရကြောင်း၊ နည်းပညာအထောက်အကူဖြင့် ကိုယ့်ဘဝ တိုးတက်ရာတိုးတက်ကြောင်းများကို ရှာဖွေနိုင်ကြောင်း၊ တာဝန်ရှိသူများကလည်း နည်းပညာနှင့် ပတ်သက်သည့် သိမှုတတ်မှုများကို ပြည်သူများနားလည်အောင်လုပ်သင့်ကြောင်း၊ ပြည်သူများအနေဖြင့်လည်း နည်းပညာနှင့်ပတ်သက်ပြီး ဒီထက်မက သိအောင်လုပ်ဆောင်သင့်ကြောင်း၊ Facebook သုံးစွဲမှုဖြင့် အချိန်မကုန်ဆုံးစေချင်ကြောင်း ဆွေးနွေးကြသည်။

"အွန်လိုင်းမှာ တချို့က နာမည်ရင်း ဓာတ်ပုံအမှန်မသုံးဘဲ" ငါပြောရင် ဘယ်သူမှမသိပါဘူးဆိုပြီး လက်လွတ်စပယ် ရေးသားကြတယ်။မြန်မာတစ်ယောက်အနေနဲ့ ကြည့်ဖို့၊ ဖတ်ဖို့တောင် မသင့်တဲ့ စကားလုံးတွေ ရေးသား ပြောဆိုနေကြတယ်။ လူကျင့်ဝတ်အရလည်း မကောင်းဘူး။ တာဝန်မဲ့ မလုပ်သင့်ဘူး။ ကိုယ့်ကျင့်ဝတ် ကိုယ်ထိန်းသင့်တယ်။ ကျင့်ဝတ်နဲ့မထိန်းရင် ဥပဒေကရှိနေပြီ။ ဥပဒေနဲ့ထိန်းတာလိုအပ်ပေမယ့် ကျင့်ဝတ်နဲ့ ထိန်းစေချင်တယ်။ အွန်လိုင်းပေါ်မှာ ရေးနေတာက ကိုယ့်သမိုင်း ကိုယ်ရေးနေတာပါ။ ပေါ့ပေါ့တန်တန် မရေးစေချင်ဘူး။ သက်ရောက်မှုက အရေးကြီးတယ်။ ကိုယ့်ကြောင့် လူ့အဖွဲ့အစည်းမှာ အပြောင်းအလဲ အများကြီးဖြစ်သွားနိုင်တယ်။ အများကြီး ဒုက္ခရောက်သွားနိုင်တယ်" ဟု တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ်က ပြောသည်။

ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေဝင်းက "ကျောင်းသားတွေအနေနဲ့ ပညာရေးနဲ့ ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် လေ့လာနိုင်မယ်။ အွန်လိုင်းကို အကျိုးရှိရှိသုံးစေချင်တယ်။ ဘာပဲလုပ်လုပ် စည်းကမ်းဘောင်နဲ့ လုပ်စေချင်တယ်။ အလွန်အကျွံဖြစ်သွားမယ်ဆိုရင် မျက်စိ အမြင်အာရုံကိုပါ ထိခိုက်စေနိုင်တယ်။ မီဒီယာလောကက ကျယ်ပြန့်လာတော့ Facebook ကို တော်တော်များများ သုံးစွဲလာနေကြပြီ။ ဒီအပေါ်မှာ သတင်းအချက်အလက်တွေကိုလည်း အတည်ပြုနိုင်တဲ့၊ စဉ်းစားနိုင်တဲ့၊ တွေးခေါ်တဲ့အမြင် ရှိစေချင်တယ် " ဟု ပြောသည်။

ထို့အတူ ရန်ကုန်လူငယ်ကွန်ရက်မှ မသဉ္ဇာရွှန်းလဲ့က "မြန်မာနိုင်ငံမှာဆိုရင် သတင်းအမှားအမှန်ကို ခွဲခြားသိဖို့ အခက်အခဲတွေရှိကြတယ်။ လက်ရှိသတင်းတစ်ခုကို မယုံခင်တွေးဖို့၊ သတင်းတစ်ခုတက်လာရင် ဟုတ် မဟုတ် တခြားသတင်းဌာနတွေ၊ ဝက်ဘ်ဆိုက်တွေကိုလည်း လေ့လာကြည့်သင့်တယ်။ အွန်လိုင်းပေါ်မှာ ပုဂ္ဂိုလ်ရေးတိုက်ခိုက်တာတွေ လူငယ်တွေအနေနဲ့ ရှောင်ကြဉ်သင့်တယ်။ ဓာတ်ပုံတွေ တင်တဲ့အခါမှာလည်း တခြားလူတစ်ဦးရဲ့ ဂုဏ်သိက္ခာထိခိုက်စေနိုင်တယ်ဆိုတာ အသိတရားကျင့်ဝတ်နဲ့ စောင့်ထိန်းသင့်တယ်ဆိုတာ မျှဝေခဲ့တယ် " ဟု ပြောသည်။

ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ကော့မှူးမြို့နယ် တောင်ပိုင်းရပ်ကွက်မှ ဒသမတန်းကျောင်းသူ မသရဖီခိုင်က "ဆွေးနွေးပွဲတက်ရတဲ့အတွက် Facebook ရဲ့ ကောင်းကျိုးဆိုးကျိုးတွေ သိလာတယ်။ အကျိုးရှိရှိသုံးရင် ကိုယ့်အတွက် ကောင်းကျိုးရှိတယ်ဆိုတာ သိရတယ်။ ဆိုးကျိုးတွေကတော့ တချို့တွေက သူတို့ရဲ့ခံစားချက်တွေတင်ကြတယ်။လူငယ်တွေ ကြည့်ပြီး အတုယူမှားတာ တွေ့ရတယ်" ဟု ပြောသည်။

ထို့အတူ ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ကော့မှူးမြို့နယ် မြို့ကုန်းကျေးရွာမှ မောင်နေလင်းအောင်က "ဆွေးနွေးပွဲတက်ခွင့်ရတဲ့အတွက် Facebook ရဲ့ကောင်းကျိုး၊ ဆိုးကျိုးတွေ သိလာတယ်။ ပညာရေးနဲ့ပတ်သက်ရင် ဘယ်လိုလေ့လာလို့ရတယ်။ နည်းပညာတွေကို ဘယ်လိုလေ့လာလို့ရတယ်ဆိုတာ သိခွင့်ရတယ်။ ရှောင်ရမယ့်အချက်တွေကိုလည်း သိရတယ်" ဟု ပြောသည်။

ပြည်သူများ အသိပညာဗဟုသုတ ရရှိစေရန်နှင့် တစ်ဦးကို တစ်ဦး ချစ်ကြည်ရင်းနှီးမှုရရှိစေရန် ရည်ရွယ်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ပြည်သူ့စကားဝိုင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လူမှုအခြေပြုဗဟိုဌာန (Community Center) ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့ ဆွေးနွေးပွဲမှ သိရသည်။

**သတင်း-မင်းသစ်**(MNA)

**ဓာတ်ပုံ-ဇော်မင်းလတ်**



# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဆိုသည်မှာ ....

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုလွှတ်တော်တွင်လည်း ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်တွင် ကန့်ကွက်သူမရှိ အတည်ပြုထားသော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အပိုဒ် ၂၁ (က) (၂) အရ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ (၁၅-၁၇) ရက်တို့တွင် ကျင်းပသော ပထမအကြိမ် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) က ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်သည်။

UPDJC ကို အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့မှ ကိုယ်စားလှယ် ၁၆ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအစုအဖွဲ့မှ ကိုယ်စားလှယ် ၁၆ ဦး၊ နိုင်ငံရေးပါတီများအစုအဖွဲ့မှ ကိုယ်စားလှယ် ၁၆ ဦး စုစုပေါင်း ၄၈ ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသည်။

UPDJC ၏ အဓိကတာဝန်များမှာ NCA စာချုပ်အပိုဒ်(၂၁)(က) အပိုဒ်ခွဲ (၂)အရ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို ရေးဆွဲခြင်းနှင့် နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်ကို ကြီးကြပ်လမ်းညွှန် တာဝန်ခံရန် ဖြစ်သည်။

NCA စာချုပ် အပိုဒ်(၂၁)(ခ)အရ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို NCA စာချုပ်လက်မှတ်ရေးထိုးပြီးသည့်အချိန်မှစ၍ ရက်ပေါင်း ၆၀ အတွင်း ရေးဆွဲရန် တာဝန်ပေးထားသည့်အတွက် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၄ ရက်တွင် ကျင်းပသော UPDJC ဒုတိယအကြိမ်အစည်းအဝေးက အစုအဖွဲ့(၃)ဖွဲ့မှ ကိုယ်စားလှယ် ရှစ်ဦးပါဝင်သော နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် မူကြမ်းရေးဆွဲရေးကော်မတီ (FPDDC)အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး နိုင်ငံရေးဆွေးနွေးမှု မူဘောင်ဆိုင်ရာ အခြေခံအချက် (concept) အနေဖြင့် 'ပြောင်းလွယ်ပြင်လွယ်ဖြစ်ရေး' သတ်မှတ်ကာ ရေးဆွဲစေခဲ့သည်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၁၆ ရက်တွင် ကျင်းပသည့် JICM အစည်းအဝေးတွင် (UPDJC) မှ ပြုစုတင်ပြသည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ကို အတည်ပြုနိုင်ခဲ့သည်။ ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ၏ ဒုတိယဥက္ကဋ္ဌ သုံးဦးက နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်အား နိုင်ငံတော်သမ္မတထံ အခမ်းအနားဖြင့် ပေးအပ်ခဲ့သည်။

NCA စာချုပ် အပိုဒ်(၂၁)(ဂ) အရ ရက်ပေါင်း ၉၀ အတွင်း နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများကို စတင်လုပ်ဆောင်ရမည်ဖြစ်သည့်အတွက် အထက်ပါ မူဘောင်အရ ခေါ်ယူကျင်းပသော ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ တွင် ကျင်းပနိုင်ခဲ့သည်။ ညီလာခံတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် ပါဝင်သင့်ပါဝင်ထိုက်သူများ ကိုယ်စားလှယ် စုစုပေါင်း ၆၄၈ ဦး တက်ရောက်ခဲ့သည်။

ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် (၁)ဖက်ဒရယ်စနစ်တွင် အခြေခံသင့်သည့်မူများ (ဒီမိုကရေစီပြည်ထောင်စုနိုင်ငံဆိုင်ရာ ကိစ္စရပ်များ)၊ (၂) ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စများ (IDPs)၊ (၃) အခွန်ကောက်ယူခြင်းနှင့် ပြန်လည်ခွဲဝေခြင်း( Tax and Revenue Sharing)၊ (၄) နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အခြေခံသင့်သည့်မူများ၊ (၅) သဘာဝသယံဇာတဆိုင်ရာ စီမံခန့်ခွဲခြင်းနှင့် ခွဲဝေခြင်းဆိုင်ရာကိစ္စရပ်များ စသည့် အကြောင်းအရာ ခေါင်းစဉ် ငါးခုကို ဆွေးနွေးကာ သဘောထား အနှစ်ချုပ်များကို စုစည်းပြီး ညီလာခံတွင် မှတ်တမ်းတင်နိုင်ခဲ့သည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲရလဒ်အရ အစိုးရသစ် တာဝန်ယူပြီးသည့်နောက်တွင် ၂၀၁၆ ခုနှစ်၊ မေ ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပသော (၆) ကြိမ်မြောက် UPDJC အစည်းအဝေးတွင် အဖွဲ့ဝင် စုစုပေါင်း ၄၈ ဦး ပါဝင်သော UPDJC ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ပြီး ပြန်လည်ပြင်ဆင်ဖွဲ့စည်းနိုင်ခဲ့သည်။

အစိုးရသစ်လက်ထက်တွင် ပြောင်းလွယ်ပြင်လွယ်မှုအရ ရေးဆွဲထားသော နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးကို ၂၀၁၆ ခုနှစ် ဩဂုတ် ၁၁ ရက်မှစတင်ကာ ဆောင်ရွက်ခဲ့သည်။ ပါဝင်သင့် ပါဝင်ထိုက်သူများ အားလုံးပါဝင်လာနိုင်ရေးကို ရှေးရှုပြီး ထိုအစည်းအဝေးသို့ NCA လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုပါ ဖိတ်ကြားခဲ့သဖြင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ် DPN ခုနစ်ဖွဲ့မှ ကိုယ်စားလှယ်များနှင့် အမျိုးသားဒီမိုကရေစီသွေးစည်းညီညွတ်ရေး တပ်မတော်-မိုင်းလားတပ်ဖွဲ့ NDAA တို့မှ ကိုယ်စားလှယ်များလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးကို (၆) ကြိမ် တိုင်တိုင် ကျင်းပပြုလုပ်နိုင်ခဲ့ပြီး အပြီးသတ်အတည်ပြုရေးဆွဲနိုင်ခဲ့ခြင်း မရှိသေးပါ။

UPDJC အနေဖြင့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်အား ပြန်လည်သုံးသပ်ခြင်းကို ဆောင်ရွက်နေစဉ် တစ်ပြိုင်နက်တည်းတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ဆက်လက်ကျင်းပနိုင်ရေးအတွက် ဆွေးနွေးပြင်ဆင်မှုများကို ပြုလုပ်ခဲ့သည်။

အစိုးရသစ်သည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံဟူသော အမည်ဖြင့် အားလုံးပါဝင်၍ အားလုံးပိုင်ဆိုင်သော ငြိမ်းချမ်းရေးဖြစ်စဉ် စတင်နိုင်ရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့သည်။

ထို့ကြောင့် UPDJC သည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ကျင်းပရန်အတွက် ညီလာခံကျင်းပရေး ပူးတွဲကျင်းပရေး ကော်မတီတစ်ရပ်ကို အစိုးရ၊ လွှတ်တော်၊ တပ်မတော်တို့မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအပြင် NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

ညီလာခံကျင်းပရေး ပူးတွဲကော်မတီသည် ပြင်ဆင်မှုများကို အဆင့်ဆင့် ပြုလုပ်ကာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံ ပထမအစည်းအဝေးကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန- ၂ တွင် ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၃ ရက်အထိ ကျင်းပနိုင်ခဲ့သည်။ အားလုံးပါဝင်ရေးမူကို အခြေခံပြီး ညီလာခံသို့ NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကို ညီလာခံတက်ရောက်ရန် ဖိတ်ခေါ်ခဲ့သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ပထမအစည်းအဝေးသို့ အစိုးရအဖွဲ့၊ လွှတ်တော်နှင့် တပ်မတော်ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့မှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့မှ ကိုယ်စားလှယ်များ၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအနိုင်ရ နိုင်ငံရေးပါတီ ၂၂ ပါတီမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသား ကိုယ်စားလှယ်များနှင့် အခြားပါဝင်သင့် ပါဝင်ထိုက်သော ကိုယ်စားလှယ်များ စုစုပေါင်း ၁၄၁၀ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ပထမအစည်းအဝေးတွင် ဆွေးနွေးရမည့် အကြောင်းအရာကို ကန့်သတ်မထားဘဲ တက်ရောက်သော အဖွဲ့အစည်းများက မိမိတို့ အဖွဲ့အစည်း၏ အမြင်သဘောထားများကို လွတ်လပ်စွာ ဆွေးနွေးခွင့်ပြုခဲ့သည်။ ဆွေးနွေးချက်များကိုလည်း အချိန်နှင့်တစ်ပြေးညီတည်း နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ပြည်သူအများသို့ ထုတ်လွှင့်ပြသနိုင်ခဲ့သဖြင့် မတူညီကွဲပြားလှသော အဖွဲ့အစည်းအသီးသီးတို့၏ သဘောထားများကို ပြည်သူတစ်ရပ်လုံးက သိရှိလေ့လာခွင့်ရခဲ့ကြသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

"ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပြည်သူကိုတင်ပြချက်အပေါ် ကျွန်မတို့ အလေးအနက် ထောက်ခံတယ်။ ဘယ်နေရာရောက်ရောက် မြန်မာလူမျိုးတွေနဲ့ ကျွန်မတို့ ထပ်တူရှိနေတယ်ဆိုတာကိုလည်း အလေးအနက် ပြောချင်ပါတယ်။ ကျွန်မဆိုရင် လန်ဒန်က မဟုတ်ပါဘူး။ ဒါပေမယ့် မဖြစ်ဖြစ်အောင် လာခဲ့တယ်။ အလှူငွေကိုလည်း ကိုယ်နိုင်သလောက် ထည့်ဝင်ခဲ့တယ်။ ကျွန်မတင်မကဘူး ပြည်ပရောက် မြန်မာတိုင်းက မြန်မာပြည်ကို ချစ်ကြပါတယ်။ အကြောင်းကြောင်းကြောင့်သာ ပြည်ပကိုရောက်နေပေမယ့် မြန်မာဆိုတဲ့စိတ်က အသွေးအသားထဲမှာ ရှိပြီးသားပါ။ အခုလို ကိုယ့်နိုင်ငံက ခေါင်းဆောင်တွေကို ပြစ်တင်ဝေဖန်နေတာတွေ တွေ့ရတော့ စိတ်ထဲမကောင်းဘူး။ ရခိုင်ပြည်သူတွေအတွက် ကျွန်မတို့က နိုင်ငံ့ခေါင်းဆောင်တွေ၊ မြန်မာနိုင်ငံသားတွေနဲ့ ထပ်တူခံစားရတယ်"ဟု ဆန္ဒဖော်ထုတ်ပွဲတွင် ပါဝင်ခဲ့သည့် မစိမ်းနုသိမ်းက ပြောကြားသည်။

အဆိုပါဆန္ဒဖော်ထုတ်ကြသူများတွင် မြန်မာနိုင်ငံသား တိုင်းရင်းသားပေါင်းစုံ၊ ဘာသာပေါင်းစုံတို့ပါဝင်ကြပြီး ငြိမ်းချမ်းစွာ အတူနေထိုင်ကြရန်အတွက် မျှော်လင့်ထားကြောင်း၊ နိုင်ငံတကာက ပြစ်တင်စွပ်စွဲမှုများကိုလည်း လုံးဝလက်မခံနိုင်ကြောင်း ၎င်းတို့က ဆန္ဒဖော်ထုတ်ပွဲတွင် အတိအလင်း ပြောကြားခဲ့သည်။

ထို့နောက် ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံအမတ်ကြီး ဦးကျော်စွာမင်းထံသို့ ဗြိတိန်ရောက် မြန်မာများက စုပေါင်း၍ ပေါင်စတာလင် တစ်သောင်းကို ပေးအပ်လှူဒါန်းကြသည်။ အလှူငွေများကို ရခိုင်တိုင်းရင်းသားများအတွက် ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်းကြီးအတွက် ဗြိတိန်ရောက်မြန်မာများက စုပေါင်း ပေးအပ်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

"အလှူငွေတွေကလည်း ဆက်တိုက်ထပ်ရောက်လာတယ်။ ရသမျှကို သံအမတ်ကြီးကနေတစ်ဆင့် ရခိုင်ပြည်နယ် စီမံကိန်းကြီးအတွက် ပေးအပ်လှူဒါန်းသွားမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာ ၁၆ ရက်တုန်းကလည်း လန်ဒန်မှာပဲ မြန်မာနိုင်ငံသားတွေအနေနဲ့ ARSA အစွန်းရောက်ကြမ်းဖက်သမားတွေကို လုံးဝလက်မခံနိုင်ကြောင်းနဲ့ ဗြိတိန်ပါလီမန်မှာ မီဒီယာအမျိုးမျိုးကနေ ထုတ်လွှင့်နေတဲ့ သတင်းမှားတွေကို လက်မခံသင့်ကြောင်း ဆန္ဒဖော်ထုတ်ခဲ့ပါသေးတယ်။ ကျွန်တော်တို့အားလုံး အခုလို အောင်အောင်မြင်မြင် ကျင်းပနိုင်တာကို ဝမ်းသာတယ်"ဟု လန်ဒန်ရောက် မြန်မာတစ်ဦးဖြစ်သူ ကိုလွင်မြင့်ဦးကလည်း ပြောသည်။




**လန်ဒန်မြို့၌ အောက်တိုဘာ ၁၄ ရက်က နိုင်ငံတော်အစိုးရ၊ ဒေါ်အောင်ဆန်းစုကြည်တို့အား ထောက်ခံကြောင်း၊ မြန်မာနိုင်ငံသားများအနေဖြင့် ARSA အစွန်းရောက်အကြမ်းဖက်သမားများအား လုံးဝလက်မခံကြောင်းကို ဆန္ဒဖော်ထုတ်ကြသည့် မြန်မာနိုင်ငံသူနိုင်ငံသားများ**

အဆိုပါမြန်မာလူမျိုးများ လန်ဒန်မြို့ရှိ အထင်ကရနေရာများတွင် ဆန္ဒဖော်ထုတ်ကြသည်ကို ပြည်ပမီဒီယာ အနည်းငယ်တွင်သာ ဖော်ပြထားသည်ကိုမြင်တွေ့ရပြီး အောက်တိုဘာ ၁၀ ရက်က လန်ဒန်၌ ပြုလုပ်ခဲ့သည့် ဘင်္ဂါလီများအား မတရားနှိပ်စက်ညှဉ်းပန်းခြင်းအတွက် မြန်မာနိုင်ငံအား ဆန္ဒဖော်ထုတ်ပွဲ သတင်းကိုမူ မီဒီယာအတော်များများက လွှင့်တင်ခဲ့ကြသည်ကို မြင်ရကြောင်း၊ မိမိတို့နိုင်ငံအတွက် အမှန်တရားအတွက် ပြည်ပရောက် မြန်မာလူမျိုးများစုစည်းကာ သက်သေပြသင့်ကြောင်း၊ မဟုတ်တမ်းတရမ်း ပြောဆိုသူများကို ပြန်လည်ကန့်ကွက်သည့် ဆန္ဒဖော်ထုတ်ပွဲများကို ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်သင့်ကြောင်း မစိမ်းနုသိမ်းက ပြောကြားသည်။

မြန်မာလူမျိုးများက စုပေါင်းလှူဒါန်းသည့် အလှူငွေများကို မြန်မာသံရုံးမိသားစုများက လက်ခံခဲ့ကြပြီး မြန်မာလူမျိုးများအတွက် မုန့်ဟင်းခါးနှင့် ကော်ဖီများဖြင့် ပြန်လည်ဧည့်ခံခဲ့ခြင်းကြောင့် ပြည်ပရောက်မြန်မာများက ဝမ်းသာကြကြောင်း၊ မိသားစုဝင်များနှင့် ပြန်လည်ဆုံစည်းရသကဲ့သို့ပင် ခံစားရကြောင်း မစိမ်းနုသိမ်းက ပြောပြသည်။

အဆိုပါဆန္ဒဖော်ထုတ်ပွဲသို့ လန်ဒန်၊ မန်ချက်စတာ၊ လိဒ်စ်၊ ရှက်ဖီးလ်၊ နော့သမ်ပတမ်၊ ဘာမင်ဂမ်၊ ချမ်းစ်ဖို့ဒ် အပါအဝင် အင်္ဂလန်ရှိ ဒေသအများအပြားမှ မြန်မာလူမျိုးများတက်ရောက်ခဲ့ကြသည်။ **သတင်း-ခင်ရတနာ**

**ဓာတ်ပုံ- မြတ်တင်၊ သက်ကိုကို၊ နန့်ဇိုရာဖန်း၊ စိမ်းနုသိမ်း**
**(ဗြိတိန်ရောက်မြန်မာများ)**

## မရမ်းချောင်စစ်ဆေးရေးစခန်းပူးပေါင်းအဖွဲ့ လိုင်စင်မဲ့ဆိုင်ကယ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၁၄ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၁၂ စီး၊ သွင်းကုန် ၃၆၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၅၀၊ သွင်းကုန် ၁၆၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၄ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၁၄ ရက်တွင် မရမ်းချောင်စစ်ဆေးရေး စခန်းပူးပေါင်းအဖွဲ့က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းအား ရှောင်ကွင်းလမ်းဖြစ်သော သစ်ဆိပ်ပင်ရွာထိပ်လမ်းသို့ သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ သစ်ဆိပ်ပင်ရွာထိပ်လမ်းဘေးတွင် စုပုံထားသော တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ (Without) Motor Cycle Honda အမျိုးအစား (12)Unit၊ Suzuki အမျိုးအစား (10)Unit နှင့် Yamaha အမျိုးအစား (6)Unit ၊ အဆိုပါ ယာဉ် ၂၈ စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၉ ဒသမ ၈ သန်းခန့်ကိုတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာ နဂါးလှေလှော်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာလှေလှော်အသင်း ထွက်ခွာ



**ရန်ကုန် အောက်တိုဘာ ၁၅**

အပြည်ပြည်ဆိုင်ရာလှေလှော်အဖွဲ့ချုပ်ကကြီးမှူး၍ တရုတ်နိုင်ငံ ကူမင်းမြို့၌ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ နဂါးလှေလှော်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း ဦးဆောင်သည့် မြန်မာလှေလှော်အဖွဲ့သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

မြန်မာလှေလှော်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးသောင်းထိုက်မင်း (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်)၊ ဒုအဖွဲ့ခေါင်းဆောင်အဖြစ် ဒေါက်တာသန်းတိုး၊ အုပ်ချုပ်သူအဖြစ် ဦးစိုးအောင် (အား/ကာသိပ္ပံ ကျောင်းအုပ်ကြီး)၊ လက်ထောက်အုပ်ချုပ်သူအဖြစ် ဦးကျော်ဝင်း၊ နည်းပြများအဖြစ် ဦးဝင်းဖေ၊ ဒေါ်ခင်မိုးမိုး၊ ကစားသမားများအဖြစ် အမျိုးသား-စိုင်းမင်းအောင်၊ မင်းနိုင်၊ စောမိုးအောင်၊ စိုင်းစွမ်ဟိန်း၊ ကျော်ဇောအေး၊ မင်းမင်းဇော်၊ ထက်ဝေလွင်၊ စောလောကယ်၊ စောကျော်လတ်၊ အောင်ဇင်ဖြိုး၊ ကျော်ဖြိုးနိုင်၊ အမျိုးသမီး-အိအိခိုင်၊ ဟေမာစိုး၊ အေးချမ်းမေ၊ အေးအေးသိန်း၊ လင်းလင်းကျော်၊ ဝင်းဝင်းထွေး၊ လှလှထွေး၊ မိုးမမ၊ ဆုဝေဖြိုး၊ ကြည်လဲ့လဲ့ဝေ၊ မြင့်မြင့်စိုး၊ နော်အေးသင်းနှင့် စောမြတ်သူတို့ လိုက်ပါသွားသည်။ ယင်းပြိုင်ပွဲကို အောက်တိုဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်တရုတ်နှင့် အမေရိကန်တို့အပါအဝင် ဥရောပ၊ အာရှနှင့် အာဆီယံနိုင်ငံများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး နဂါးလှေပြိုင်ပွဲ တစ်မျိုးသာ ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် မီတာ (၂၀၀၀၊ ၁၀၀၀၊ ၅၀၀၊ ၂၀၀) အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲနှင့် အမျိုးသား+အမျိုးသမီးပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာလှေလှော်အသင်းသည် ပြိုင်ပွဲအမျိုးအစား လေးမျိုး၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာလှေလှော်အသင်းသည် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲနှင့် ၂၀၁၈ အာရှအားကစားပြိုင်ပွဲတို့အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး အတွေ့အကြုံရရန်နှင့် အောင်မြင်မှုရရန် ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ရဲရင့်ရှိုင်း**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

# ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲ ယခုနှစ်တွင် စံချိန်တင်များပြားခဲ့

**ရန်ကုန် အောက်တိုဘာ ၁၅**

ယနေ့ကမ္ဘာ့နိုင်ငံအများစုတွင် နှစ်စဉ် အထိမ်းအမှတ်တစ်ခုအဖြစ် ကျင်းပသော နိုင်ငံတကာမျက်မမြင် လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ်အဖြစ် (၂၆)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်များလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၅ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့စုရပ်မှ စတင်တာထွက်ရာ **(အောက်ပုံ)** ပါဝင်လမ်းလျှောက်သူ ယခင်နှစ်များနှင့် နှိုင်းယှဉ်လျှင် စံချိန်တင်များပြားခဲ့ကြောင်း သိရသည်။

ယနေ့တွင် ယခင်နှစ်များနည်းတူ လမ်းလျှောက်ပွဲကို မြို့တော်ခန်းမရှေ့ ဆူးလေဘုရားလမ်း(ဆူးလေဘုရားအဝိုင်းထိပ်မှ ကုန်သည်လမ်းကြား)၊ ကုန်သည်လမ်း(ဆူးလေဘုရားလမ်းမှ ရွှေတိဂုံဘုရားလမ်းကြား) ကမ်းနားလမ်း (ရွှေတိဂုံဘုရားလမ်းမှ ဘုန်းကြီးလမ်းကြား)၊ ဘုန်းကြီးလမ်း (ကမ်းနားလမ်းမှ မဟာဗန္ဓုလလမ်းကြား)နှင့် မဟာဗန္ဓုလ (ဘုန်းကြီးလမ်းမှ မြို့တော်ခန်းမ)ရှေ့သို့ ပြန်လည်ဝင်ရောက်လာခဲ့ပြီး ယင်းသို့ မျက်မမြင်များ လမ်းလျှောက်နေစဉ်အချိန်အတွင်း အဆိုပါလမ်းများအား ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်ခဲ့သည်။ လမ်းတစ်လျှောက်တွင်လည်း စေတနာရှင်ပြည်သူများက ရေသန့်၊ အချိုရည်၊ မုန့်နှင့် အသုံးအဆောင်ပစ္စည်းများကို ကူညီထောက်ပံ့ပေးခဲ့သည်။

အဆိုပါ (၂၆)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဒုတိယလွှတ်တော်ဥက္ကဋ္ဌ ဦးနိုင်လင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့ တော်ဝန် ဦးမောင်မောင်စိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကာ လမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့သော မျက်မမြင်အသင်းအဖွဲ့ ၂၄ ဖွဲ့အား ဆုဖလားနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယနေ့ကျင်းပသော (၂၆)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲတွင် နိုင်ငံတစ်ဝန်း မျက်မမြင်ကျောင်း၊ အဖွဲ့အစည်း ၂၄ ခုမှ မျက်မမြင် အမျိုးသား ၈၄၀၊ အမျိုးသမီး ၄၅၀ နှင့် အကူ ၄၆၈ ဦး စုစုပေါင်း ၁၇၅၈ ဦး ပါဝင်လမ်းလျှောက်ခဲ့သည်။

ယခုနှစ်တွင် နိုင်ငံတစ်ဝန်း မျက်မမြင်ပါဝင်လမ်းလျှောက်သူ ယခင်နှစ်များနှင့် နှိုင်းယှဉ်လျှင် အသင်းအဖွဲ့အလိုက် ပါဝင်မှုများသကဲ့သို့ တစ်ဦးချင်း၊ တစ်ယောက်ချင်းစီလည်းပါဝင်မှု ပိုမိုများပြားလာကြောင်း သိရသည်။



**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ စက်ဘီးပြိုင်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်နှင့် စီဘီဘဏ်တို့ ပူးပေါင်းကျင်းပသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသားစက်ဘီးပြိုင်ပွဲများကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် စက်ဘီးလေ့ကျင့်ရေး အားကစားကွင်း၌ ကျင်းပခဲ့သည်။

"ကျွန်တော်တို့ မြို့နယ်ပေါင်းစုံ စက်ဘီးပြိုင်ပွဲမလုပ်ဖြစ်တာ ၁၅ နှစ်နဲ့ ၁၈ နှစ်ကြား ဖြစ်သွားပြီ။ ဒီလို မြို့နယ်ပေါင်းစုံမလုပ်ဖြစ်တော့ ကစားသမားမျိုးဆက်သစ်တွေ မရှိတော့ဘူး။ ကစားသမားတွေလည်း အဆက်ပြတ်နေတယ်။ ကျွန်တော်တို့ခေတ်က မြို့နယ်မှ တိုင်းဒေသကြီးနဲ့ ပြည်နယ်ပြီးတော့ တံခွန်စိုက်ပြိုင်ပွဲမှ ဌာနဆိုင်ရာတွေ ရောက်သွားပြီး လက်ရွေးစင်ဖြစ်တယ်။ ကြားထဲမှာ လက်ရွေးစင်ပဲရှိတယ်။ ဒါကြောင့် မျိုးဆက်သစ် ကစားသမားတွေ ထွက်ပေါ်စေချင်တဲ့ ရည်ရွယ်ချက်လည်းပါတယ်။ ပြိုင်ပွဲမှာ အကောင်းဆုံးကစားသမား ရှစ်ဦးရွေးမယ်။ ရှစ်ဦးအနက်မှ ငါးဦးရွေးချယ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် စက်ဘီးပြိုင်ပွဲမှာ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု ယှဉ်ပြိုင်သွားမှာပါ" ဟု မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ဒိုင် ဦးဝေကိုဦးက ပြောသည်။

အဆိုပါပြိုင်ပွဲတွင် မီတာ ၁၀၀၀ စံချိန်ပြု၊ မီတာ ၄၀၀၀ တစ်ဦးချင်းအမီလိုက်၊ မီတာ ၄၀၀၀ အသင်းချင်း အမီလိုက်၊ မီတာ ၈၀၀ အုပ်စုတစ်ဦးချင်း၊ မီတာ ၄၈၀၀ တစ်ဦးချင်းပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ကြပြီး ပထမ၊ ဒုတိယ၊ တတိယ၊ တံခွန်စိုက်ဖလားနှင့် အသင်းလိုက် အကောင်းဆုံးဆုရ အင်းစိန်မြို့နယ်အသင်းတို့အား ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ စက်ဘီး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးကိုကြီးနှင့် စီဘီဘဏ်မှ တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။

**သတင်း-အေးကေလင်း**


## "ပ" သုံးလုံးဝိပဿနာဆရာဖြစ်သင်တန်း

(၂၄)ကြိမ်မြောက် ရဟန်းတော်များ ဝိပဿနာဆရာဖြစ်သင်တန်းကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်၊ (တနင်္ဂနွေ)မှစ၍ ရက်သတ္တပတ် (၄)ပတ်အထိ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ "ပ" သုံးလုံးဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်၌ ဖွင့်လှစ်မည်။ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့မှ ဒီဇင်ဘာလ ၁၅ ရက်အထိ ပထမကြီးတန်းအောင် သံဃာတော်များနှင့် ကျောင်းထိုင်ဆရာတော်များ လျှောက်ထားနိုင်ပါသည်။

ဖုန်း-၀၁ ၃၇၇၇၃၁၊ ၀၁ ၃၇၈၀၃၂

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးစံရွှေလှ(ခ)ဦးမောင်မောင်ချေ၏သား ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က) ရပ်ကွက်၊ သမာဓိ(၂)လမ်း၊ အမှတ်(၁၂) ပထမထပ်နေ မောင်ဖြိုးမင်းကို ၁၁/ကဖန(နိုင်)၁၃၀၄၃၁နှင့် မောင်ကိုကိုဖြိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ဖြိုးမင်းကို(ခ)မောင်ကိုကိုဖြိုး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးဘိုးစောထွန်း၏သား ကျောက်ဖြူမြို့၊ ပြင်ဖြူမော်ကျေးရွာ၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၃၃)နေ ဦးစံရွှေလှ ၁၁/ကဖန(နိုင်)၀၄၂၂၄၄ နှင့် ဦးမောင်မောင်ချေမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးစံရွှေလှ(ခ)ဦးမောင်မောင်ချေ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၁)လမ်း၊ တိုက်အမှတ် (၁/ဂ)မြေညီထပ် (ခြေရင်းဘက်ခြမ်း) အကျယ်အဝန်း(၁၂ ½×၄၀) ပေတိုက်ခန်းအား ဆက်စပ်စာချုပ်များအရ တရားဝင်ပိုင်ဆိုင်သူ ဒေါ်ဝင်းမြင့် ၁၂/မရက(နိုင်)၀၁၅၀၆၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါတိုက်ခန်းနှင့် စပ်လျဉ်း၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်ကြောင်း အထောက်အထားမှုရင်းများ ယူဆောင်၍ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြူဖြူဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ရီလေးမော်** | **ဒေါ်အိအိဖြူ** | **ဒေါ်ယဉ်မျိုးလှိုင်** |
| **(စဉ်-၂၇၁၀၃)** | **(စဉ်-၄၆၆၃၈)** | **(စဉ်-၄၁၄၄၂)** |

**အထက်တန်းရှေ့နေများ**

**ရုံး - ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး(အပေါ်ထပ်)၊ အင်းစိန်မြို့နယ်။**
**ဖုန်း - ၀၉-၄၂၀၀၈၉၃၈၀**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၇လမ်း၊ အမှတ်(၂/၄)၊ အခန်းအမှတ်(၄)၊ မြေညီအခန်းကို ဦးကျော်သိန်း(P/RGN-၀၀၇၈၄၅)မှ ပိုင်ဆိုင်ပါသည်။ အဆိုပါအခန်းကို အဆောက်အဦးပိုင်ရှင်ဖြစ်သူ မအူကုန်းမွတ်ဆလင်မ်များအသင်း၊ အလုပ်အမှုဆောင်အဖွဲ့နှင့် ၉-၁၁-၁၉၉၃ရက်စွဲပါ အိမ်ရှင်/အိမ်ငှားနှစ်ဦးသဘောတူကတိစာချုပ်ချုပ်ဆိုနေထိုင်ခဲ့သောအခန်းဖြစ်ပါသည်။ အဆိုပါအခန်းကို ဦးကျော်သိန်း(P/RGN-၀၀၇၈၄၅)၏ မိသားစုဝင်များဖြစ်သော ဇနီး ဒေါ်အေးအေးသန်း(K/RGN-၀၂၆၆၃၄)၊ သားဦးအေးမင်း(၁၂/တမန(နိုင်)၁၀၀၅၀၈)၊ သမီးဒေါ်မြင့်မြင့်သိန်း(၁၂/တမန(နိုင်)၁၀၀၅၀၉)တို့ (၄)ဦးမှလွဲ၍ အခြားမည်သူမှ စပ်ဆိုင်ပတ်သက်ခြင်းမရှိကြောင်းနှင့် ၎င်းတို့၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ တနည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရန် အသိပေးကြေညာအပ်ပါသည်။

ဦးကျော်သိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးလှသိန်း(အထက်တန်းရှေ့နေ၊ စဉ်-၆၃၁၅)
အမှတ်(၉၇)၊ (၃+၄)လွှာ၊ ၁၀၁လမ်း၊ ဖို့မြေရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

## အများသိစေရန်ကြေညာခြင်း

ပျဉ်းမနားမြို့၊ ရန်အောင် ၂ ရပ်ကွက်၊ နယ်မြေ (၁) နေ ကျွန်တော်ဦးနေဇော်မင်းနှင့် သကြားစက်ဝင်းနေ ဒေါ်ဆွေလဲ့လဲ့အောင် ၉/ပမန(နိုင်)၁၈၂၃၂၆ ကိုင်ဆောင်သူတို့သည် ၂၂-၉-၂၀၀၆ ရက်တွင် အစ္စလာမ်တရားတော်နှင့်အညီ နိကာယ်ထိမ်းမြားခဲ့ရာ သားတစ်ဦးထွန်းကားခဲ့ပါသည်။ ၂၁-၅-၂၀၁၁ ရက်တွင် စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့ပါသဖြင့် အသိသက်သေများ ရှေ့မှောက်တွင် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲကြောင်း ကတိစာချုပ်ချုပ်ဆို၍ တရားဝင်ပြတ်စဲခဲ့ပြီးဖြစ်သဖြင့် ကျွန်တော်ဦးနေဇော်မင်းအနေဖြင့် ဒေါ်ဆွေလဲ့လဲ့အောင်(ဘ)ဦးခင်အောင်အပေါ် မည်သို့မျှ တစ်စုံတစ်ရာ ပတ်သက်ဆက်နွှယ်ခြင်း မရှိတော့ပါကြောင်းနှင့် သားဖြစ်သူ မောင်နေလင်းကိုကိုအား ကျွန်တော်ဦးနေဇော်မင်းနှင့် အဘွားဖြစ်သူ ဒေါ်ကြူကြူတို့မှ ယနေ့အထိ ကျွေးမွေးစောင့်ရှောက်ထားပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနေဇော်မင်း ၉/ပမန(နိုင်)၁၃၂၁၀၄**
**အမှတ်(၁/၂၁)၊ နယ်မြေ(၁)**
**ရန်အောင်(၂)ရပ်ကွက်၊ ပျဉ်းမနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၈၃၅-ခ)နေ ဦးမောင်အုန်း၏သားဖြစ်သူ ဦးကျော်ရွှေ ၁၂/မရက(နိုင်)၀၈၀၇၃၇ က ၎င်းလက်ရှိပိုင်ဆိုင်နေထိုင်လျက်ရှိသော အထက်ဖော်ပြပါ နေရပ်လိပ်စာရှိ အိမ်အပါအဝင် မြေအကျယ်အဝန်းအလျား ၁၆ပေ×အနံပေ ၆၀ကို လက်ရောက်ရောင်းရန်အတွက် ၎င်းလက်ရှိ ဝယ်ယူထားသော ဆက်စပ်စာချုပ်အဆင့်ဆင့်(မူရင်းများ)အား ပေးအပ်၍လည်းကောင်း၊ တရားရုံးတွင် ကျမ်းကိုန်ဆိုမှုအား ပြုလုပ်ပေး၍လည်းကောင်း ရောင်းချမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဖုန်းမင်းစိုး ၁၂/မဂတ(နိုင်)၀၀၈၁၉၂ ထံသို့ ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူက လက်ရောက်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးထားခဲ့ရာ ကမ်းလှမ်းလာသူဦးကျော်ရွှေကိုယ်တိုင်က လက်ရောက်လက်ခံရယူထားပြီး ဖြစ်ပါသည်။

အထက်ပါ အိမ်ခြံမြေ ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤသတင်းစာတွင်ပါသည့်ရက်မှ ၁၅ ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း(မူရင်း) အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါအိမ်အပါအဝင် မြေအကျယ်အဝန်းအား အရောင်းအဝယ်ပြုလုပ်မှုကို တရားဥပဒေဘောင်အတွင်းမှ အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစိန်ကြီး (အထက်တန်းရှေ့နေ-၃၇၀၂၉)**
**B.A Eco,DA,RL,DBL,DML,DIL,DIPL,MA(Business LawP$_1$),DL$_{101}$, WIPO(Swizerland)**
**အမှတ် ၄၈၇၊ ဒူးယား ၄လမ်း၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၈၀၁၉၆၉၇၊ ၀၉-၇၉၆၂၇၉၂၆၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၈-ဘီ၊ မြေကွက်အမှတ်-၇၄ဘီ/၂ဘီ၊ မုန့်လက်ဆောင်းကုန်းတောင်ရပ်ကွက်၊ မကြီးကြီးလမ်း၊ အမှတ် (၂၀/၂၂)၊ ၈-လွှာ၊ အခန်းအမှတ် (၈-အေ)၊ (၃၀' x ၇၀') အကျယ်ရှိ ရေ၊ မီးစုံလင်စွာပါရှိသောတိုက်ခန်း နှင့် အကျိုးခံစားခွင့်တို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဦးအောင်မြင့်စိုး (၁၂/ဒဂန (နိုင်) ၀၂၁၅၁၂) (C/RGN ၀၀၆၄၉၉) မှ အဆိုပါတိုက်ခန်းကို ရောင်းချရန် ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်းခိုင်လုံသော စာချုပ်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်း အဝယ်ကိစ္စကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါက်တာမြမာလာအေး
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၅၂)
၁၉၅၊ မြသီတာလမ်း၊ ၂၉-ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်။
ဖုန်း-၀၉၅၀၁၄၈၇၄၊ ၀၉ ၃၀၁၉၃၆၈၁

# ဆိုမာလီယာ၌ဖြစ်ပွားသည့် ထရပ်ကားဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူအရေအတွက် ၈၀ကျော်အထိမြင့်တက်



**မိုဂါဒစ်ရှုး အောက်တိုဘာ ၁၅**
ဆိုမာလီယာနိုင်ငံ မြို့တော် မိုဂါဒစ်ရှုး၌ ဖြစ်ပွားခဲ့သည့် ဗုံးပေါက်ကွဲမှုနှစ်ခုကြောင့် သေဆုံးသူအရေအတွက်သည် ၈၅ ဦး အထိ မြင့်တက်လာခဲ့ပြီး အဆိုပါ အရေအတွက်သည် အစ္စလာမ္မစ်စစ်သွေးကြွများ စတင်ထကြွလာခဲ့သည့် ၂၀၀၇ ခုနှစ်မှစတင်ကာ အသေအပျောက်အများဆုံး တိုက်ခိုက်မှုတစ်ခုဖြစ်ကြောင်း သိရသည်။

တိုက်ခိုက်မှုကြောင့် လူအများအပြား အသက်ဆုံးရှုံးခဲ့ရပြီးနောက်တွင် ဆိုမာလီယာသမ္မတ အဗ္ဗဒူလာမာဖာမာဂျိုသည် တစ်ပြည်လုံး သုံးရက်ကြာ ဝမ်းနည်းပူဆွေးကြောင်း ကြေညာခဲ့ပြီး စနေနေ့တွင် တိုက်ခိုက်ခံခဲ့ရသည့် ဒဏ်ရာရရှိသူများအတွက် သွေးလှူဒါန်းကြရန်နှင့် အလှူငွေထည့်ဝင်ကူညီကြရန် တိုက်တွန်းတောင်းဆိုခဲ့သည်။ ထရပ်ကားဗုံးပေါက်ကွဲမှုအတွင်း ထိခိုက်ဒဏ်ရာရရှိသူ အရေအတွက်မှာ ၁၀၀ ကျော်ရှိသည်။

ထရပ်ကားဗုံးပေါက်ကွဲမှုသည် အစိုးရရုံးဌာနများ၊ စားသောက်ဆိုင်များ၊ တယ်လီဖုန်းရုံများရှိရာ လမ်းဆုံလမ်းခွအတွင်းရှိ ဟိုတယ်တစ်ခု၏အပြင်ဘက်တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ ပေါက်ကွဲမှုကြောင့် အဆောက်အအုံအချို့ ပျက်စီးခဲ့ပြီး မော်တော်ယာဉ်အများအပြား မီးစွဲလောင်သွားခဲ့သည်။

ပေါက်ကွဲမှုဖြစ်ပွားပြီး နှစ်နာရီအကြာတွင် နောက်ထပ်ပေါက်ကွဲမှုတစ်ခု မြို့တော်ဆိုမာလီယာရှိ မက်ဒီနာဒေသ၌ ထပ်မံဖြစ်ပွားခဲ့သည်။ ယခုအခါ သေဆုံးသူအရေအတွက်သည် ၁၀၀ နီးပါး ရှိလာခဲ့ပြီဖြစ်သည်။ တနင်္ဂနွေနေ့တွင် ရဲတပ်ဖွဲ့နှင့် အရေးပေါ်လုပ်သားများသည် ပျက်စီးသွားသည့် အဆောက်အအုံများ၏ အပျက်အစီးပုံများကြားတွင် ရှာဖွေရေး လုပ်ဆောင်ခဲ့ရာ သေဆုံးသူတို့၏ အလောင်းများကို ရရှိခဲ့သည်။

ရာနှင့်ချီသော ပြည်သူများသည် ၎င်းတို့၏မိသားစုဝင်များကိုရှာဖွေရန် အခင်းဖြစ်ပွားရာသို့ အပြေးအလွှား ရောက်ရှိလာခဲ့ကြသည်။ ရဲများက ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာကို လုံခြုံရေးအရ စည်းများတားကာ ပိတ်ဆို့ခဲ့ကြသည်။

လတ်တလောတွင် ပေါက်ကွဲမှုကို မည်သည့်အဖွဲ့က လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း အခိုင်အမာပြောဆိုနိုင်ခြင်း မရှိသေးပေ။ သို့သော် အစ္စလာမ္မစ်စစ်သွေးကြွအုပ်စုဖြစ်သည့် အယ်လ်ရှာဘတ်စစ်သွေးကြွအဖွဲ့က ဆိုမာလီယာနိုင်ငံတစ်ဝန်းရှိ အခြားနေရာများတွင် တိုက်ခိုက်မှုများကို ပုံမှန်လုပ်ဆောင်နေသည်ဖြစ်ရာ ပေါက်ကွဲမှုသည် ၎င်းတို့၏ လက်ချက်ဖြစ်သည်ဟု မှန်းဆနိုင်ဖွယ်ရာရှိကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ၂၀၀၇ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်အတွင်း မိုဂါဒစ်ရှုးကို ထိန်းချုပ်ထားခဲ့သည်။ သို့သော် တိုက်ပွဲများပြင်းထန်လာပြီးနောက်တွင် ပြန်လည်ဆုတ်ခွာသွားခဲ့ကြသည်။ အာဖရိကပြည်ထောင်စု ငြိမ်းချမ်းရေးထိန်းသိမ်းသူများသည် အယ်လ်ရှာဘတ်စစ်သွေးကြွများအား ၎င်းတို့ထိန်းချုပ်ထားသည့် နယ်နိမိတ်များမှ မောင်းထုတ်ခဲ့ကြသည်။
**(ရိုက်တာ)**

# ဗြိတိန်၌ အက်စစ်သယ်ဆောင်သူများကို ဖမ်းဆီးထောင်ချမည်ဟုသတိပေးထား

**လန်ဒန် အောက်တိုဘာ ၁၅**
ဗြိတိန်၌ လူကိုပွန်းပဲ့ထိခိုက်စေသည့် အက်စစ်ကဲ့သို့သော အန္တရာယ်ရှိသည့်အရာများကို မကောင်းသောရည်ရွယ်ချက်ဖြင့် သယ်ဆောင်လာသည်ကိုတွေ့ရှိလျှင် ထောင်ဒဏ်ခြောက်လချမှတ်မည်ဟု ဗြိတိန်ပြည်ထဲရေးဝန်ကြီး အမ်ဘာရုဒ်က စနေနေ့တွင် ကြေညာချက်ထုတ်ပြန်လိုက်ကြောင်း သိရသည်။


အက်စစ်သယ်ဆောင်လာသူများအား ထောင်ဒဏ်ချမှတ်မည့် အရေးယူဆောင်ရွက်မှုကို လန်ဒန်၌ဖြစ်ပွားခဲ့သည့် အက်စစ်ဖြင့်ပက်သည့် တိုက်ခိုက်မှုများကြောင့် ပြည်သူများ တစ်သက်စာ ထိခိုက်အနာတရခံစားခဲ့ရပြီးနောက် ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

လန်ဒန်မြို့သည် အက်စစ်ဖြင့်တိုက်ခိုက်မှုများ မကြာခဏဖြစ်ပွားသည့် နေရာအဖြစ် လူသိများလျက်ရှိသည်။ ဗြိတိန်၌ဖြစ်ပွားသည့် အက်စစ်ဖြင့်ပက်သည့် တိုက်ခိုက်မှုများ၏ ထက်ဝက်ခန့်သည် လန်ဒန်၌ဖြစ်ပွားခြင်းဖြစ်သည်။ မက်ထရိုပိုလီတန်ရဲတပ်ဖွဲ့က ဖော်ပြခဲ့သည့် စာရင်းဇယားအချက်အလက်များအရ အက်စစ်ဖြင့်တိုက်ခိုက်မှုများသည် ၂၀၁၄ ခုနှစ်က ၂၀၀ ခန့်ရှိခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ၄၃၂ ခုရှိခဲ့ရာ နှစ်ဆခန့် တိုးပွားလာခဲ့သည်။

လန်ဒန်ရှိပြည်ထဲရေးရုံးက အက်စစ်ကဲ့သို့ လူကိုထိခိုက်စေတတ်သည့်ပစ္စည်းများကို မကောင်းသောရည်ရွယ်ချက်ဖြင့်သယ်ဆောင်သူကို ထောင်ဒဏ်ချမှတ်ရန်အမိန့်ထုတ်ပြန်ချက်သည် ပြင်းထန်သည့်အကြမ်းဖက်တိုက်ခိုက်မှုများ လျော့နည်းပပျောက်ရေးအတွက် ကိုင်တွယ်ဆောင်ရွက်ရန် ရည်ရွယ်သည့် ဥပဒေသစ်တစ်ရပ်ကို ပြဋ္ဌာန်းလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

အက်စစ်ဖြင့်ပက်ကာတိုက်ခိုက်မှုများသည် တိုက်ခိုက်ခံရသူကို စိတ်ပိုင်းဆိုင်ရာသာမက ရုပ်ပိုင်းဆိုင်ရာ အနာတရဖြစ်စေနိုင်ကြောင်းနှင့် ထိုကဲ့သို့သော လက်နက်များကို အသုံးပြုသူများသည် တရားဥပဒေအရ အရေးယူခြင်းမှ လွတ်ကင်းလိမ့်မည်မဟုတ်ကြောင်း ပြည်ထဲရေးဝန်ကြီး အမ်ဘာရုဒ်က ပြောကြားခဲ့သည်။

အခြားသော အရေးယူဆောင်ရွက်မှုများအနေဖြင့် အွန်လိုင်းမှတစ်ဆင့် ဓားများဝယ်ယူမှုကို ကန့်သတ်ထိန်းချုပ်မှုများပါဝင်ကြောင်း ရုဒ်က ပြောကြားခဲ့သည်။ သို့မှသာ အွန်လိုင်းမှ ပစ္စည်းပို့ဆောင်သူများသည် ဒေသခံများ၏လိပ်စာအတိုင်း ပို့ဆောင်နိုင်တော့မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။
**(ဆင်ဟွာ)**




## ယူကရိန်းကို ပိတ်ဆို့လိုက်သည့်အတွက် ပူတင်အပြစ်ဆို

**မော်စကို အောက်တိုဘာ ၁၅**
အရေးယူပိတ်ဆို့မှုများသည် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဥပဒေပြုသူများနှင့် ထိတွေ့ဆက်ဆံနေရသူများကို ထိခိုက်စေသည်ဟု ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားခဲ့ကြောင်း သိရသည်။

သမ္မတပူတင်သည် စနေနေ့က စိန့်ပီတာစဘတ်၌ပြုလုပ်ခဲ့သည့် ပါလီမန်လွှတ်တော်ဆိုင်ရာ ညီလာခံဖွင့်ပွဲ၌ ထိုသို့ပြောဆိုခဲ့သည်။ ယူကရိန်းအပေါ် ချမှတ်လိုက်သည့်ပိတ်ဆို့မှုများကို ပူတင်က အပြစ်ဆိုခဲ့ပြီး ထိုသို့ပိတ်ဆို့မှုများသည် ကြိမ်ဖန်များစွာရှိနေပြီဖြစ်ပြီး လက်ခံနိုင်ဖွယ်မရှိသည့်အပြင် ထိခိုက်နစ်နာမှုများကို ဖြစ်စေကြောင်း ပူတင်က ပြောကြားခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

## တူရကီတပ်ဖွဲ့ဝင်များ ဆီးရီးယားမှ ချက်ချင်းထွက်ခွာသွားကြရန် အစိုးရတိုက်တွန်း

**ဒမတ်စကတ် အောက်တိုဘာ ၁၅**
ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနသည် ဆီးရီးယားနိုင်ငံ အီဒလစ်ပြည်နယ်အတွင်းသို့ ဝင်ရောက်လာသည့် တူရကီအင်အားစုများကို အဆိုပါဒေသများမှ အမြန်ဆုံး ထွက်သွားကြရန် စနေနေ့တွင် တိုက်တွန်းခဲ့ကြောင်း နိုင်ငံပိုင်ဆာနာသတင်းအေဂျင်စီက ပြောကြားခဲ့ကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနသည် အီဒလစ်ပြည်နယ်အတွင်းသို့ တူရကီအင်အားစုများ ကျူးကျော်ဝင်ရောက်လာမှုကို အလွန်ရဲတင်းပြီး မျက်နှာပြောင်တိုက်သည့် ရန်စကျူးကျော်မှုဖြစ်ပြီး အဘယ်ကြောင့် ထိုသို့ဝင်ရောက်လာကြောင်းကို စဉ်းစား၍ပင် မရနိုင်ကြောင်း ပြောကြားခဲ့သည်။

အီဒလစ်ပြည်နယ်အတွင်း ဖြစ်ပွားနေသည့်တိုက်ပွဲများ ရပ်ဆိုင်းသွားအောင် လုပ်ဆောင်ရန်ရည်ရွယ်သည်ဟု တူရကီက ပြောကြားခဲ့သည့် စစ်ဆင်ရေး တစ်စိတ်တစ်ပိုင်းအနေဖြင့် တူရကီတပ်ဖွဲ့ဝင်များနှင့် သံချပ်ကာယာဉ်များ အီဒလစ်ပြည်နယ်အတွင်း ဖြတ်သန်းဝင်ရောက်လာပြီးနောက် တစ်ရက်အကြာတွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက် ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

# တောင်ကိုရီးယားနှင့် တိုက်ရိုက်ဆွေးနွေးရန် မြောက်ကိုရီးယားအဆင်သင့်မဖြစ်သေး

**မော်စကို အောက်တိုဘာ ၁၅**
မြောက်ကိုရီးယားက လက်ရှိဆောင်ရွက်နေသည့် နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်များနှင့်ပတ်သက်၍ မြောက်ကိုရီးယားနှင့် တောင်ကိုရီးယားမှ နိုင်ငံရေးကျွမ်းကျင်သူများသည် တနင်္လာနေ့တွင် တိုက်ရိုက်ဆွေးနွေးပြောဆိုမှုများ ပြုလုပ်နိုင်ဦးမည်မဟုတ်ကြောင်း ရုရှားသတင်းအေဂျင်စီက တနင်္ဂနွေနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ပါလီမန်ဆီးနိတ်အထက်လွှတ်တော်မှ ပြောရေးဆိုခွင့်ရှိသူ ဗယ်လင်တီယာ မတ်ဗီရန်ကိုက မြောက်ကိုရီးယား ဥပဒေပြုအဖွဲ့မှ ဒုတိယအကြီးအကဲနှင့် တောင်ကိုရီးယား ပါလီမန်လွှတ်တော်အကြီးအကဲတို့သည် တနင်္လာနေ့တွင် စိန့်ပီတာစဘတ်၌ ဆွေးနွေးသွားရန် ပြင်ဆင်ခဲ့ကြောင်း TASS သတင်းအေဂျင်စီမှ ရုရှားအကြီးတန်းဥပဒေပြုအဖွဲ့ဝင်၏ ပြောဆိုမှုကိုကိုးကားလျက် ဖော်ပြခဲ့သည်။

TASS သတင်းအေဂျင်စီက မော်စကိုသည် တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားနှစ်နိုင်ငံတို့က ၎င်းတို့၏ မတူကွဲပြားမှုများကို ညှိနှိုင်းရန်အတွက် တိုက်ရိုက်ဆွေးနွေးမှုများပြုလုပ်နိုင်မည့် အခွင့်အရေးကို အသုံးချသွားကြရန် နှစ်နိုင်ငံလုံးကို တိုက်တွန်းတောင်းဆိုခဲ့သည်။

သို့သော်လည်း RIA သတင်းအေဂျင်စီက ဖော်ပြခဲ့သည်မှာ ရုရှားအောက်လွှတ်တော်မှ ဒုတိယပြောရေးဆိုခွင့်ရှိသူ Piotr Tolstoi နှင့် မြောက်ကိုရီးယားဘက်မှ အမည်မဖော်လိုသူ ကိုယ်စားလှယ်အဖွဲ့ဝင်တို့က တိုက်ရိုက်ဆွေးနွေးပြောဆိုမှု ပြုလုပ်ဦးမည်မဟုတ်ဟု ပြောကြားခဲ့ကြောင်း တနင်္ဂနွေနေ့တွင် ဖော်ပြခဲ့သည်။ **(ရိုက်တာ)**



## နိုင်ငံတကာ သတင်းတိုထွာ

### ညစ်ညမ်းရိုင်းပျပြောဆိုမှုများ မကြာခဏပြုလုပ်မှုအပေါ် အမေဇုန်အကြီးအကဲကို အစီအစဉ်တင်ဆက်သူ စွပ်စွဲပြစ်တင်

**ဝါရှင်တန် အောက်တိုဘာ ၁၅**
ရုပ်မြင်အစီအစဉ်တင်ဆက်သူ တစ်ဦးက အမေဇုန်အလုပ်အမှုဆောင်တစ်ဦးကို လိင်ပိုင်းဆိုင်ရာ မဖွယ်မရာ လူသိရှင်ကြားစွပ်စွဲသည့်ကိစ္စဖြစ်ပွားပြီးနောက် အမေဇုန် စတူဒီယိုနှင့် အမေဇုန်ဗီဒီယို အကြီးအကဲရိုင်ပရိုက်ကို မကြာမီရက်ပိုင်းက အလုပ်မှ ရပ်ဆိုင်းခဲ့ကြောင်း စီအင်န်အင်န် သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အမေဇုန်ပြောရေးဆိုခွင့်ရှိသူ ခရစ်ဘားမန်က ပရိုက်၏ အလုပ်ရပ်ဆိုင်းခံရခြင်းသည် ချက်ချင်းကိုပဲ အကျိုးသက်ရောက်မှုရှိခဲ့ကြောင်း ပြောခဲ့သည်။

ဟောလိဝုဒ်သတင်းထောက်က အစ်ဆာဟက်ကက်၏ ဒုက္ခပေးနှောင့်ယှက်ခံရသည့် စွပ်စွဲချက်ဆိုင်ရာ သတင်းဆောင်းပါးတစ်ခုကို အသေးစိတ်ဖော်ပြလိုက်ပြီးနောက် နာရီအတော်ကြာတွင် အဆိုပါကိစ္စဖြစ်ပေါ်လာခဲ့သည်။ အစ်ဆာဟက်ကက်သည် အမေဇုန်တွင် လူကြိုက်များသည့် The Man in High Castle ဇာတ်လမ်းတွဲကို ထုတ်လွှင့်နေသည့် အစီအစဉ်တင်ဆက်သူဖြစ်သည်။

ညစ်ညမ်းရိုင်းပျသော မှတ်ချက်ပြုပြောဆိုမှုများ မကြာခဏပြုလုပ်ခြင်းနှင့်ပတ်သက်ပြီး ဟက်ကက်က ပရိုက်ကို စွပ်စွဲအပြစ်တင်လိုက်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

### ကျူးဘားနှင့် ဗင်နီဇွဲလားအပေါ် အမေရိကန် အရေးယူပိတ်ဆို့မှုများ ဆက်လက်ပြုလုပ်မည်

**ဝါရှင်တန် အောက်တိုဘာ ၁၅**
အမေရိကန်နိုင်ငံအနေဖြင့် ကျူးဘားနှင့် ဗင်နီဇွဲလားအပေါ် နိုင်ငံရေးနှင့် ဘာသာရေးလွတ်လပ်မှုရရှိသည့် အချိန်အထိအရေးယူပိတ်ဆို့မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မကြာသေးမီတွင် ပြောခဲ့သည်။

အမေရိကန်နိုင်ငံအနေဖြင့် အီရန်မှသည် မြောက်ကိုရီးယားနိုင်ငံအထိ ဆိုးသွမ်းရန်လိုသော အစိုးရများကို ထိပ်တိုက်ရင်ဆိုင်မှုများ ပြုလုပ်နေရသလို ကျူးဘားကွန်မြူနစ်အာဏာရှင်နှင့် ဗင်နီဇွဲလား ဆိုရှယ်လစ်ဖိနှိပ်ချုပ်ချယ်မှုများကိုလည်း ရင်ဆိုင်အန်တုနေရကြောင်း ထရန့်က ပြောခဲ့သည်။

ပြည်သူများအတွက် နိုင်ငံရေးနှင့် ဘာသာရေးဆိုင်ရာ လွတ်လပ်မှုများ မဆောင်ကြဉ်းနိုင်သရွေ့ အဆိုပါဖိနှိပ်ချုပ်ချယ်မှုများပြုနေသည့် အစိုးရများအပေါ်ပိတ်ဆို့အရေးယူမှုများ ရုတ်သိမ်းပေးမည်မဟုတ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ပြောကြားခဲ့သည်။
**(ရိုက်တာ)**

# အိုဘားမားလက်ထက် ကျန်းမာရေးစောင့်ရှောက်မှုစီမံချက်ကို နိဂုံးချုပ်ဖို့ နောက်ထပ်ခြေလှမ်းတစ်ဆင့် ကျော်ဖြတ်လိုက်တဲ့ထရန့်

**ကလျာမိုးမြင့်**



အမေရိကန်သမ္မတဒေါ်နယ်ထရန့်ဟာ သောကြာနေ့မှာ ဒီမိုကရက်တစ်အဖွဲ့သားတွေကို တိုက်တွန်းတောင်းဆိုမှုတစ်ခုပြုလုပ်ခဲ့တယ်။ အဲဒီတိုက်တွန်းမှုကတော့ ဝင်ငွေနိမ့်ပါးတဲ့လူနာတွေအတွက် ကျန်းမာရေးအာမခံကုမ္ပဏီတွေဆီကို ငွေကြေးအရခွင့်ပြုချက်ပေးထားတဲ့ Obamacare ကျန်းမာရေးစောင့်ရှောက်မှုစီမံချက်ကို ပယ်ဖျက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာသဘောတူစာချုပ်အသစ်တစ်ခုပြောင်းလဲချုပ်ဆိုဖို့ပဲ ဖြစ်ပါတယ်။

ပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုစီမံချက်ဥပဒေကို ပြောင်းလဲမယ့်အမိန့်ထုတ်ပြန်ချက် တစ်ရပ်ကိုလည်း ထရန့်ကလက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒီစီမံချက်ကို ပယ်ဖျက်ပြီး အသစ်ပြောင်းလဲရေးဆွဲမယ်ဆိုတဲ့ကတိဟာ ရွေးကောက်ပွဲအတွင်း မဲဆွယ်စည်းရုံးမှု ပြုလုပ်ခဲ့စဉ်အတွင်းမှာ ထရန့်အသုံးချခဲ့တဲ့အဓိကအကြောင်းအရာတစ်ခုလည်း ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ဖို့ကြိုးပမ်းမှုဟာ တရားဥပဒေအရ အရေးယူဆောင်ရွက်ရမယ့်ခြိမ်းခြောက်မှုတွေနဲ့ အာမခံဈေးကွက်အတွင်းမှာ ပရမ်းပတာဖြစ်ပေါ်လာနိုင်မလားဆိုတဲ့ စိုးရိမ်ပူပန်မှုတွေကို ပေါက်ဖွားလာစေခဲ့ပါတယ်။ Obamacare စီမံချက်ဟာ ပြိုကွဲပျက်စီးနေတဲ့အရာတစ်ခုပဲလို့ ထရန့်က တွစ်တာပေါ်မှာ ရေးသားထားပါတယ်။ အသေးအဖွဲ့လေးတွေကနေ အစပြုသွားပြီး ကျွန်ုပ်တို့ဟာအမေရိကကို ၎င်းနဲ့ထိုက်တန်တဲ့အကောင်းဆုံး ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်တစ်ရပ်ကိုပေးသွားမှာဖြစ်တယ်လို့ ထရန့်က ရေးသားထားပါတယ်။

သမ္မတထရန့်ရဲ့ ဆုံးဖြတ်ချက်ဟာ လူတိုင်းတတ်နိုင်တဲ့ကျန်းမာရေးစောင့်ရှောက်မှု အက်ဥပဒေကို ချည့်နဲ့သွားအောင်ချမှတ်လိုက်တဲ့ ဆုံးဖြတ်ချက်ဖြစ်ပါတယ်။ ဒီဥပဒေဟာ ယခင်သမ္မတ အိုဘားမားလက်ထက်က အမေရိကန်နိုင်ငံသား သန်းနှစ်ဆယ်ကိုအာမခံပေးနိုင်ဖို့ လက်မှတ်ရေးထိုးခဲ့တဲ့ ဥပဒေဖြစ်ပါတယ်။ အိုဘားမားလက်ထက်ကျန်းမာရေးစောင့်ရှောက်မှုစီမံချက်ကို ပယ်ဖျက်ဖို့ ထရန့်ရဲ့ကြိုးပမ်းမှုကြောင့် ဒီမိုကရက်တစ်ပါတီဝင်တွေရဲ့ ဝေဖန်ကဲ့ရဲ့မှုတွေ အလျှင်အမြန်ကျရောက်လာသလို နယူးယောက်နဲ့ ကယ်လီဖိုးနီးယားမှာရှိတဲ့ ပြည်ထောင်စုရှေ့နေချုပ်တွေက တရားစွဲဆိုပြီးအမှုအခင်းပြုလုပ်ဖို့ ခြိမ်းခြောက်လာခဲ့ပါတယ်။

အိုဘားမားကဲ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကို ပယ်ဖျက်ပြီးပြင်ဆင်မှုပြုလုပ်ဖို့ ထရန့်ရဲ့စီစဉ်လိုက်တိုင်း ရီပတ်ဘလစ်ကန်အဖွဲ့သားတွေရဲ့ ကြားဝင်နှောင့်ယှက်မှုတွေကြောင့် မကြာခဏ ပျက်စီးခဲ့ရပါတယ်။

ထရန့်ရဲ့ဆုံးဖြတ်ချက်ဟာ ၎င်းရဲ့နိုင်ငံရေးဆိုင်ရာအခြေခံ အုတ်မြစ်အတွင်းမှာပါဝင်နေတဲ့ အိုဘားမားကဲကျန်းမာရေးစနစ်ကို မုန်းတီးစက်ဆုပ်သူတွေကို စိတ်ကျေနပ်အောင် ဖျောင်းဖျပေးဖို့ ဖြစ်ဟန်ရှိပါတယ်။ ဒီစနစ်အပေါ်မှာ ရီပတ်ဘလစ်ကန်ပါတီဝင်တွေက အမေရိကန်ရဲ့ကျန်းမာရေးစောင့်ရှောက်မှုကိစ္စရပ်တွေထဲမှာ မလိုအပ်ဘဲ အစိုးရအဖွဲ့က ကျူးကျော်လာမှုအဖြစ်နဲ့ နှစ်တွေကြာတဲ့အထိ အတိုက်အခံလုပ်ခဲ့ပါတယ်။

သမ္မတထရန့်ဟာ အိုဘားမားကဲ ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ချက်တွေနဲ့လွတ်ကင်းပြီး အမေရိကန်ပြည်သူတွေအနေနဲ့ ကျန်းမာရေးအာမခံအစီအစဉ်တွေကို လွယ်ကူရိုးရှင်းစွာဝယ်ယူနိုင်အောင်ဆိုပြီး အမိန့်ထုတ်ပြန်ချက်ကို လက်မှတ်ရေးထိုးလိုက်တာ ဖြစ်ပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး ဆီးနိတ်လွှတ်တော်က ဒီမိုကရက်တစ်ခေါင်းဆောင် ချပ်စခူမာနဲ့ အောက်လွှတ်တော်ဒီမိုကရက်တစ်ခေါင်းဆောင် နန်စီပီလိုစီတို့က လျှောင်ပြောင်သရော်တဲ့ပူးတွဲဖော်ပြချက်တစ်ခုကို ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီဖော်ပြချက်ထဲမှာ ထရန့်ဟာ အမေရိကန်နိုင်ငံသားတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအာမခံသွင်းငွေတွေကို ပိုပြီးမြင့်တက်လာအောင် ဘယ်သူ့အကူအညီမှမပါဘဲ သူတစ်ယောက်တည်း လုပ်လိမ့်မယ်လို့ ဖော်ပြထားပါတယ်။

အမိန့်ထုတ်ပြန်ချက်ကိုလက်မှတ်ရေးထိုးတာဟာ မုန်းစရာကောင်းပြီး အကျိုးမရှိ၊ အဓိပ္ပာယ်မရှိတဲ့အပြင် အမေရိကရဲ့နေရာတိုင်းမှာရှိနေကြတဲ့ လူလတ်တန်းစားနဲ့အလုပ်လုပ်ကိုင်နေကြတဲ့မိသားစုတွေကို တမင်ဖျက်လိုဖျက်ဆီးလုပ်လိုက်တဲ့အပြုအမူဖြစ်တယ်။ ထရန့်ဟာ လူတိုင်းတတ်နိုင်တဲ့ စောင့်ရှောက်ရေး ဥပဒေကို အပြစ်ရှာဖို့ကြိုးစားလိမ့်မယ်ဆိုတာဘယ်လိုမှမလွဲနိုင်ဘူး။ ဒါပေမယ့် ခုလိုလုပ်လိုက်တဲ့အတွက် သူ့ကိုပြန်ထိလိမ့်မယ်။ အဲဒီအတွက် ကြီးကြီးမားမား ပြန်ပေးဆပ်ရလိမ့်မယ်လို့ ဝေဖန်ရှုတ်ချခဲ့ပါတယ်။

အိုဘားမားကဲကျန်းမာရေးစောင့်ရှောက်မှုစီမံချက်ကိုဝါဒဖြန့်ကြော်ငြာပေးသူတွေနဲ့ အာမခံကုမ္ပဏီတွေက ထရန့်ကို ဒေါ်လာဘီလီယံနဲ့ချီတဲ့တန်ဖိုးရှိတဲ့ နစ်နာမှုလျော်ကြေးငွေပေးအပ်ဖို့ လပေါင်းများစွာကြာအောင် အနူးအညွတ်မေတ္တာရပ်ခံခဲ့ကြပါတယ်။ အာမခံကုမ္ပဏီအချို့က ၂၀၁၈ ခုနှစ် အတွက်အာမခံသွင်းငွေမြင့်တက်လာချိန်မှာ အာမခံကြေးငွေပေးအပ်မှုနဲ့ပတ်သက်ပြီး မသေချာမရေရာဖြစ်လာနိုင်မှုတွေကို ဖော်ပြလာကြပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုစတော့ဈေးနှုန်းတွေဟာ ဒီရက်ပိုင်းအတွင်းမှာ ကျဆင်းသွားခဲ့ပါတယ်။ အာမခံကြေးငွေပေးတာကို အဆုံးသတ်လိုက်ရင် ၂၀၁၈ ခုနှစ်အတွက် အိုဘားမားကဲကျန်းမာရေးစောင့်ရှောက်မှုဈေးကွက်နဲ့ ပတ်သက်ပြီး အစီအစဉ်တွေလုပ်ဆောင်ဖို့ ကမ်းလှမ်းထားတဲ့ အာမခံကုမ္ပဏီတွေရဲ့ရှယ်ယာတွေကို အထိနာစေမှာ ဖြစ်ပါတယ်။

ထရန့်ဟာ ၎င်းစတင်တာဝန်ယူဆောင်ရွက်ခဲ့ချိန်ကစတင်ပြီး ဝင်ငွေနည်းပါးတဲ့စားသုံးသူတွေအတွက် ဆေးဝါးအသုံးစရိတ်တွေမှာ အကူအညီပေးဖို့ရည်ရွယ်ခဲ့တဲ့အိုဘားမားကဲကျန်းမာရေးစောင့်ရှောက်မှုစီမံချက်အရ အာမခံကုမ္ပဏီတွေကို လစဉ်လတိုင်းအခကြေးငွေပေးအပ်ခဲ့ပါတယ်။ ဒါပေမယ့် အဲဒီလိုပေးနေတာတွေကို ဖြတ်တောက်ပစ်တော့မယ်လို့ထရန့်က အကြိမ်ကြိမ်ခြိမ်းခြောက်ခဲ့တဲ့အပြင် အဲဒီလူတွေကိုလည်း အာမခံကုမ္ပဏီတွေစီးပွားမပျက်အောင် အလုပ်အကျွေးပြုနေတဲ့သူတွေလို့ ချိုးချိုးနှိမ်နှိမ်ပြောဆိုခဲ့ပါတယ်။

ကြာသပတေးနေ့နှောင်းပိုင်းမှာ အိမ်ဖြူတော်က ဥပဒေနဲ့အညီထောက်ပံ့ကြေးငွေတွေပေးအပ်နေတာတွေကို ထပ်မလုပ်နိုင်တော့ဘူးလို့ ပြောကြားခဲ့ပါတယ်။ နယူးယောက်ရှေ့နေချုပ် အဲရစ်တီရှီနီဒါမန်က ထရန့်ရဲ့လုပ်ဆောင်ချက်တွေနဲ့ပတ်သက်ပြီး တရားစွဲဆိုဖို့ တခြားရှေ့နေချုပ်တွေကို ဦးဆောင်သွားမယ်လို့ ပြောဆိုခဲ့ပါတယ်။

ကျန်းမာရေးစောင့်ရှောက်မှုအက်ဥပဒေကို ဖျက်လိုဖျက်ဆီးလုပ်ဖို့အတွက် အန္တရာယ်ကြီးပြီး ပါတီစွဲပြင်းထန်တဲ့ လှုပ်ရှားမှုအတွင်းမှာ ထရန့်က နယူးယောက်မိသားစုတွေကို လက်ကိုင်တုတ်အဖြစ်အသုံးချမှာကို ခွင့်မပြုနိုင်ဘူးလို့ ၎င်းကရေးသားခဲ့ပါတယ်။ ထရန့်ဟာ အိုဘားမားကဲကျန်းမာရေးစောင့်ရှောက်မှုစီမံချက်ကိုဖျက်သိမ်းဖို့ နောက်ထပ်ခြေလှမ်းတစ်ဆင့်ကို ထပ်လှမ်းခဲ့ပါပြီ။ ပြီးခဲ့တဲ့ရက်သတ္တပတ်က ထရန့်အစိုးရအဖွဲ့ဟာ စီးပွားရေးလုပ်ငန်းတွေနဲ့အမြတ်အစွန်းအတွက်မရည်ရွယ်တဲ့ အဖွဲ့အစည်းတွေကို အိုဘားမားကဲစီမံချက်ရဲ့လုပ်ပိုင်ခွင့်အာဏာကနေကင်းလွတ်ခွင့်ပေးခဲ့ပါတယ်။

ထရန့်က ကျန်းမာရေး စောင့်ရှောက်မှုစီမံချက်ကို ပြောင်းလဲဖို့ အမိန့်ထုတ်ပြန်ချက်ဟာ အစပဲရှိသေးတယ်လို့ ပြောခဲ့ပါတယ်။ ဒီကိစ္စဆက်ပြီးအထမြောက်အောင်မြင်ဖို့အတွက်လည်း ကွန်ဂရက်လွှတ်တော်ကို ပြင်းပြင်းထန်ထန် ဖိအားပေးသွားဦးမယ်လို့ စိန်ခေါ်ခဲ့ပါသေးတယ်။
**(ရိုက်တာ၊အင်န်အိတ်ချ်ကေ)**

**ထရန့်ဟာ လူတိုင်းတတ်နိုင်တဲ့ စောင့်ရှောက်ရေးဥပဒေကို အပြစ်ရှာဖို့ကြိုးစားလိမ့်မယ်ဆိုတာ ဘယ်လိုမှမလွဲနိုင်ဘူး။ ဒါပေမယ့် ခုလိုလုပ်လိုက်တဲ့အတွက် သူ့ကိုပြန်ထိလိမ့်မယ်။ အဲဒီအတွက် ကြီးကြီးမားမား ပြန်ပေးဆပ်ရလိမ့်မယ်လို့ ဝေဖန်ရှုတ်ချခဲ့ပါတယ်**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တစ်ခေတ်ဆန်းသစ်လာသည့် သမဝါယမ

**သန်းဦး (လေးမျက်နှာ)၊ ဓာတ်ပုံ- ညီညီသန်း (နေပြည်တော်)**



ယခုနှစ်တွင် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီးက ကမ္ဘာ့စားနပ်ရိက္ခာနေ့အတွက် ဆောင်ပုဒ်ကို **"ရွှေ့ပြောင်းနေထိုင်မှု လျော့ပါးရေး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးအတွက်မြှုပ်နှံပေး"** ဟူ၍ သတ်မှတ်ခဲ့ပေသည်။ ဆောင်ပုဒ်၏အဓိပ္ပာယ်မှာ ကျေးလက်ဒေသများ၏ အလုပ်လုပ်နိုင်သောလူငယ်၊ လူရွယ်များ အလုပ်အကိုင်အခွင့်အရေး မရှိကြ၍ ရေကြည်ရာမြက်နုရာသို့ ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်မှုလျော့ပါးရေးအတွက် ကျေးလက်ဒေသ၏ လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံပေးရန် မီးမောင်းထိုးပြလိုက်ခြင်းပင်ဖြစ်သည်။

ထိုကဲ့သို့ လယ်ယာကဏ္ဍကို ရင်းနှီးမြှုပ်နှံပေးလိုက်ခြင်းဖြင့် ကျေးလက်ဒေသနေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိလာခြင်းကြောင့် ရိက္ခာထုတ်လုပ်မှုပိုင်းတွင် တိုးတက်လာမည်ဖြစ်သကဲ့သို့ စားနပ်ရိက္ခာဖူလုံရေးအတွက် တစ်ဖက်တစ်လမ်းမှ အဆင်ပြေလာမည်ဖြစ်သည်။

**သမဝါယမအသင်းများဖွဲ့စည်းနိုင်မှု**

မြန်မာနိုင်ငံတွင်လည်း တစ်နှစ်ထက်တစ်နှစ် ကျေးလက်ဒေသများတွင် အလုပ်အကိုင် အခွင့်အလမ်းမရှိကြ၍ အလုပ်အကိုင်အခွင့်အလမ်းရှိကြသော မြို့ကြီး ပြကြီးများသို့ ရွှေ့ပြောင်းသွားလာမှု၊ နိုင်ငံခြားတိုင်းပြည်များသို့ သွားရောက်အလုပ် လုပ်ကိုင်မှုများပြားလာသဖြင့် လုပ်သားရှားပါးမှုနှင့်ရင်ဆိုင်နေရသည်။

ကျေးလက်ဒေသ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန် နိုင်ငံတော်က ကျေးလက်ဒေသများတွင် စုပေါင်းလုပ်အားဖြစ်သော သမဝါယမကဏ္ဍကို ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကုန်အထိ ပြည်ထောင်စုနယ်မြေ အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် ၁၅ ခုတွင် သမဝါယမအသင်းပေါင်း ၄၀၅၆၀ ကို ဖွဲ့စည်းနိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လကုန်အထိ ၁၄၄ သင်းကို တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သည်။ ဖွဲ့စည်းပြီး အသင်းများမှ အကြောင်းအမျိုးမျိုးကြောင့် စာရင်းရှင်းလင်းဖျက်သိမ်းလိုက်သည့် သမဝါယမအသင်းမှာ ၁၁၃ သင်းရှိသဖြင့် ယခုအချိန်တွင် ဖွဲ့စည်းပြီး သမဝါယမအသင်းပေါင်း ၄၀၅၉၁ သင်းဖြစ်ကြောင်း သိရသည်။

**အသေးစားအရင်းအနှီးထုတ်ချေးနိုင်မှု**

၂၀၁၆ ခုနှစ်တွင် China Exim Bank မှ ပံ့ပိုးချေးငွေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် မြို့နယ် ၂၉၄ မြို့နယ်ရှိသမဝါယမအသင်းပေါင်း ၃၁၈၆၅ သင်းမှ တောင်သူ ၂၆၇၉၆၃၆ ဦးသို့ စုစုပေါင်း ငွေကျပ် ၅၁၂ ဒသမ ၅၄၇ ဘီလီယံကို ထုတ်ချေးပေးနိုင်ခဲ့သည်။

၂၀၁၆ ခုနှစ် ဒီဇင်ဘာလကုန်တွင် အသင်းသားအားလုံးက ၁၀၀ ရာခိုင်နှုန်း ချေးငွေအပြည့် ပြန်လည်ပေးဆပ်နိုင်ခဲ့သဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် မြို့နယ်ပေါင်း ၂၉၀ တွင် သမဝါယမအသင်း ၃၁၃၆၄ သင်းမှ တောင်သူ ၂၆၄၁၃၅၀ ကို ငွေကျပ် ၅၁၅ ဒသမ ၉၅၄ ဘီလီယံကို ထပ်မံထုတ်ချေးပေးခဲ့သည်။

၂၀၁၇ ခုနှစ် ဇွန်လကုန်တွင် တောင်သူများက ချေးငွေအကျေ ပြန်လည်ပေးဆပ်နိုင်ခဲ့သဖြင့် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လတစ်ရက်နေ့ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့တွင် ၂၉၉ မြို့နယ်အတွက် သမဝါယမအသင်း ၃၁၀၁၉ သင်းမှ တောင်သူ ၂၆၂ ၃၄၉၁ ဦးသို့ ငွေကျပ် ၅၂၉ ဒသမ ၅၂၆ ဘီလီယံထပ်မံထုတ်ချေးပေးနိုင်ခဲ့သည်။

၂၀၁၆ ဇူလိုင်လမှ ယနေ့အထိ စုစုပေါင်း ငွေကျပ် ၁၅၅၈ ဒသမ ၀၂၇ ဘီလီယံကိုထုတ်ချေးနိုင်ခဲ့ကြောင်း သိရသည်။

**လယ်ယာသုံးစက်ကိရိယာ အရစ်ကျချေးငွေဖြင့် ရောင်းချနိုင်မှု**

လယ်ယာသုံး စက်ကိရိယာများအနေဖြင့် ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် အသင်းသား တောင်သူ ၅၉၁ ဦးသို့ စက်ကိရိယာစီးရေ ၅၉၁ စီး တန်ဖိုး ငွေကျပ် ၃ ဒသမ ၄၇ ဘီလီယံကိုလည်းကောင်း၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် တောင်သူ ၂၅၀၀ ကို လယ်ယာသုံးစက်ကိရိယာ ၂၅၀၀၊ တန်ဖိုးငွေကျပ် ၁၂ ဒသမ ၁၄ ဘီလီယံကိုလည်းကောင်း၊ တောင်သူ ၃၉၇ ဦးသို့ ဒေဒေါင်းအမည်ရှိ စက်ပစ္စည်း ၃၉၇ စီးတန်ဖိုး ၉ ဒသမ ၈၄ ဘီလီယံကို လည်းကောင်း၊ ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် အသင်းသားတောင်သူ ၂၀၀၀ ကိုလယ်ယာသုံးစက်ကိရိယာ ၂၀၀၀ စီး တန်ဖိုးငွေကျပ် ၉ ဒသမ ၄၅ ဘီလီယံကိုလည်းကောင်း၊ အသင်းသားတောင်သူများကို ပံ့ပိုးနိုင်ခဲ့သဖြင့် ယနေ့အချိန်အထိ တောင်သူ ၅၄၈၈ ဦးကို စက် ကိရိယာ ၅၄၈၈ စီး တန်ဖိုးငွေကျပ် ၃၄ ဒသမ ၉၀ ဘီလီယံကို ပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မြေယာပြုပြင်မှု**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တစ်နိုင်ငံလုံးရှိ မြို့နယ်များမှ ၁၆၂ မြို့နယ်တွင် သမဝါယမအသင်း ၆၁၁ သင်းရှိ တောင်သူ ၈၀၈၂ ဦး၏ လယ်ယာမြေဧက ၃၅၇၂၈ ဒသမ ၇၇ ဧကကို ပြုပြင်ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးငွေကျပ် ၁၁ ဒသမ ၀၃ ဘီလီယံထုတ်ချေးပေးခဲ့သဖြင့် လယ်ယာမြေအားလုံးကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အပြီးဆောင်ရွက်နိုင်ခဲ့သည်။

**လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်းများဖွဲ့စည်း**

လယ်ယာအထောက်အကူပြု သမဝါယမအသင်းများကို တိုင်းဒေသကြီး ပြည်နယ် ၁၂ ခုတွင် မြို့နယ် ၆၃ မြို့နယ်မှ လယ်ယာဝန်ဆောင်မှု သမဝါယမအသင်း ၃၆ သင်း၊ မြို့နယ်သမဝါယမအသင်းစု၏ လုပ်ငန်းခွဲ ၃၀ တို့မှ ထွန်စက် ၆၂၆ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၃၂ စီးတို့ဖြင့် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သမဝါယမ ပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု**

သမဝါယမ ပညာပေးလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း Capacity Building သင်တန်းများ ၂၀၁၇ ခုနှစ် ဩဂုတ်လကုန်အထိ ဌာနတွင်းဝန်ထမ်းများအတွက် (၅၈)ကြိမ်မှ ၂၄၈၂ ဦး၊ သမဝါယမ အသင်းအမှုဆောင်များနှင့် အသင်းဝန်ထမ်းများအတွက် (၃၃၆)ကြိမ်မှ ၁၃၆၆၅ ဦး၊ ပြင်ပသင်တန်းသားများအတွက် ခြောက်ကြိမ်မှ ၈၄၃ ဦးတို့ကို သင်တန်းများပို့ချသင်ကြားပေးနိုင်ခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများအတွက် သမဝါယမလုပ်ငန်းများဖြင့် ဖော်ဆောင်ပေးလျက်ရှိသည်။ ထိုကဲ့သို့ ကျေးလက်ဒေသများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာခြင်းကြောင့် ဆင်းရဲနွမ်းပါးမှုကို တစ်ဖက်တစ်လမ်းမှ လျှော့ချနိုင်မည့်အပြင်၊ ရွှေ့ပြောင်းသွားလာနေထိုင်မှုကိုလည်း လျော့ပါးလာမည်ဖြစ်သည်။ ရွှေ့ပြောင်းသွားလာနေထိုင်မှုများ လျော့ပါးလာမှသာလျှင် ကျေးလက်ဒေသများတွင် လယ်ယာလုပ်သားရှားပါးမှု ကင်းဝေးလာမည်ဖြစ်သည်။

ထို့ကြောင့် ရွှေ့ပြောင်းသွားလာနေထိုင်မှု လျော့ပါးရေး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စားနပ်ရိက္ခာဖူလုံစေရေးအတွက် အဓိကအချက်မှာ ကျေးလက်ဒေသရှိ လယ်ယာလုပ်ငန်းခွင်များတွင် အရင်းအနှီးစိုက်ထုတ်၍ များများမြှုပ်နှံပေးကြရမည် ဖြစ်သည်။ ထိုကဲ့သို့ ကျေးလက်ဒေသများတွင် အစုလိုက် အဖွဲ့လိုက်နှင့်သမဝါယမအသင်းများတည်ထောင်၍ လယ်ယာကဏ္ဍကို အရင်းအနှီးစိုက်ထုတ် လုပ်ကိုင်ပေးနိုင်ခြင်းကြောင့်အနာဂတ်တွင် သမဝါယမတစ်ခေတ်ဆန်းသစ်လာမှာ မလွဲတော့ပေ။ ။

# တစ်ပတ်အတွင်းဈေးနှုန်းပြောင်းလဲခဲ့သည့် သီးနှံများ

**ဝတ်ရည်မွန် (AMIA)၊ ဓာတ်ပုံ-ကိုတင့်**

ဒီတစ်ပတ်မှာတော့ ဆန်ချောဈေးတွေကတက်ပြီးဆန်ကြမ်းဈေးက နှစ်ပတ်ဆက်တိုက် ဈေးပြန်ကျဆင်းသွားပါတယ်။ အိန္ဒိယအဓိကပို့ကုန်ဖြစ်တဲ့ မတ်ပဲနဲ့ ပဲစင်းငုံကတော့ လက်ရှိအချိန်အထိအတက်ဈေးမရှိဘဲ ဈေးက ဆက်လက်ကျဆင်းနေပါတယ်။

**ပေါ်ဆန်းမွှေးဈေးတက်**

နယ်စုံ၊ ဖျာပုံ၊ မြောင်းမြ၊ ရွှေဘိုပေါ်ဆန်းမွှေးကတော့ ဒီတစ်ပတ်မှာတစ်အိတ်ကို ငွေကျပ် ၂၀၀၀ လောက် ဈေးမြင့်တက်လာပါတယ်။ ပစ္စည်းနည်းပြီး ကုန်စည်ဒိုင်ကို အဝင်နည်းတဲ့အတွက် ဈေးတွေက တက်လာတာပါ။ စက်တင်ဘာလလယ်ကတည်းက ဆန်ချောဈေးတွေကတဖြည်းဖြည်း တက်လာတာဖြစ်ပြီးတော့ တစ်လနီးပါးအတွင်း တစ်အိတ်ကို ငွေကျပ် ၅၀၀၀ လောက်ဈေးက တက်လာပါတယ်။

လက်ရှိရွှေဘိုပေါ်ဆန်းမွှေးကတော့ တစ်အိတ်ကို ငွေကျပ် ၄၈၅၀၀ ကနေ ၅၀၀၀၀၊ ဖျာပုံပေါ်ဆန်းမွှေးက တစ်အိတ်ကို ငွေကျပ် ၃၄၀၀၀ ကနေ ၃၆၅၀၀၊ မြောင်းမြ ပုသိမ်ပေါ်ဆန်းမွှေးက တစ်အိတ်ကို ငွေကျပ် ၃၅၅၀၀ ကနေ ငွေကျပ် ၄၀၀၀၀၊ နယ်စုံက တစ်အိတ်ကို ငွေကျပ် ၃၃၀၀၀ ကနေ ငွေကျပ် ၃၅၀၀၀ နဲ့ ဒေးဒရဲကတော့ တစ်အိတ်ကို ငွေကျပ် ၃၄၀၀၀ ကနေ ၃၆၀၀၀ ပေါက်ဈေးရှိပါတယ်။ လတ်တလောကတော့ ဆန်အဝင်ပုံမှန်ရှိပြီး အရောင်းအဝယ်ကတော့ သွက်နေပါတယ်။

**ညှော့မထဆန် ဈေးအနည်းငယ်ထပ်ကျ**

ပြီးခဲ့တဲ့ အပတ်ကတစ်အိတ်ကို ငွေကျပ် ၅၀၀ လောက် ဈေးကျဆင်းခဲ့ပြီး ဒီတစ်ပတ်မှာလည်း တစ်အိတ်ကို ငွေကျပ် ၃၀၀ လောက်ထပ်ပြီး ဈေးက ကျဆင်းသွားခဲ့ပါတယ်။ ဈေးတွေကျဆင်းသွားပေမယ့် ပြည်တွင်းရော ပြည်ပပို့ကုန်မှာပါ ဆန်က ပုံမှန်အရောင်းအဝယ် ရှိနေပါတယ်။

ဆန်ကြမ်းက ပြီးခဲ့တဲ့ စက်တင်ဘာလကနေ ဈေးတက်လာတာ ဖြစ်ပြီးလက်ရှိအကျဈေးက ခုနစ်လနီးပါး ဈေးငြိမ်နေခဲ့တဲ့ ဈေးကို မရောက်သေးပါဘူး။ပြီးခဲ့တဲ့ ခုနစ်လအတွင်းမှာ ညှော့မထဆန်ကတစ်အိတ်ကို ငွေကျပ် ၁၆၅၀၀ ကနေ ၁၇၅၀၀ သာ ပေါက်ဈေးရှိခဲ့ပါတယ်။ လက်ရှိပေါက်ဈေးကတော့ တစ်အိတ်ကို ငွေကျပ် ၂၀၅၀၀ ကနေ ၂၃၀၀၀ အထိပေါက်ဈေးရှိပါတယ်။

**နှွသီးထပ်ဆန် အနည်းငယ်ကျ**

နှွသီးထပ်ဆန်ကလည်း ဒီတစ်ပတ်မှာတော့ အနည်းငယ်ဈေးက ကျဆင်းသွားပါတယ်။ စက်တင်ဘာလမှာ တစ်အိတ်ကို ငွေကျပ် ၁၀၀၀ကျော်အထိ ဈေးမြင့်တက်ခဲ့ပေမယ့် အောက်တိုဘာလမှာတော့ ဈေးကအနည်းငယ် ကျဆင်းသွားပါတယ်။ လက်ရှိဈေးကတစ်အိတ်ကို ငွေကျပ် ၂၂၅၀၀ ကနေ ၂၃၀၀၀ ရှိပြီး တစ်အိတ်ကို ငွေကျပ် ၃၀၀ လောက်ဈေးကျဆင်းသွားပါတယ်။

**မတ်ပဲ (FAQ/RC)နဲ့ ပဲစင်းငုံဈေးဆက်ကျဆင်း**

**မတ်ပဲ**

မတ်ပဲကတော့ စက်တင်ဘာလကတည်းက တအိအိနဲ့ ဈေးကျဆင်းလာတာ လက်ရှိအချိန်မှာ တစ်တန်ကို ငွေကျပ် ၅၀၀၀၀၀ အောက်ထိ ဈေးက ကျဆင်းသွားခဲ့ပါတယ်။ စက်တင်ဘာလပထမအပတ်မှာ တစ်တန်ကို ငွေကျပ် ၆၀၀၀၀၀ နီးပါးရှိခဲ့ပေမယ့် တစ်လအတွင်းမှာ တစ်တန်ကို ငွေကျပ် ၁၀၀၀၀၀ နီးပါးက ကျဆင်းသွားခဲ့ပါတယ်။



အိန္ဒိယနိုင်ငံကို အဓိက တင်ပို့နေတာဖြစ်ပြီးတော့ အိန္ဒိယနိုင်ငံမှာလည်း မြန်မာမတ်ပဲက တစ်ကွမ်တယ်ကို ၃၀၅၀ ကနေ ၃၁၀၀ ရူပီးသာ ရှိနေပါတယ်။ အိန္ဒိယနိုင်ငံမှာ မတ်ပဲ အသစ်တွေဝင်လာပြီး ဈေးကွက်အတွင်း တဖြည်းဖြည်းများလာမှာဖြစ်ပြီး ဆက်မလှောင်သင့်ဘူးလို့ Agriwatch က အိန္ဒိယကုန်သည်တွေကို အကြံပြုထားပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၅ စက်တင်ဘာလမှာ မတ်ပဲက တစ်တင်းကို အမြင့်ဆုံးဈေး ငွေကျပ် ၇၀၀၀၀ ကျော် ပေါက်ဈေးရှိခဲ့ပေမယ့် ၂၀၁၇ စက်တင်ဘာလမှာတော့ တစ်တင်းကို အမြင့်ဆုံးဈေးက ငွေကျပ် ၂၀၀၀၀ ကျော်သာရှိပါတော့တယ်။ လက်ရှိမတ်ပဲပေါက်ဈေး တစ်တန်ငွေကျပ်၄၉၅၀၀၀ နဲ့ အရောင်းအဝယ်ရှိနေပါတယ်။

**ပဲစင်းငုံ**

ပဲစင်းငုံကလည်း ဒီတစ်ပတ်မှာတစ်တန်ကို ငွေကျပ် ၄၀၀၀၀၀ အောက်ထိ ဈေးက ကျဆင်းသွားပါတယ်။ ပြီးခဲ့တဲ့ အပတ်တွေက မတ်ပဲလောက် အတက်အကျမကြမ်းဘဲ ဈေးက ကျဆင်းသွားပေမယ့် ဒီတစ်ပတ်မှာတော့ သိသာစွာဈေးက ကျဆင်းသွားပါတယ်။ ပြီးခဲ့တဲ့အပတ်က တစ်တန်ကို ငွေကျပ် ၄၀၀၀၀၀ ကျော် ပေါက်ဈေးရှိခဲ့ပြီး ဒီတစ်ပတ်မှာတော့ တစ်တန်ကို ငွေကျပ် ၄၀၀၀၀ နီးပါး ကျဆင်းသွားခဲ့ပါတယ်။ ပြည်တွင်းမှာလည်း အရောင်းအဝယ်က မရှိသလောက် ဖြစ်နေတဲ့ အခြေအနေဖြစ်နေပါတယ်။ အိန္ဒိယနိုင်ငံမှာလည်း ပြည်တွင်းလှောင်ပဲလက်ကျန်တွေနဲ့ တင်သွင်းပဲလက်ကျန်တွေ ပိုလျှံနေပြီး အကျဈေးနဲ့ပဲရှိနေဆဲပါ။ ၂၀၁၆ စက်တင်ဘာလမှာ ပဲစင်းငုံကတစ်တင်းကို အမြင့်ဆုံးဈေး ငွေကျပ် ၄၀၀၀၀ နီးပါးရှိခဲ့ပေမယ့် ၂၀၁၇ စက်တင်ဘာလမှာတော့ တစ်တင်းကိုအမြင့်ဆုံး ငွေကျပ် ၁၀၀၀၀ ကျော်သာ ရှိပါတော့တယ်။

**ကြက်သွန်နီဈေးပြန်တက်**

ပြီးခဲ့တဲ့ အပတ်က ဈေးအနည်းငယ်ကျဆင်းခဲ့တဲ့ ကြက်သွန်နီက ဒီတစ်ပတ်မှာတော့ ဈေးပြန်တက်လာပါတယ်။ ပွဲတော်ရာသီဖြစ်တဲ့အတွက် ဈေးကတော့ အတက်အကျ အပြောင်းအလဲများစွာရှိပြီး မြန်ဆန်ပါတယ်။ အရောင်းအဝယ်ကလည်း ပုံမှန်ရှိနေပါတယ်။ ဒီတစ်ပတ်မှာတော့ တစ်ပိဿာကို ငွေကျပ် ၃၀၀ လောက်ဈေးပြန်တက်ခဲ့ပြီး အမြင့်ဆုံးဈေးက ငွေကျပ် ၂၄၀၀ အထိရှိနေပါတယ်။ ပြည်တွင်းမှာ ကြက်သွန်နီတွေ ဈေးမြင့်တက်နေပေမယ့် နယ်စပ်စခန်းတွေကနေတစ်ဆင့် တရုတ်နဲ့ ထိုင်းနိုင်ငံကိုနေ့စဉ် တင်ပို့နေပါတယ်။

**ကြက်သွန်ဖြူ(ကြူကုတ်) ဈေးဆက်တက်**

ပစ္စည်းအဝင်များတဲ့အတွက် ဈေးတွေ ဆက်တိုက် ကျဆင်းခဲ့တဲ့ ကြက်သွန်ဖြူ(ကြူကုတ်)က လက်ရှိမှာတော့ ဈေးက ဆက်တက်နေပါတယ်။ ပွဲတော်ကာလဖြစ်နေတဲ့အတွက် လက်ရှိမှာတော့ တစ်ပိဿာကိုအမြင့်ဆုံးဈေး ငွေကျပ် ၁၈၀၀ ပေါက်ဈေးရှိနေပါတယ်။



# မြစ်ရေတင်စီမံကိန်းများကြောင့် ပခုက္ကူနှင့် ညောင်ဦးမြို့နယ်၌ သီးနှံများ စိုက်ပျိုးအောင်မြင်နေ

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဒေသအလိုက် သီးနှံအမျိုးမျိုးကို စိုက်ပျိုးကြသည်။ သီးနှံများစိုက်ပျိုးရာတွင် အထူးသဖြင့် နွေစပါးနှင့် မိုးစပါးကို အဓိကထားပြီး ဝါ၊ ပြောင်း၊ ပဲအမျိုးမျိုး၊ နှမ်း၊ နေကြာ၊ ရော်ဘာ၊ ကြံစသည်တို့နှင့် ဟင်းသီးဟင်းရွက်အမျိုးမျိုးကို စိုက်ပျိုးကြသည်။ အဆိုပါသီးနှံအမျိုးမျိုး စိုက်ပျိုးမှုအတွက် စိုက်ပျိုးရေရရှိရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက ဆည်မြောင်း၊ တာတမံများ တည်ဆောက်ပေးထားသလို မြစ်ရေတင်စီမံကိန်းများဖြင့်လည်း ရေပေးဝေလျက်ရှိသည်။

အဆိုပါ မြစ်ရေတင်များတွင် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားဒေသများဖြစ်သော ညောင်ဦးမြို့နယ်အတွင်းမှ နတ်သမီးကမ်းပါး မြစ်ရေတင်စီမံကိန်းနှင့် ပခုက္ကူမြို့ရှိ မြစ်ရေတင်စီမံကိန်းများလည်း အပါအဝင်ဖြစ်ပြီး ဒေသတွင်း စိုက်ပျိုးရေရရှိရေး၊ ဒေသခံပြည်သူများ သောက်သုံးရေရရှိရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ရေများပေးဝေနေသည်။



ပခုက္ကူမြစ်ရေတင် စီမံကိန်းတွင် ရွှေတန့်တင်ရေတင်၊ ကြီးရွာ ရေတင်၊ ကုက္ကိုလုရေတင်နှင့် ချစ်သူရေတင်တို့မှာ ဧရာဝတီမြစ်မှ ရေတင်သည့် လုပ်ငန်းများဖြစ်သည်။ ချင်းတွင်းမြစ်ရေတင်လုပ်ငန်းများမှာ သင့်သည်ရေတင်၊ သမန္တပို့ရေတင်၊ မအူပင် အောက်ဆိပ်ရေတင်၊ မင်းရွာရေတင်၊ ဝါယာ-သာစည်ရေတင်၊ ရေပြာရေတင်တို့ဖြစ်ကြသည်။ ယောချောင်းမြစ်ရေတင်တို့မှာ စံဖဲရေတင်နှင့် ဆိပ်ဖြူအောက်ဆိပ်ရေတင်တို့ဖြစ်ကြသည်။ ပခုက္ကူမြစ်ရေတင်စီမံကိန်းတွင် ပခုက္ကူခရိုင်အတွင်း လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ၁၄ ခု ရှိသည်။

ပခုက္ကူမြစ်ရေတင်စီမံကိန်းမှ ၂၀၁၇ ခုနှစ် နွေစပါးစိုက်ပျိုးရန်အတွက် ဌာန၏ ကြိုတင်လျာထားချက်ကို ဒေသတွင်း စိုက်ပျိုးရေးညှိနှိုင်းအဖွဲ့များကိုချပြ၍ အသေးစိတ်ညှိနှိုင်းခြင်း၊ မြို့နယ်အဆင့် ပဏာမလျာထားချက်အပေါ် သက်ဆိုင်ရာ တောင်သူများနှင့် လက်တွေ့ကျကျ ရေသွင်းစိုက်ပျိုးနိုင်သည်အထိ တွေ့ဆုံညှိနှိုင်းခြင်း၊ တောင်သူများနှင့် ထိတွေ့ညှိနှိုင်းရရှိသည့်အတိုင်း သဘောတူစာချုပ်ချုပ်ဆိုခြင်း၊ ဌာနပိုင်ရေမြောင်းများ စစ်ဆေးခြင်း၊ တောင်သူပိုင်လယ်ကြားမြောင်းများပြုပြင်ခြင်း၊ မြေယာပြုပြင်ခြင်းများကိုညှိနှိုင်းပြီး ရေလှည့်ဇယားရေးဆွဲကြော်ငြာပြီး ရေစတင်ပေးဝေနေသည်။

ပခုက္ကူခရိုင်တွင် ၂၀၁၆-၂၀၁၇ ခုနှစ် နွေသီးနှံရာသီတွင် အမှန်စိုက်ကေဖြစ်သော စပါး ၂၅၃၂ ကေနှင့် အခြားသီးနှံ ၂၀၀၉ ကေ စုစုပေါင်း ၄၅၄၁ ကေ စိုက်ပျိုးရန်ဖြစ်သော်လည်း လျာထားချက်ထက် နွေစပါး ကေ ၁၉၅၀၊ အခြားသီးနှံကေ ၃၆၁၀ စုစုပေါင်း ကေ ၅၅၆၀ စိုက်ပျိုးမည်ဖြစ်ရာ ယခုနှစ်တွင် နွေသီးနှံ ၁၀၁၉ ကေကို ပိုမိုပြီး ရေပေးဝေသွားမည် ဖြစ်သည်။ ပခုက္ကူခရိုင်အတွင်းရှိ လျှပ်စစ်မြစ်ရေတင်စီမံကိန်းအသီးသီးမှ ရေပေးနိုင်စွမ်းအင်၊ ရေသောက်နိုင်စွမ်းရှိသလောက် တစ်နှစ်ထက်တစ်နှစ် တစ်ရာသီထက်တစ်ရာသီ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ညောင်ဦးခရိုင် မြစ်ရေတင်လုပ်ငန်းများဖြစ်သော ငါ့သရောက်မြစ်ရေတင်စီမံကိန်းမှ ၂၀၁၇ ခုနှစ် မိုးသီးနှံလျာထားချက်မှာ စပါး ၆၅၇ ကေ၊ အခြား ၉၄၈ ကေ စုစုပေါင်း ၁၆၀၅ ကေ၊ လက်ပံခြေပေါ်မြစ်ရေတင်စီမံကိန်းမှ စပါး ၄၄၀ ကေ၊ အခြား ကေ ၅၂၀ စုစုပေါင်း ကေ ၉၆၀ သူကောင်းတည်မြစ်ရေတင်စီမံကိန်းမှ စပါး ကေ ၂၆၀၊ အခြား ကေ ၆၆၀၊ စုစုပေါင်း ကေ ၉၂၀၊ ကျောက်ကူးမြစ်ရေတင်စီမံကိန်းမှ စပါး ၁၂၇ ကေ၊ အခြား ၅၀၈ ကေ စုစုပေါင်း ၆၃၅ ကေ၊ လောကနန္ဒာမြစ်ရေတင်စီမံကိန်းမှ စပါး ၅၄၉ ကေ၊ အခြား ၂၀၀၀ ကေ စုစုပေါင်း ကေ ၂၅၅၀ ဖြစ်ပြီး မြစ်ရေတင်စီမံကိန်းငါးခုမှ စုစုပေါင်းကေ ၆၆၇၀ စိုက်ပျိုးပြီး ရေများကို မြစ်ရေတင်စီမံကိန်းငါးခုမှ ၂၀၁၇ ခု ဇူလိုင်လမှစ၍ ရေပေးဝေနေပြီဖြစ်သည်။

ညောင်ဦးမြစ်ရေတင်စီမံကိန်းငါးခုမှ ကျေးလက်သောက်သုံးရေရရှိရေးအတွက် ကျေးရွာများတွင် ရေကန် ၂၅ ကန် ကျေးရွာပေါင်း ၂၆ ရွာမှ လူဦးရေ ၂၄၀၇၇ ဦးတို့အား သောက်သုံးရေဖူလုံစွာရရှိရေး ဆောင်ရွက်နေသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မြစ်ရေတင်စီမံကိန်းငါးခုမှ ရေကန်ခြောက်ကန်၊ အသုံးပြုမည့် ကျေးရွာခုနစ်ရွာနှင့် လူဦးရေ ၆၃၉၄ ဦးတို့အား သောက်သုံးရေထပ်မံဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

ပခုက္ကူမြစ်ရေတင်စီမံကိန်းနှင့် ညောင်ဦးမြစ်ရေတင်စီမံကိန်းများမှ မြစ်ရေတင်လုပ်ငန်း ၁၉ ခုက တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေ အလုံအလောက် ပေးဝေနေသဖြင့် တောင်သူများအနေဖြင့် အဆင်ပြေလျက်ရှိသလို ကျေးလက်နေပြည်သူများအတွက် သောက်သုံးရေ၊ တိရစ္ဆာန်များအတွက် သောက်ရေများပါရရှိစေပြီးဒေသတွင်း ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကိုလည်း အဆိုပါမြစ်ရေတင်လုပ်ငန်းများက အထောက်အကူပြုလျက်ရှိပေသည်။ **လယ်မြေချစ်သူ**

## ရန်ကုန်ဈေးကွက်၌ မတ်ပဲနှင့် ပဲစင်းငုံများ သတ်မှတ်ဈေးထက်လျော့ပြီး အရောင်းအဝယ်ဖြစ်

**ရန်ကုန် အောက်တိုဘာ ၁၅**

ရန်ကုန်ပဲဈေးကွက်တွင် ပဲစင်းငုံနီ(RC) ဈေးနှုန်းသည် တစ်ရက်ထက်တစ်ရက် ကျဆင်းလျက်ရှိရာ အောက်တိုဘာ ၉ ရက်တွင် တစ်တန် ကျပ် ၃၉၉၀၀၀၊ အောက်တိုဘာ ၁၀ ရက်တွင် ကျပ် ၃၈၇၀၀၀၊ အောက်တိုဘာ ၁၁ ရက်တွင် ကျပ် ၃၈၂၅၀၀ နှင့် အောက်တိုဘာ ၁၂ ရက်တွင် ကျပ် ၃၇၈၅၀၀ နှုန်းသို့ ကျဆင်းလာခဲ့သည်။ မတ်ပဲ RC မှာ အောက်တိုဘာ ၁၁ ရက်တွင် တစ်တန်လျှင် ၄၉၅၀၀၀ ကျပ်ဈေးသို့ ကျဆင်းခဲ့သော်လည်း အောက်တိုဘာ ၁၂ ရက်တွင် ကျပ်ငါးသိန်းနှုန်းသို့ ပြန်မြင့်တက်လာသည်ဟု နေ့စဉ် ပဲဈေးနှုန်းစာရင်းများအရ သိရသည်။

ပြီးခဲ့သည့်ဩဂုတ်လက အိန္ဒိယနိုင်ငံမှ ပဲတင်သွင်းမှုကန့်သတ်ချက်အရ ပြည်တွင်း ပဲဈေးနှုန်းများကျဆင်းလာ၍ ဈေးနှုန်းထိန်းသိမ်းနိုင်ရန် မြန်မာနိုင်ငံ ပဲ၊ နှမ်းအသင်းက ကျပ် ဘီလီယံ ၅၀ နှင့် နိုင်ငံတော်က ကျပ် ဘီလီယံ ၅၀ ထည့်ဝင်ကာ မတ်ပဲတစ်တန်လျှင် ကျပ်ငါးသိန်းနှင့် ပဲစင်းငုံတစ်တန်လျှင် ကျပ်လေးသိန်းနှုန်း အခြေခံဈေးသတ်မှတ်၍ ဝယ်ယူမည်ဟု သတင်းထုတ်ပြန်ခဲ့သည်။ သို့သော် ရန်ကုန်ပဲဈေးကွက်တွင် ဈေးနှုန်းများမှာ သတ်မှတ်ဈေးအောက်လျော့သော ဈေးနှုန်းများဖြင့် ရောင်းဝယ်နေကြပြီး အောက်တိုဘာ ၁၀ ရက်တွင် ပဲစင်းငုံ ကုန်သေတ္တာ ၂၅ လုံးနှင့် အောက်တိုဘာ ၁၁ ရက်တွင် မတ်ပဲ ကုန်သေတ္တာ ၃၀ သတ်မှတ်ဈေးအောက်တွင် အရောင်းအဝယ်ဖြစ်ခဲ့သည်ဟုသိရသည်။ ထို့အတူ အောက်တိုဘာ ၁၃ ရက်တွင် မတ်ပဲ RC တစ်တန် ကျပ် ၄၉၅၀၀၀ နှုန်းဖြင့် ကုန်သေတ္တာ ၁၀ လုံး၊ ပဲစင်းငုံနီ RC တစ်တန် ကျပ် ၃၈၀၀၀၀ နှုန်းဖြင့် ကုန်သေတ္တာ ၂၅ လုံး အရောင်းအဝယ်ဖြစ်သည်ဟု အောက်တိုဘာ ၁၃ ရက် ရန်ကုန်ကုန်စည်ဒိုင်ဈေးနှုန်းစာရင်းတွင် ဖော်ပြချက်အရ သိရသည်။

လက်ရှိပဲဈေးကျနေသော်လည်း အခြေခံသတ်မှတ်ဈေးဖြင့် ရောင်းချနိုင်လာသဖြင့် ရန်ကုန်ပဲဈေးကွက်တွင် သတ်မှတ်ဈေးဖြင့်ရောင်းချခြင်းက ပေါက်ဈေးဖြင့်ရောင်းချခြင်းထက် ဈေးပိုရကာ ပဲအသစ်များ ဈေးကွက်များသို့ မရောက်မီ ပြည်တွင်းလက်ကျန်ပဲများကို အခြေခံသတ်မှတ်ဈေးဖြင့် စတင်ဝယ်ယူလာခြင်းများ ရှိလာသဖြင့် ရန်ကုန်ပဲဈေးကွက်တွင် သတ်မှတ်ဈေးအောက် ကျဆင်းနေခြင်းများ လျော့နည်းသွားနိုင်ကြောင်း သိရသည်။

**ခင်ဆိုင်**

## တိုက်ကြီးဒေသထွက်နွားနို့ကို ရန်ကုန်ဈေးကွက်မှ ရသလောက်ဝယ်နေ၍ နွားမွေးမြူသူများအဆင်ပြေ

**တိုက်ကြီး အောက်တိုဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်းမှ နို့စားနွားမွေးမြူသူများ ထုတ်လုပ်ရောင်းချသော နွားနို့များကို ရန်ကုန်မြို့တွင်းဈေးကွက်များသို့ သွားရောက်ရောင်းချရာတွင် ရသလောက် ဝယ်ယူနေကြသဖြင့် နို့စားနွားမွေးမြူသူများအနေဖြင့် အဆင်ပြေလျက်ရှိကြောင်း တိုက်ကြီးမြို့ရှိ နို့စားနွားမွေးမြူသူများထံမှ သိရသည်။



တိုက်ကြီးမြို့ရှိ နို့စားနွားမွေးမြူသူများမှ နွားနို့ထုတ်လုပ်နိုင်မှုမှာ နေ့စဉ် နွားနို့ ပိဿာချိန် ၇၀၀ ကျော်ရှိကြောင်းနှင့် တိုက်ကြီးမြို့မှထွက်ရှိသော နွားနို့များကို ရေပါ၊ မပါ စစ်ဆေးပြီး ရေရောခြင်းမရှိသည့် နို့များကို Walco ကုမ္ပဏီက ပုံမှန်ဝယ်ယူနေကြောင်း တိုက်ကြီးမြို့မှ ရန်ကုန်ဈေးကွက်သို့ နေ့စဉ် နွားနို့တင်ပို့ရောင်းချနေသည့် နွားနို့ အဝယ်ဒိုင်တစ်ဦးက ပြောသည်။

တိုက်ကြီးမြို့ ကုလားကုန်းကျေးရွာမှ နို့စားနွားအကောင် ၈၀ မွေးမြူထားသူ ဦးစောလှဝင်းကလည်း "ကျွန်တော်တို့ အချိန်မီပို့နိုင်အောင် နွားနို့ ညှစ်ချိန်ကို မနက် ၆ နာရီက ၇ နာရီခွဲအတွင်း အပြီးညှစ်ပြီး ရန်ကုန်ဈေးကွက်ကို ၉ နာရီအတွင်း ရောက်အောင်ပို့ရပါတယ်။ Walco ကုမ္ပဏီက သတ်မှတ်ချိန်ရောက်ရင် နွားနို့တစ်ပိဿာကို ငွေကျပ် ၁၃၀၀ ရရှိပါတယ်။ သတ်မှတ်အချိန်ထက် နောက်ကျရင် ကျပ် ၁၁၀၀ ပဲ ရပါတယ်"ဟု ပြောသည်။

လက်ရှိအချိန်တွင် တိုက်ကြီးမြို့နယ်အတွင်း စီးပွားဖြစ် နို့စားနွားမွေးမြူနေသူ ၅၀ ခန့်ရှိကြောင်း၊ နို့စားနွားပေါက်ချိန်ဖြစ်သော သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်လများတွင် နို့အများဆုံးရပြီး နို့စားနွားတစ်ကောင်လျှင် တစ်နေ့ နို့လေးပိဿာမှ ခြောက်ပိဿာအထိ ရရှိကြောင်း၊ ဒေသနွားများမှာမူ နွားနို့အထွက်နှုန်းလျော့ပြီး တစ်ကောင်လျှင် နွားနို့ တစ်ပိဿာမှ နှစ်ပိဿာခန့်သာ ထွက်ရှိကြောင်း တိုက်ကြီးမြို့နယ်ရှိ နို့စားနွားမွေးမြူသူများထံမှ သိရသည်။

ယခုအချိန်မှာ မိုးရာသီမကုန်သေးသည့်အချိန်ဖြစ်သဖြင့် နွားစာအတွက် မြက်များပေါများ၍ နွားမွေးမြူသူများအနေဖြင့် နွားစာအတွက် အစာနုကိုသာ ဝယ်ကြရပြီး အရောင်းဈေးကွက်တွင်လည်း နွားနို့သောက်သုံးသူ၊ နို့ထွက်ပစ္စည်းထုတ်လုပ်သူများပြားလာခြင်းကြောင့် နွားနို့ရောင်းအားကောင်းကာ နွားမွေးမြူသူများအနေဖြင့် စီးပွားရေးအရ အကျိုးအမြတ်များပြီး တွက်ခြေကိုက်လျက်ရှိကြောင်း နို့စားနွားမွေးမြူသူများ၏ ပြောကြားချက်အရ သိရသည်။ **ထွန်းလှိုင်(မြိုင်)**

## မိုးသည်းထန်ပြီး တောင်ကျရေဆင်း၍ မိုးစပါးစိုက်ခင်းများ ရေမြုပ်

**စဉ့်ကူး အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် အောက်တိုဘာ ၁၃ ရက် နံနက် ၃ နာရီခန့်က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခြင်းကြောင့် ခတက်ချဉ်ချောင်းမှ တောင်ကျချောင်းရေများဆင်းကာ ရွှေပြည်ကျေးရွာအုပ်စုနှင့် ညောင်ဝန်းကျေးရွာအုပ်စုအတွင်းရှိ ကွင်းကိုးကွင်းမှ တောင်သူ ၉၃ ဦး၏ မိုးစပါး ၂၃၄ ဧက ရေနစ်မြုပ်လျက်ရှိကြောင်း မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

ရေနစ်မြုပ်မှုကြောင့် အဆိုပါ မိုးစပါးစိုက်ခင်းများ၏ ထိခိုက်ပျက်စီးမှု အခြေအနေ အသေးစိတ်ကို ရေပြန်လည်ကျဆင်းချိန်တွင် မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များဖြင့် ကွင်းဆင်းစစ်ဆေးမည်ဖြစ်ကာ ပျက်စီးဆုံးရှုံးမှု အခြေအနေများကို ပြန်လည်တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းဇော်ဦး(ပြန်/ဆက်)**

## တောင်သူအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်စေရေး နယူးဟော်လန်ထွန်စက်များသရုပ်ပြ

**ရေတာရှည် အောက်တိုဘာ ၁၅**

လက်မှုလယ်ယာမှ စက်မှုလယ်ယာကဏ္ဍသို့ ပြောင်းလဲရေးအတွက် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၈)ထွန်စက်စခန်းက ဦးစီး၍ လယ်ယာသုံးစက်ကိရိယာများဖြင့် ထွန်ယက်ရေးသရုပ်ပြပွဲများကို တောင်သူများနှင့် တိုက်ရိုက်ထိတွေ့ပြီး ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၂ ရက်က ဆွာမင်းလမ်းကျေးရွာအုပ်စု မှန်စီကျေးရွာ၌ ထွန်ယက်ရေးသရုပ်ပြပွဲကို ပြုလုပ်ခဲ့သည်။



ထွန်ယက်ရေးသရုပ်ပြပွဲတွင် NEW HOLAND အမျိုးအစား ထွန်စက်များဖြင့် ထယ်ရေး၊ ထွန်ရေးမောင်းနှင်ပြသခြင်းအပြင် ထယ်ရေးပြီးနောက် စိုက်ထယ်ရေးပြုပြင်ရာတွင် အသုံးပြုသည့် အီတလီနိုင်ငံထုတ် Power Harrow စက်များကိုပါ ပြသခဲ့ပြီး ယင်းစက်များကို လာရောက်ကြည့်ရှုလေ့လာကြသည့် တောင်သူများ အထူးပင်စိတ်ဝင်စားခဲ့သည်ကို တွေ့ရှိရသည်။ ထွန်ယက်ရေးသရုပ်ပြပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မိုးနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆွာမင်းလမ်းကျေးရွာအုပ်စုနှင့် ကုန်းကြီးကျေးရွာအုပ်စုတို့မှ တောင်သူ ၁၃၀ လာရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# မျှော်လင့်ချက်များနှင့် တဖြည်းဖြည်း ဝေးကွာလာသည့် ရော်ဘာဈေးကွက်

**သုဝဏ္ဏဝတီ အောက်တိုဘာ ၁၅**

မွန်ပြည်နယ်သည် ရော်ဘာစိုက်ပျိုးထုတ်လုပ်ရောင်းချမှုကို အဓိကအားထားနေရသည့် ပြည်နယ်တစ်ခုဖြစ်သော်လည်း ရော်ဘာဈေးများ ဆက်တိုက်ကျဆင်းနေမှုကြောင့် ရော်ဘာစိုက်တောင်သူများ၏ မျှော်လင့်ချက်များ တဖြည်းဖြည်းနှင့် ဝေးကွာလာနေကြောင်း သိရသည်။ မြန်မာနိုင်ငံ၏ ရွှေဖြူဟု အခြားပြည်ပပို့ကုန်များအကြား ယခင်ကာလက နာမည်ကြီးခဲ့သော်လည်း လွန်ခဲ့သောခြောက်နှစ်ခန့်မှစတင်၍ ဈေးကွက်အတွင်း ဈေးများကျဆင်းလာခဲ့သောကြောင့်လည်းကောင်း၊ ယခုခေတ်ကုန်ဈေးနှုန်းဖြင့် နှိုင်းယှဉ်ရာတွင် ဈေးကွက်စီးပွားရေးအခြေအနေအရကြောင့်လည်းကောင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကို ရော်ဘာစိုက်တောင်သူများ စိတ်ဝင်စားမှုနည်းပါးလာသည်ကိုလည်း တွေ့ရသည်။

ထို့ကြောင့် အစိုးရ၊ သက်ဆိုင်ရာအဖွဲ့အစည်းများက ရော်ဘာဈေးကွက် ခိုင်မာလာစေရေးအတွက် ဆောင်ရွက်လျက်ရှိသလို ရော်ဘာထုတ်ကုန်ကဏ္ဍတွင် အရည်အသွေးမြင့်ရော်ဘာများ ထုတ်လုပ်နိုင်စေရေးအတွက် ရော်ဘာစက်ရုံများ၊ ချေးငွေများပေးအပ်ရေး၊ နည်းပညာများ နည်းဥပဒေများစသည်တို့ကို ရော်ဘာစိုက်တောင်သူများအား သင်ကြားပြသပြောဆိုစည်းရုံးနေသော်လည်း ရော်ဘာဈေးကွက်၊ ဈေးနှုန်းမှာ တိကျခိုင်မာမှုမရှိသေးဘဲ အဆင့်မြင့်ရော်ဘာများ ထုတ်လုပ်နိုင်မည့် သန့်စင်စက်ရုံများ ပေါ်ထွက်လာရန်လည်း မသေချာ မရေရာသေးသည့်အချိန်ဖြစ်နေသေးသည့်အတွက် ရော်ဘာထုတ်လုပ်မှုမှာ တဖြည်းဖြည်း ကျဆင်းလာလျက်ရှိသည်။ ဒေသတွင်းမှ စုစည်းမှုမရှိဘဲ ပြန့်ကျဲနေသော တစ်နိုင်တစ်ပိုင် ရော်ဘာစိုက်ပျိုးသူများအနေဖြင့် ရော်ဘာဈေးနှုန်းကျဆင်းမှုကြောင့် အခက်အခဲများနှင့်ရင်ဆိုင်နေကြရသည်။

အဘယ့်ကြောင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု အခက်အခဲရှိရသနည်း။ ဘာကြောင့် ရော်ဘာဈေးနှုန်း ကျဆင်းနေရပါသနည်း။ ရော်ဘာဈေးနှုန်း အဘယ့်ကြောင့် ကျဆင်းရသည်ဆိုသည့်အချက်ကို ရော်ဘာစိုက်ပျိုးသူမည်သူမျှ မပြောနိုင်ပါ။ သို့သော် အခက်အခဲများကိုတော့ သေချာပြောပြနိုင်ပါလိမ့်မည်။ လက်ရှိ ရော်ဘာဈေးကွက် အခြေအနေတွင် ကုန်သည်၊ ပွဲစား၊ ကုမ္ပဏီများအနေဖြင့် အဆင်ပြေကောင်းပြေနိုင်ကြမည်ဖြစ်သော်လည်း တစ်နိုင်တစ်ပိုင် ရော်ဘာစိုက်ပျိုးသူ ခြံရှင်များအနေဖြင့် အဆင်မပြေကြပါ။



ရော်ဘာမျိုးကောင်းမျိုးသန့်များ ရွေးချယ်၍ မစိုက်ပျိုးနိုင်ခဲ့ခြင်း (စိုက်ပျိုးခဲ့သော ရော်ဘာပျိုးပင်များသည် မျိုးရိုးဗီဇမမှန်ကန်ခြင်း၊ မသိနားမလည်၍ မျိုးကောင်းမျိုးသန့်ဆိုပြီး ဈေးကြီးပေးဝယ်စိုက်ပျိုးသော ပျိုးပင်များက မျိုးမမှန် တာဝန်ခံမှုမရှိသောကြောင့် အစေးအထွက်နှုန်းနည်းခြင်း)၊ စနစ်တကျစိုက်ပျိုးနိုင်မှု အားနည်းခြင်း၊ ပြုစုပျိုးထောင်ချိန်မှ အစေးခြစ်ရသည့်အချိန်အထိ အကုန်အကျများခြင်း၊ ရော်ဘာအစေးခြစ်အလုပ်သမားများ ရှားပါးလာခြင်း (ခေတ်အလိုက်တိုးမြှင့်လာသော အလုပ်သမားများ၏ လုပ်ခလစာကို မပေးနိုင်လျှင် အလုပ်သမားခေါ်ယူ၍မရခြင်း၊ လခစားပေးခြစ်သော်လည်း အလုပ်သမားမမြဲခြင်း)၊ အလုပ်သမားရှာမရ၍ တစ်ရာသီစာ ရသလောက်ဈေးနှုန်းဖြင့် ရောင်းချရခြင်း၊ ယခင်က လူတစ်ဦးလျှင် တစ်ကွက်စာ အပင် ၃၀၀ ခန့်ကို အစေးခြစ်(အစေးယူ)သည့်အစား အလုပ်သမားမရှိ၍ နှစ်ကွက်စာ သုံးကွက်စာကို တစ်ဦးသာ ခြစ်ခြင်းတို့ကြောင့် အပင်ကုန်မခြစ်နိုင်၍ ရော်ဘာအထွက်နည်းခြင်းစသည့် အခက်အခဲများကို တစ်နိုင်တစ်ပိုင် ခြံရှင်များအနေဖြင့် ကြုံတွေ့နေရကြောင်း နှစ်ပေါင်းများစွာကတည်းက တစ်နိုင်တစ်ပိုင် ရော်ဘာခြံခြောက်ဧက လုပ်ကိုင်လာသူ သထုံမြို့နယ် ဝင်းပကျေးရွာသား ဦးငြိမ်းမောင်က ပြောသည်။

အထက်ပါ စိုက်ပျိုးရေးဆိုင်ရာ အခက်အခဲများသာမက ကုန်ချောထုတ်လုပ်မှုနှင့် ဈေးကွက်ပိုင်းတွင် တွေ့ကြုံနေရသည့် အခက်အခဲများလည်း ရှိနေသည်။ အရည်အသွေးမြင့်ရော်ဘာပြားများ ထုတ်လုပ်ရန် ပြောင်းလဲလာသည့်နည်းစနစ်များက စရိတ်မြင့်မားမှုကြောင့် ခြံရှင်များအနေဖြင့် ရှေးရိုးပုံစံအတိုင်းသာ (ရော်ဘာခြစ်ယူ၊ ကော်ရည်ခဲ၊ ကော်ရည်ကြိတ်၊ နေလှန်း၊ မှိုင်းတင်၊ ကုန်ချောထုတ်ယူ)ပြုလုပ်ရောင်းချနေရဆဲဖြစ်ခြင်း၊ ရောင်းချရာတွင် ရော်ဘာဈေးနှုန်း မတည်ငြိမ်ဘဲ အကျဘက်သာရှိနေခြင်း၊ ဒေသတွင်း တစ်နေရာနှင့်တစ်နေရာ ဈေးနှုန်းမတူညီသည်သာမက နေ့စဉ် ဈေးပြောင်းလဲနေပြီး တတိယလက်ခွဲဒိုင်ပေးသည့် ဈေးနှုန်းကိုသာ ရရှိခြင်း (ရော်ဘာပြား အစို/အခြောက် အရည်အသွေးအပေါ်မူတည်၍) ဈေးနှုန်းများ ကျဆင်းနေခြင်း စသည့်အခက်အခဲများဖြစ်သည်။

“ရော်ဘာ လေးကွက်စာ ရှိတယ်။ နှစ်ယောက်ပဲ ခြစ်တယ်။ တစ်ယောက်ကို တစ်လ နှစ်ကွက်စာအတွက် တစ်သိန်းခွဲပေးရတယ်။ နှစ်ယောက်ကို သုံးသိန်းပေးရတယ်။ ရော်ဘာပြား ၁၈ ပြားရတယ်။ ကော်ရည်ကို ခြံထဲသွားယူရတယ်။ ကိုယ်တိုင်ခဲ ကိုယ်တိုင်ကြိတ် နေလှန်းမှိုင်းတင်ရောင်းရတယ်။ ဈေးကျလည်း မတတ်နိုင်ဘူးလေ။ အဆင်မပြေတော့ ရောင်းရတာပါပဲ”ဟု ဒညင်းကုန်းကျေးရွာမှ ရော်ဘာခြံရှင်တစ်ဦးက ပြောသည်။

“အခု ရော်ဘာဈေးက မှိုင်းကျတစ်ပေါင် ၈၀၀ ကျပ်၊ နေလှမ်းပြားက အစို/အခြောက်အပေါ်မူတည်ပြီး ၇၀၀ ကျပ်ကနေ ၇၈၀ ကျပ်အထိ ပေးဝယ်ပါတယ်။ အဆုပ်တုံး/ခဲးစာက တစ်ပေါင် ၃၀၀ ကျပ်ကနေ ၃၅၀ ကျပ်အထိ ဝယ်ပါတယ်။ အခုအချိန်က တစ်နေ့ကို ပေါင် ၃၀၀၀ ကနေ ၅၀၀၀ အထိ ဝယ်နေရပါတယ်”ဟု သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက် ရွှေလက်ဆောင်ရော်ဘာရောင်းဝယ်ရေးမှ ဒေါ်မေချစ်က လက်ရှိရော်ဘာဈေးကွက်အခြေအနေကို ပြောပြသည်။

သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီးပတ်ဝန်းကျင် ရပ်ကွက်/ကျေးရွာများတွင် ရော်ဘာရောင်းဝယ်ရေးဆိုင်(တတိယလက်ခွဲဒိုင်)များ ယခင်ကထက် များပြားလာပြီး ရော်ဘာပြား၏ သန့်စင်မှုနှင့် အစို/ အခြောက် အရည်အသွေးကိုကြည့်၍ ဈေးနှုန်းမတူညီသော်လည်း ရော်ဘာပြားရောင်းဝယ်မှုများက ရှိနေဆဲဖြစ်သည်။ တစ်ပိုင်တစ်နိုင် ရော်ဘာစိုက်ပျိုးနေကြသည့် ခြံရှင်များအနေဖြင့်မူ လက်ရှိ ရော်ဘာဈေးကွက်အခြေအနေများ ကျဆင်းနေသော်လည်း မလုပ်လျှင်မဖြစ်သောကြောင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းကို ရော်ဘာဈေးနှုန်း ပြန်လည်မြင့်တက်လာစေရန် မျှော်လင့်ချက်များဖြင့် လုပ်နေကြရဦးမည်သာဖြစ်သည်။ ။

**ခွန်(ဝင်းပ)**

## ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး အလုပ်ရုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၅**

ပဲစိုက်တောင်သူများ၏ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးအတွက် ပဲမြစ်ဖုဇီဝမြေဩဇာ ထုတ်လုပ်ရာတွင် အရည်အသွေးမြင့်မားစေရန် အထောက်အကူပြုသည့် သုတေသနဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကိုအောက်တိုဘာ ၉ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန မျိုးစေ့ဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ပဲမျိုးစုံထုတ်လုပ်မှု တိုးတက်စေရန်အတွက် အိန္ဒိယနိုင်ငံ အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသသီးနှံသုတေသန ဗဟိုဌာနနှင့်လည်း အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိ ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် သြစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဗဟိုစိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ပဲမျိုးစုံဆိုင်ရာ စီမံကိန်း အဖွဲ့ခေါင်းဆောင်ဖြစ်သည့် ပါမောက္ခ Dr. David Herridge က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် ACIAR တို့ ပူးပေါင်းဆောင်ရွက် သည့် အစီအစဉ်အရ အရည်အသွေးပြည့်မီသော ပဲမြစ်ဖုဇီဝမြေဩဇာ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးဆိုင်ရာ သုတေသနနှင့် အရည်အသွေးထိန်းသိမ်းမှုဆိုင်ရာများနှင့် တောင်သူများအတွက် ပဲမျိုးစုံထုတ်လုပ်ရာတွင် မရှိမဖြစ် သုံးစွဲသင့်သည့် အရည်အသွေး ပြည့်မီသော ပဲမြစ်ဖုဇီဝမြေဩဇာများကို ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးတို့ကို အသေးစိတ် ဆွေးနွေးပြောကြားခဲ့သည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ဟန်ချက်ညီညီ ပန်းတိုင်ဆီသို့

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မြို့နယ်ပေါင်း ၃၀၀ ကျော် ရှိပါတယ်။ ကျွန်တော် တို့ မကွေးတိုင်းဒေသကြီးကိုလည်း မြို့နယ်ပေါင်း ၂၅ မြို့နယ်နဲ့ ဖွဲ့စည်းထားပါတယ်။ လူထုစည်းရုံးရေးမှူးတစ်ယောက်ဖြစ်တဲ့ ကျွန်တော်ဟာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စိတ်ဝင်စားသည့်အတွက် ကိုယ့်ကျေးရွာတွင် တတ်နိုင်သလောက် ကြိုးစားဆောင်ရွက်နေပါတယ်။ ၂၀၁၄ ခုနှစ်မှာ မြို့နယ်အစည်းအဝေးတစ်ခု တက်ရတဲ့အခါ မြန်မာနိုင်ငံရဲ့ မဖွံ့ဖြိုးသောမြို့နယ်များကို ကမ္ဘာ့ဘဏ်မှ ငွေကြေးထောက်ပံ့မည့်အကြောင်းကို သိခဲ့ရပါတယ်။ မကွေးတိုင်းဒေသကြီးမှာ ဖွံ့ဖြိုးမှု အားနည်းနေတဲ့ မင်းတုန်းမြို့နယ်နှင့် စေတုတ္တရာမြို့နယ် နှစ်မြို့နယ်အနက် တစ်မြို့နယ်ကို လူထုဗဟိုပြုစီမံကိန်း ဝင်ရောက်မှာဖြစ်ကြောင်းကို သိရှိခဲ့ရပါတယ်။ ကျွန်တော်တို့ မင်းတုန်းမြို့နယ် ရရှိရန် ဆုတောင်းခဲ့သော်လည်း ဆုတောင်းမပြည့်ခဲ့ပါ။

၂၀၁၅ ကုန်ခါနီးအချိန်ပိုင်းလောက်မှာ လူထုဗဟိုပြုစီမံကိန်း လူထုစည်းရုံးရေးမှူးနှင့် လက်ထောက် နည်းပညာမှူးများအတွက် အလုပ်ကြော်ငြာပိုစတာများ ကျွန်တော်ကျေးရွာသို့ ရောက်ရှိလာပါတော့တယ်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာ လူထုဗဟိုပြုစီမံကိန်းအကြောင်း မိတ်ဆက်ပွဲသို့ တက်ရောက်ပါရန် မြို့နယ်မှ ဖိတ်စာတစ်စောင် ရောက်ရှိလာခဲ့ပါတယ်။ ထိုအစည်း အဝေးမှာ ကမ္ဘာ့ဘဏ်မှ ထောက်ပံ့ငွေအကြောင်းနှင့် စီမံကိန်းဆောင်ရွက်မယ့်လုပ်ငန်းများအကြောင်းကို သိရှိခဲ့ရပါတယ်။ စီမံကိန်းရဲ့ ရည်မှန်းချက်များကိုလည်း သိရှိနားလည်ခဲ့ပါတယ်။ အသိတစ်ခုရရှိခဲ့သည်မှာ ကျွန်တော် ဒီစီမံကိန်းတွင် ဝင်ရောက်တာဝန်ထမ်းဆောင်ခွင့်များ ရရှိခဲ့မည်ဆိုလျှင် ဘယ်လောက်များကောင်းလိမ့်မလဲ။ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ ကျေးရွာများကို မြင်ယောင်ပြီး တိုးတက်အောင်ဆောင်ရွက်ပေးလိုသော စိတ်ဆန္ဒပြင်းပြစွာ တောင့်တမိခဲ့ပါတယ်။ ကျွန်တော့်ရဲ့ စိတ်ကူးများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ စီမံကိန်းဝန်ထမ်းတစ်ယောက်ဖြစ်လာခဲ့ပါတယ်။

စီမံကိန်းဝန်ထမ်းတစ်ယောက်ဖြစ်လာတဲ့အခါ ကံပိုင် အုပ်စုနှင့် မီးပေါက်(တ)အုပ်စုတွင်ပါဝင်သော စုစုပေါင်း ကျေးရွာ ခြောက်ရွာကို တာဝန်ယူခဲ့ရပါတယ်။ စီမံကိန်း လုပ်ငန်းများကို ဆောင်ရွက်လာသော အချိန်ကာလ ကြာလာတာနဲ့အမျှ လုပ်ဆောင်ရမည့်တာဝန်များကလည်း တကယ်ကို ကြိုးစားအားထုတ် ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်ကြောင်းကို ပိုမိုသဘောပေါက် နားလည်လာရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ထောက်ပံ့တဲ့ ငွေကြေးထက် ပိုအရေးကြီးတဲ့ အသိစိတ်ဓာတ်များ ပြောင်းလဲလာအောင် စည်းရုံး လှုံ့ဆော်ပေးရမယ့်ကိစ္စဟာ လွယ်ကူတဲ့ကိစ္စမဟုတ်ကြောင်းကို သိရှိလာရပါတယ်။

ကျွန်တော်တို့ မင်းတုန်းမြို့နယ်လေးဟာ ဟိုယခင်က ကျေးရွာများမှ အစည်းဝေးများမှာ အားလုံးပါဝင်ဆွေးနွေးခြင်း အလေ့အထများ မရှိခဲ့ပါ။ အခြားလူမှုအဖွဲ့အစည်းများမှာလည်း မဝင်တာကြောင့် ရပ်ရွာကိစ္စများမှာ ကျေးရွာလူကြီးပြောသမျှနဲ့ ပြီးခဲ့ကြရပါတယ်။ အခု လူထုဗဟိုပြုစီမံကိန်း ဝင်ရောက်လာပြီးတဲ့အခါမှ အစည်းအဝေးပွဲများမှာ အားလုံးပါဝင်ဆွေးနွေးမှုသာ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိခဲ့ရတယ်။ လုပ်ငန်းများဆောင်ရွက်တဲ့ အဆင့်တိုင်းမှာလည်း ပွင့်လင်းမြင်သာစွာ လုပ်ဆောင်ရမည့် သဘောတရားများ ပါရှိပါတယ်။ သို့သော် ကျေးရွာလူထုအနေနဲ့ အားလုံးပါဝင်ဆွေးနွေးရမယ်ဆိုတာကို အလေ့အကျင့် နည်းပါးနေတာကြောင့် စည်းရုံးရာမှာ အခက်အခဲများစွာ ကြုံတွေ့ခဲ့ရပါတယ်။ ရှေးရိုးအစဉ်အလာအတိုင်းသာ လုပ်ဆောင်ချင်နေကြပါတယ်။ သူတို့အသိမှာ အရင်က အစိုးရအဆက်ဆက် လုပ်ဆောင်ခဲ့ပုံအရ ရပ်ရွာဆိုင်ရာ စီမံကိန်းများဟာ ထောက်ပံ့ငွေဘယ်လောက်ရရှိတယ်ဆိုတဲ့ ကိန်းဂဏန်းကိုသာ သိရှိခဲ့ရပြီး အမှန်တကယ် သူတို့ကိုယ်တိုင် စီမံလုပ်ကိုင်ခွင့်ရရှိနိုင်မယ်မဟုတ်လို့ နားလည်သိရှိထားခဲ့ပါတယ်။

လူထုဗဟိုပြုစီမံကိန်း ပထမစက်ဝန်းမှာတော့ စီမံကိန်း လုပ်ဆောင်ရမယ့် သဘောတရားများစွာ ယခင်ကျေးရွာများမှာလုပ်ဆောင်ခဲ့တဲ့ လုပ်ဆောင်ချက်များနဲ့ မတူကြောင်းကို သေချာရှင်းလင်းပြောပြခဲ့ရပါတယ်။ ကော်မတီဖွဲ့ရာမှာလည်း စီမံကိန်းရဲ့ ကျား၊ မရေးရာတန်းတူညီမျှမှု အညွှန်း(၅၀၅၀)အရ ကျေးရွာလူထုအနေနဲ့ ဖွဲ့စည်းရန်ခက်ခဲခဲ့ပါတယ်။ အထူးသဖြင့် အမျိုးသမီးများက ကော်မတီဝင်အဖြစ်ပါဝင်ဆောင်ရွက်ဖို့အတွက် မိမိကိုယ်မိမိ ယုံကြည်မှုအားနည်းခဲ့တဲ့အတွက် ကော်မတီဝင်အဖြစ် ပါဝင်နိုင်ရန် အားပေးစကားပြောခြင်း၊ အခြားဗဟုသုတများကိုလည်း ထည့်သွင်းပြီးပြောဆိုခြင်းတို့နဲ့ စည်းရုံးခဲ့ရပါတယ်။ စီမံကိန်းအပေါ် ယုံကြည်ချက်များရှိလာအောင်လည်း စီမံကိန်းမှာ အရင်ပါဝင်ခဲ့တဲ့ စေတုတ္တရာမြို့နယ်အကြောင်းကို ရှင်းလင်းပြောပြ ခဲ့ရပါတယ်။ စီမံကိန်းအပေါ်မှာ ကျေးရွာလူထု စိတ်ဝင်စားလာသော အဓိကအချက်များကို ပြောပြရပါတယ်။

စီမံကိန်း ပထမနှစ်စက်ဝန်း ဆပ်ကော်မတီဖွဲ့စည်းရာမှာ စနစ်တကျဖွဲ့စည်းနိုင်မှု၊ လုပ်ငန်းဆောင်ရွက်ရာမှာလည်း နည်းပညာပိုင်းနှင့် ပူးပေါင်းကျေးရွာလူထု ကိုယ်တိုင် ကျေးရွာရဲ့လိုအပ်ချက်ကိုဖော်ထုတ်ပြီး ကိုယ်တိုင်ဦးဆောင် စီမံခန့်ခွဲလုပ်ဆောင်ခွင့်ရရှိခြင်းတို့ကြောင့် စီမံကိန်းအပေါ် လူထုအနေနဲ့ ပိုမိုယုံကြည်မှုရရှိလာကြောင်းကို တွေ့ရပါတယ်။ အမျိုးသမီးများရဲ့ ပါဝင်မှု အခန်းကဏ္ဍဟာလည်း ယခင်နှင့်မတူဘဲ ပါဝင်ဆောင်ရွက်ခွင့်ရတဲ့အတွက် အမျိုးသမီးထုကို ပိုမိုစိတ်အား ထက်သန်စေခဲ့ပါတယ်။ တူညီတဲ့ အလုပ်အတွက် လုပ်အားခများရရှိခြင်း၊ အစည်းအဝေးများနဲ့ သင်တန်းများမှာ အမျိုးသမီးများရဲ့လုပ်ဆောင်ချက်များကို အလေးထားဆွေးနွေးခြင်း၊ အစည်းအဝေးလုပ်ရာမှာလည်း အမျိုးသားများနဲ့ အမျိုးသမီးများ တန်းတူထိုင် ဆွေးနွေးခွင့်ရခြင်း၊ ထင်မြင်ယူဆချက်များကိုလည်း ပွင့်လင်းမြင်သာစွာ ပြောဆိုခွင့် စာပေးပို့ခွင့်ရခြင်း၊ ကော်မတီဖွဲ့စည်းရာမှာ အမျိုးသမီးများ ပါဝင်ခွင့်ရရှိခြင်း၊ သက်ဆိုင်ရာလုပ်ငန်းအလိုက်လိုအပ်သော သင်တန်းများကိုလည်း သင်ကြားပို့ချပေးခြင်းတို့ကြောင့် ကျေးရွာလူထုဟာ စီမံကိန်း ပထမနှစ်စက်ဝန်းထက် ဒုတိယနှစ်စက်ဝန်းကာလမှာ စီမံကိန်းအပေါ် ကျေးရွာလူထုများဟာ ပိုမိုစိတ်ဝင်စားလာကြောင်းကို တွေ့မြင်ရပါတယ်။ စီမံကိန်းရဲ့ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိအောင် ဆောင်ရွက်ရာမှာ ကျေးရွာလူထုနဲ့ ဌာနဆိုင်ရာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဟာလည်း အရေးကြီးတဲ့ လုပ်ငန်းစဉ်တစ်ရပ်အနေနဲ့ ဟန်ချက်ညီညီ လျှောက်လှမ်းပါမှသာ ပိုမိုအောင်မြင်နိုင်ကြောင်း တင်ပြလိုက်ရပါတယ်။ ။

**ဝင်းနိုင်(လူထုစည်းရုံးရေးမှူး)**

# မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**
**၁၃၇၉ ခုနှစ်၊ လ ရက်**
**(၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို "မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကိုပြင်ဆင်သည့် ဥပဒေ" ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(င)တွင် ပါရှိသော "ပြည်ထောင်စုအစိုးရ ကျန်းမာရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုအစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(ည)၏ နောက်တွင် ပုဒ်မခွဲ(ဋ)နှင့် (ဌ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဋ) မတော်တဆဖြစ်မှုများ၊ အကြမ်းဖက်မှုများ၊ သဘာဝဘေးအန္တရာယ်များနှင့် လက်နက်ကိုင်ပဋိပက္ခများအတွင်း ကြုံတွေ့ရသည့် ထိခိုက်ဒဏ်ရာရရှိသူများကို လူသားချင်း စာနာထောက်ထားခြင်းအပေါ် အခြေခံကာ ရှေးဦးပြုစုခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ အားပေးကူညီခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန်၊

(ဌ) ရှေးဦးပြုစုခြင်းပညာရပ် ပြန့်ပွားရေးအတွက် အမျိုးသားအဆင့်အစီအမံများ ဆောင်ရွက်ရန်။"

၄။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေ ပုဒ်မ ၁၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ကောင်စီသည် ကောင်စီဝင်များထဲမှ အချိန်ပြည့်အလုပ်အမှုဆောင် အဖွဲ့ဝင် ၅ ဦးနှင့် အချိန်ပိုင်းအလုပ်အမှုဆောင် အဖွဲ့ဝင် ၆ ဦး၊ စုစုပေါင်း အဖွဲ့ဝင် ၁၁ ဦးပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ရွေးချယ်တင်မြှောက်ခြင်းခံရသည့် အလုပ်အမှုဆောင် အဖွဲ့ဝင်များသည် အချိန်ပြည့်အလုပ်အမှုဆောင်အဖွဲ့ဝင် ၅ ဦးအနက်မှ ဥက္ကဋ္ဌတစ်ဦးနှင့် ဒုတိယဥက္ကဋ္ဌတစ်ဦးကို ရွေးကောက်တင်မြှောက်ရမည်။"

၅။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ ပုဒ်မ ၂၅၊ ပုဒ်မခွဲ(ထ)၏ နောက်တွင် ပုဒ်မခွဲ(ဒ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဒ) အသင်း၏ စီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးကို အထွေထွေအတွင်းရေးမှူးအဖြစ် ခန့်အပ်ရမည်။"

---

# နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**နိုင်ငံ့ဝန်ထမ်းဥပဒေကိုဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၉ ခုနှစ်၊ လ ရက်**
**(၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံ့ဝန်ထမ်းဥပဒေကိုဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဈ)၏ နောက်တွင် ပုဒ်မခွဲ(ည)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ည) ပြည်သူ့ဝန်ထမ်းဆိုသည်မှာ အစိုးရက ခန့်ထားသည်ဖြစ်စေ၊ မခန့်ထားသည်ဖြစ်စေ အောက်ပါပုဂ္ဂိုလ်များပါဝင်ပါသည်-

(၁) နိုင်ငံ့ဝန်ထမ်း၊
(၂) နိုင်ငံရေးရာထူးတွင် ခန့်အပ်ခံရသူများ၊
(၃) နိုင်ငံရေးရာထူးတွင် ခန့်အပ်ခြင်းခံရသော ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်၊ အဆောင်အယောင်များနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသော ဥပဒေများအရ ခန့်အပ်ထားခြင်း ခံရသူများ၊
(၄) အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်များနှင့်တရားရေးဌာနများတွင် တာဝန်ထမ်းဆောင်နေသော်လည်း နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်ထားခြင်း မဟုတ်သောသူများ၊
(၅) ရွေးကောက်တင်မြှောက်ခြင်းဖြင့်ဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ရွေးချယ်တာဝန်ပေးခံရသူ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသော လုပ်ပိုင်ခွင့်ရှိသူ ပြည်သူ့ဝန်ထမ်းတစ်ဦးဦး သို့မဟုတ် ၎င်းက ဖွဲ့စည်းပေးသောအဖွဲ့အစည်းတွင် ပါဝင်သူများ၊ ၎င်းတို့၏ ကိုယ်စားလှယ်အပ်ခြင်းခံရသူများ သို့မဟုတ် ထပ်ဆင့်တာဝန်ပေးအပ်ခြင်းခံရသူများ၊
(၆) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြည်သူ့ဝန်ထမ်းအဖြစ် မှတ်ယူရမည်ဟု သတ်မှတ်ခြင်းခံရသူများ၊
(၇) တစ်ဦးတစ်ယောက်သောသူကို ဖမ်းဆီးချုပ်နှောင်ရန် အခွင့်အာဏာရှိသူများ၊
(၈) လွှတ်တော်သို့မဟုတ် စည်ပင်သာယာရေးကော်မတီ သို့မဟုတ် အများပြည်သူဆိုင်ရာ လုပ်ပိုင်ခွင့်ရှိသော အဖွဲ့အစည်း၏ အဖွဲ့ဝင်လူကြီးကို ရွေးချယ်ရန်အလို့ငှာ ရွေးကောက်ပွဲစာရင်းကို ရေးသားပြုစုရန်ဖြစ်စေ၊ ထုတ်ပြန်ကြေညာရန်ဖြစ်စေ၊ ပြင်ဆင်ရန်ဖြစ်စေ အခွင့်အာဏာအရ ရာထူးလက်ရှိဖြစ်သူများ၊
(၉) အစိုးရဌာနနှင့်အစိုးရအဖွဲ့အစည်းများ၊ လွှတ်တော်များနှင့်တရားရုံးများတွင်လုပ်ငန်းသဘောသဘာဝအရ သီးခြားခန့်အပ်တာဝန်ပေးထားသူများ။"

၃။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၇၄ ၏နောက်တွင် ပုဒ်မ ၇၄-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၇၄-က။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းသည် လိုအပ်ပါက နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ပြည်သူ့ဝန်ထမ်းများ၏ ခံစားခွင့်များကို သတ်မှတ်နိုင်သည်။ ယင်းသို့သတ်မှတ်ရာတွင် မိမိဘဏ္ဍာရန်ပုံငွေဖြင့် ရပ်တည်ဆောင်ရွက်ပါက မိမိဘဏ္ဍာရန်ပုံငွေမှ အသုံးစရိတ်ကျခံ သုံးစွဲရမည်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ အသုံးစရိတ်ကျခံသုံးစွဲရမည့်ကိစ္စဖြစ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ အသုံးစရိတ်ကျခံသုံးစွဲရမည့်ကိစ္စဖြစ်လျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လည်းကောင်း ဆောင်ရွက်ရမည်။"

---

## ကျွဲ၊ နွားအရှင်များကို ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ပြု

**နေပြည်တော် အောက်တိုဘာ ၁၅**

ကျွဲ၊ နွားအရှင်များကို ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

လွတ်လပ်သည့် ဈေးကွက်ဖော်ဆောင်နိုင်ရန်နှင့်တရားမဝင်တင်ပို့မှုများအား တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန်၊ မွေးမြူရေးတောင်သူများ ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်၊ တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ပိုမိုကာကွယ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျွဲ၊ နွားအရှင်များအား ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ပြုခြင်းဖြစ်ကြောင်း၊ ထိုသို့တင်ပို့ရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တင်ပို့ရမည်ဖြစ်ကြောင်း သိရသည်။

"အဓိကကတော့ ကျွဲ၊ နွားတွေကို တရားဝင်တင်ပို့ခြင်းဖြင့် နိုင်ငံတော်အတွက် အခွန်ငွေရရှိအောင် ဖြစ်ပါတယ်။ တရားမဝင်တာတွေ တရားဝင်လမ်းကြောင်းပေါ် ရောက်အောင် ဖြစ်ပါတယ်။ ဒီလိုတင်ပို့ရာမှာ လယ်ယာလုပ်ငန်းခွင်ကို ထိခိုက်မှုမရှိအောင် လယ်ယာလုပ်ငန်းခွင်သုံး ကျွဲ၊ နွားမျိုးကိုတော့ တင်ပို့ခွင့်ပြုမှာ မဟုတ်ပါဘူး။ မပါအောင်လည်း စနစ်တကျ စစ်ဆေးသွားမှာဖြစ်ပါတယ်။ ဒီလိုတင်ပို့ရာမှာလည်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရဲ့ သတ်မှတ်ချက်တွေ၊ စစ်ဆေးချက်တွေကို လိုက်နာဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကျွဲ၊ နွား တင်ပို့ဖို့အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရဲ့ သတ်မှတ်ချက်တွေကို တောင်းထားပါတယ်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနဲ့လည်း ညှိနှိုင်းပြီးဖြစ်ပြီး သူတို့ရဲ့ထောက်ခံချက်ပါမှလည်း တင်ပို့ခွင့်ပြုမှာ ဖြစ် ပါတယ်" ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။

ပြည်ပသို့ ကျွဲ၊ နွားအရှင်များ တင်ပို့ခြင်းကို ဈေးကွက်အခြေအနေနှင့် ပြည်တွင်းမွေးမြူထုတ်လုပ်နိုင်မှု အခြေအနေပေါ် မူတည်၍ သတ်မှတ်လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ အောက်တိုဘာ ၉ ရက်မှ စတင်ကာ တင်ပို့ခွင့်ပြုကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

**ရှင်မင်း**

## စိုက်ပျိုးမြေအရည်အသွေးကို လိုက်လံစစ်ဆေးပေးမည်

စိုက်ပျိုးမြေများ၏ အရည်အသွေးလိုအပ်ချက်များကို တောင်သူစိုက်ခင်းအရောက် အချဉ်ငန်ဓာတ်တိုင်းကိရိယာများဖြင့် မြေကြီးအတွင်းရှိ အစိုဓာတ်ကို လွယ်ကူစွာတိုင်းတာနိုင်ရေးအတွက် လိုက်လံဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စက်ကိရိယာဝန်ဆောင်မှု တောင်သူကွန်ရက်မှ သိရသည်။

"တောင်သူတွေ အထွက်နှုန်းကောင်းအောင်၊ အဆင်ပြေလာအောင် တောင်သူအချင်းချင်း ဝန်ဆောင်မှုပေးတာပါ။ ဝန်ဆောင်ခကိုလည်း လျော့နည်းပြီးတော့ပဲ ယူမှာဖြစ်ပါတယ်။ ဒါ့အပြင် ဧကများရင် များလာသလို လျော့နည်းယူဖို့ပါ။ ဒီစက်က အပြင်မှာဝယ်ရင် အနည်းဆုံး ငွေကျပ် ၁၅ သိန်းကျော်ရှိပါတယ်" ဟု အဖွဲ့ဝင် ဦးကျော်စိုးလင်းက ပြောသည်။

လက်ရှိ မန္တလေးတိုင်းဒေသကြီးရှိ ကျေးရွာ ၁၅ ရွာမှ တောင်သူများက ယာမြေများအတွင်း အစိုဓာတ်နှင့် မြေအချဉ်ဓာတ်တိုင်းတာရန် ဖိတ်ခေါ်ထားကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

မြေချဉ်ငန်ဓာတ်တိုင်းကိရိယာမှ တစ်ဆင့် မြေကြီးအတွင်းရှိ ချဉ်ငန်ဓာတ်နှင့် အစိုဓာတ်များကို လွယ်ကူစွာတိုင်းတာနိုင်ပြီး ထိုပစ္စည်းကို အိမ်တွင်း၊ အိမ်ပြင် အပင်များ၊ ဥယျာဉ်ခြံများနှင့် သီးနှံစိုက်ခင်းများတွင် မြေကြီး၏ချဉ်ငန်ဓာတ်၊ အစိုဓာတ်တိုင်းတာခြင်းများကို အသုံးပြုနိုင်သည်ဟု သိရသည်။

"အသီးအရွက် စိုက်ပျိုးတဲ့သူတွေအတွက် သင့်လျော်ပါတယ်။ မြေအချဉ်ဓာတ်နဲ့ အစိုဓာတ်အပေါ် မူတည်ပြီးတော့ ဟင်းသီးဟင်းရွက်ကိုလည်း ရွေးချယ်စိုက်ပျိုးဖို့ စားနပ်ရိက္ခာအဖွဲ့က အကြံပြုပေးပါတယ်" ဟု လယ်ဝေးမြို့နယ် သရက်ပင်ခြံကျေးရွာမှ တောင်သူဦးအောင်စိုးက ပြောသည်။



စားနပ်ရိက္ခာဖူလုံရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့၏ မူဝါဒများအရဒေသတွင်း အဖွဲ့များနှင့်ချိတ်ဆက်ဆောင်ရွက်သည့်အတွက်ကြောင့် စိုက်ပျိုးသူ တောင်သူများအနေဖြင့် မိမိတို့ဒေသရှိ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများမှ တစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်ပေးခြင်း ဖြစ်သည်။

သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရာတွင် အချဉ်ဓာတ်နှင့် အငန်ဓာတ်များနေသည့် စိုက်ပျိုးမြေများတွင် ကောင်းစွာမဖြစ်ထွန်းနိုင်ခြင်းကြောင့် မှန်ကန်သော မြေအချဉ်ငန်ဓာတ်တိုင်းတာခြင်းသည် သင့်လျော်သော အထွက်နှုန်းရရှိရန်အတွက် မရှိမဖြစ်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

**ဇာလင်းသူ(AMIA)၊ ဓာတ်ပုံ-ကေဇူး**

# ကျွန်တော်နဲ့ အက်(စ်)အိုအီးများ



● ပါမောက္ခ၊ ဒေါက်တာအောင်ထွန်းသက် ●

အက်(စ်)အိုအီးဆိုတာက နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေဖြစ်တယ်။ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံတိုင်းမှာ ဒီအဖွဲ့အစည်းတွေကို တည်ဆောက်ခဲ့တယ်။ လွတ်လပ်ရေးရတဲ့ နိုင်ငံတွေအနေနဲ့ ကိုလိုနီအစိုးရကို တွန်းလှန်ပြီး နိုင်ငံအသစ်တွေ တည်ထောင်တဲ့အခါ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းတွေကို ဖော်ထုတ်ခဲ့ကြတယ်။ အရင်းရှင်စနစ်ကို မနှစ်သက်တာမို့ အခုလို နိုင်ငံပိုင်အဖွဲ့အစည်းတွေနဲ့ တုံ့ပြန်ဖို့ စဉ်းစားခဲ့ကြတာဖြစ်တယ်။ နိုင်ငံရေးဘောဂဗေဒအယူအဆကို ရှေ့တန်းတင်ပြီး စီးပွားရေးသုံးသပ်မှုကို အာရုံမပြုခဲ့ကြဘူး။ စက်ရုံ၊ အလုပ်ရုံကြီးတွေကို တည်ထောင်ခဲ့ပြီး လုပ်သားပေါင်းထောင်ချီ အလုပ်ပေးနိုင်ခဲ့တယ်။ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းတွေကို စီမံကိန်းစီးပွားရေးစနစ်နဲ့ စီမံအုပ်ချုပ်ခဲ့တယ်။ ဒီပုံစံကို ဒုတိယကမ္ဘာစစ်ပြီးချိန်က ဆိုဗီယက်ပြည်ထောင်စုနဲ့ တရုတ်ပြည်တွေမှာ ကျင့်သုံးခဲ့တယ်။ အရှေ့ဥရောပမှာလည်း ဒီပုံစံတွေနဲ့ လှုပ်ရှားခဲ့တယ်။

မြန်မာပြည်မှာ လွတ်လပ်ရေးရပြီးချိန်ကစပြီး ဒီအစီအစဉ်တွေလုပ်ခဲ့ကြတယ်။ ၁၉၆၂ ခုနှစ်နောက်ပိုင်းမှာ ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံတွေကို ပြည်သူပိုင်သိမ်းဆည်းခဲ့ပြီး အစိုးရဝန်ကြီးဌာနတွေကို ကြီးကြပ်စေခဲ့တယ်။ ဒါကြောင့်လည်း နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေ ကြီးထွားပြန့်ပွားလာခဲ့တယ်။ အခုလိုဖြစ်နေတဲ့အနေအထားတွေဟာ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းမှာ အခြေအနေတွေက လုံးဝပြောင်းလဲသွားတယ်။ ဆိုဗီယက်နိုင်ငံကြီးပျက်သုဉ်းခဲ့ပြီး ကွန်မြူနစ်စနစ် ဆိတ်သုဉ်းခဲ့တယ်။ စီမံကိန်းစီးပွားရေးစနစ်ကတစ်ဆင့် ဈေးကွက်စီးပွားရေးစနစ်ဆီ ပြောင်းလဲခဲ့တယ်။ တရုတ်ပြည်မှာတော့ ၁၉၇၄ ခုနှစ်နောက်ပိုင်းမှာ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေကို ထိထိရောက်ရောက် ဆောင်ရွက်ခဲ့တယ်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ပုဂ္ဂလိကလက်ထဲ လွှဲပြောင်းခဲ့ကြတယ်။ အရှေ့ဥရောပနိုင်ငံတွေမှာလည်း ဒီပုံစံနဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေကို ဈေးပေါပေါနဲ့ ပုဂ္ဂလိကလက်ထဲ ကြမ်းခင်းဈေးနဲ့ ရောင်းချခဲ့တယ်။ ဒီလုပ်ငန်းတွေကို ဝယ်သူတွေအနေနဲ့ နဂိုအခြေအနေအတိုင်း ထိန်းသိမ်းဖို့ ကတိပေးခဲ့ပေမယ့် လက်တွေ့မှာ တန်ဖိုးရှိလှတဲ့ စက်ပစ္စည်းတွေကို ရောင်းချပြီး တာဝန်မဲ့လုပ်ခဲ့ကြတယ်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ဘယ်နည်း၊ ဘယ်ပုံကိုင်တွယ်ဖြေရှင်းသင့်သလဲဆိုတဲ့ မေးခွန်းကို ယခင်အစိုးရလက်ထက်မှာလည်း စဉ်းစားခဲ့သလို ယနေ့အစိုးရအသစ်အနေနဲ့လည်း စဉ်းစားနေရတာ တွေ့ရတယ်။

အခြေခံအချက်တစ်ခုက ဒီနိုင်ငံပိုင်စီးပွားရေးလုပ်ငန်းအများစုဟာ အရှုံးပေါ်နေတဲ့လုပ်ငန်းတွေဖြစ်တယ်။ ဝန်ထမ်းတွေအများကြီး ခန့်ထားပြီး ကုန်ကျစရိတ်တွေက အဆမတန်ကြီးမားတယ်။ တစ်ဖက်ကလည်း စီမံကိန်းစီးပွားရေးစနစ်ကို အခြေခံခဲ့တာမို့ ဈေးကွက်အခြေအနေနဲ့ မကိုက်ညီတာ မြင်ရပြန်တယ်။ စီးပွားရေးလုပ်ငန်းတွေကို စီးပွားရေးပုံစံနဲ့ စီမံအုပ်ချုပ်တာ မဟုတ်ဘဲ အုပ်ချုပ်ရေးပုံစံနဲ့ စီမံအုပ်ချုပ်ခဲ့ကြတယ်။ ဝန်ထမ်းတွေဟာလည်း ဝန်ထမ်းစိတ်သာရှိပြီး လုပ်ငန်းရှုံးခြင်း၊ မြတ်ခြင်းကို အာရုံမထားဘဲ လစာစားဖို့ပဲ စဉ်းစားခဲ့ကြတယ်။ ဈေးကွက်ရဲ့ လိုအပ်ချက်တွေကို ရှုံးထဲထိုင်ပြီး စီမံကိန်းတွေနဲ့ လှုပ်ရှားခဲ့တာမို့ အခြေအနေတွေက တဖြည်းဖြည်းဆိုးလာတယ်။ ဒီအထဲ အငြိမ်းစားယူသွားတဲ့ ဝန်ထမ်းတွေအတွက် ဝန်ထုပ်ဝန်ပိုးကလည်း မနည်းလှဘူး။ လက်ရှိအခြေအနေမှာ ရလာတဲ့ဝင်ငွေရဲ့ အများစုဟာ ပင်စင်အတွက် အသုံးပြုနေရပြန်တယ်။

အခုလိုအနေအထားမျိုးမှာ ဘာလုပ်သင့်သလဲ၊ ဒီအဖြေရဖို့ ကျွန်တော်လေ့လာတဲ့ ပေါ်လစီရွေးချယ်မှုပြဿနာအဖြစ် သတ်မှတ်လို့ရတယ်။ ရွေးချယ်စရာက သုံးနည်းပဲရှိတယ်။ ပထမရွေးချယ်မှုက နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေကို ဒီအတိုင်းထားပြီး ပြုပြင်သင့်တာတွေပြောင်းလဲဖို့၊ ဈေးကွက်စီးပွားရေးစနစ်နဲ့ ကိုက်ညီတဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းအဖြစ် အသွင်ပြောင်းဖို့။ ဒီနည်းလမ်းရွေးချယ်ဖို့ စီမံခန့်ခွဲမှုပုံစံတွေက အခြေခံကနေ ပြောင်းဖို့လိုအပ်မှာ။ ဝန်ထမ်းတွေကိုလည်း နဂိုအခြေအနေမျိုးအတိုင်း မဖြစ်အောင် ပြောင်းလဲဖို့။ ဒါပေမယ့် ဒီလမ်းစဉ်ရွေးချယ်တဲ့အခါ စီမံခန့်ခွဲသူ၊ ငွေရော၊ ဝန်ထမ်းတွေပါ ပါဝင်ပတ်သက်ရမှာဖြစ်တယ်။

ဒုတိယလမ်းစဉ်ကတော့ ပုဂ္ဂလိကလက်ထဲအပ်ဖို့ ဒီအစီအစဉ်တွေကို အခြားနိုင်ငံတွေမှာ လုပ်ခဲ့သလို မြန်မာပြည်မှာလည်း လုပ်ခဲ့တယ်။ ဒါပေမယ့် အားရလောက်တဲ့ အဖြေတော့ မရခဲ့ဘူး။ ကတိမတည်ဘဲ နိုင်ငံပိုင်လုပ်ငန်းတွေကို နဂိုပုံစံနဲ့ မလှုပ်ရှားဘဲ စိတ်ကြိုက်ပုံစံပြောင်းခဲ့တာတွေ တွေ့ရတယ်။ ဝန်ထမ်းတွေကို ဆက်လက်ခန့်ထားမယ်လို့ ကတိပြုပေမယ့် လက်တွေ့မှာတော့ ဝန်ထမ်းတွေကို အလုပ်ဖြုတ်ခဲ့တယ်။ တန်ဖိုးကြီးလှတဲ့ နိုင်ငံပိုင်ပစ္စည်းတွေကို စည်းကမ်းမဲ့ရောင်းချပြီး အမြတ်ရအောင် လုပ်ခဲ့ကြပြန်တယ်။ ဘာပဲဖြစ်ဖြစ် အခုလို ပုဂ္ဂလိကလက်ထဲအပ်ရင် စနစ်တကျအပ်နှင်းဖို့ လိုအပ်တယ်။ ဘယ်သူ့ကိုပေးမလဲ၊ ဘယ်လိုပုံစံနဲ့ပေးမလဲဆိုတာတွေဟာ စဉ်းစားရမယ့်၊ မေးရမယ့် မေးခွန်းတွေဖြစ်တယ်။ လက်သိပ်ထိုးလုပ်ခဲ့တာတွေနဲ့ ကြုံခဲ့တာမို့ ပွင့်လင်းမြင်သာအောင် လုပ်ရမှာဖြစ်တယ်။ ကတိပေးထားတဲ့အတိုင်း လိုက်နာမှု ရှိ မရှိကိုလည်း ကြပ်မတ်ဖို့လိုအပ်တယ်။ ကျွန်တော်ကတော့ တွေ့ကြုံဖြတ်သန်းလာခဲ့တာတွေ သုံးသပ်ပြီး စိတ်ပူမိတာတော့ အမှန်ပဲ။ တန်ဖိုးရှိလှတဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းကြီးတွေဟာ ဒီပုံစံနဲ့ပဲ ပုဂ္ဂလိကလက်ထဲရောက်ခဲ့တာ တွေ့ရတယ်။ အကျိုးအမြတ်က နိုင်ငံမှာ ဘာမှမခံစားရဘဲ လုပ်ငန်းရှင်တွေနဲ့ ပတ်သက်ရာ ပတ်သက်ကြောင်းတွေက အမြတ်ထုတ်ခဲ့ကြတယ်။

တတိယနည်းလမ်းကတော့ ကျွန်တော့်အနေနဲ့ တိုက်တွန်းအားပေးခဲ့တဲ့ လမ်း။ ဒါကတော့ စောစောက နည်းလမ်းနှစ်လမ်းရဲ့ အလယ်မှာရှိတဲ့ ရွေးချယ်မှုပဲ။ ပုဂ္ဂလိကလက်ထဲမထည့်သလို တစ်ဖက်ကလည်း နိုင်ငံတော်က ဆက်ပြီး တာဝန်ယူခြင်းလည်း မဟုတ်ဘဲ နိုင်ငံတော်စီးပွားရေးလုပ်ငန်းတွေကို (Corporatize) လုပ်ဖို့ဖြစ်တယ်။ (Corporatization) နည်းလမ်းဖြစ်ပါတယ်။

ဒီနည်းလမ်းရဲ့အနှစ်သာရက နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေရဲ့ ပိုင်ဆိုင်မှုကို နိုင်ငံတော်က ဆက်လက်ထိန်းသိမ်းပြီး ဒီလုပ်ငန်းတွေကို စနစ်တကျ စီမံအုပ်ချုပ်ဖို့ဖြစ်တယ်။ အုပ်ချုပ်မှုနဲ့ ပိုင်ဆိုင်မှုကို ခွဲခြားလိုက်တာဖြစ်တယ်။ ပိုင်ရှင်ဟာ အစိုးရဖြစ်နေပြီး စီမံသူတွေက စနစ်ဖွဲ့စည်းထားတဲ့အုပ်ချုပ်မှုအဖွဲ့နဲ့ စီမံဖို့ဖြစ်တယ်။ အမှန်စင်စစ် ဒီအုပ်ချုပ်မှုအဖွဲ့ဟာ အစိုးရလက်အောက်ခံမဟုတ်ဘဲ အစိုးရကိုယ်စားလှယ်တွေ၊ ပြင်ပက လွတ်လပ်တဲ့ ဒါရိုက်တာတွေ၊ ပညာရှင်တွေနဲ့ ဖွဲ့စည်းပြီး စီမံဖို့ဖြစ်တယ်။ ကြိုးနီစနစ်နဲ့ စီမံခြင်းမဟုတ်ဘဲ ဈေးကွက်စီးပွားရေးစနစ်ရဲ့ ဘောင်အတွင်း စီးပွားရေးအရ အောင်မြင်အောင် လှုပ်ရှားဖို့ဖြစ်တယ်။ စီးပွားရေးကို စီးပွားရေးဆန်ဆန်လုပ်ဖို့ ဖြစ်တယ်။ ဒီနည်းလမ်းအောင်မြင်နိုင်ဖို့ ထိရောက်တဲ့ စီးပွားရေးလုပ်ငန်းစီမံအုပ်ချုပ်မှုဟာ အနှစ်ပဲဖြစ်တယ်။ ခပ်လွယ်လွယ်ပြောရရင် ဒီနိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေကို ဘီအိုဒီလို့ခေါ်တဲ့ အုပ်ချုပ်မှုအဖွဲ့နဲ့ စီမံသွားဖို့ဖြစ်တယ်။ ကျွန်တော်က အုပ်ချုပ်မှုအဖွဲ့နဲ့ပတ်သက်ပြီး ပညာပေးလုပ်ငန်းတွေ၊ သင်တန်းတွေကို ဆောင်ရွက်ခဲ့သူဖြစ်တယ်။ ဘီအိုဒီအဖွဲ့ကို ဖွဲ့လိုက်ရုံနဲ့ မပြီးဘူး။ စနစ်တကျလှုပ်ရှားနိုင်မှ အောင်မြင်နိုင်မှာ။ နိုင်ငံကိုယ်စားပြု ကိုယ်စားလှယ်တွေနဲ့ ကျန်တဲ့ဘီအိုဒီအဖွဲ့ဝင်တွေဟာ သူ့စည်း၊ ကိုယ့်စည်း နားလည်သဘောပေါက်ဖို့လိုတယ်။ နိုင်ငံကိုယ်စားပြုသူတွေနဲ့ ကျန်ရှိတဲ့ဘီအိုဒီအဖွဲ့ဝင်တွေဟာ အပြန်အလှန် လေးစားဖို့လိုအပ်တယ်၊ အပေးအယူရှိဖို့ လိုတယ်။ အထက်စီးကနေတဲ့သဘော မရှိသင့်ဘူး။ စီးပွားရေးဆန်ဆန် လှုပ်ရှားရမှာမို့ အမြတ်ရအောင်ကြိုးစားရမယ်။ တစ်ဖက်ကလည်း ဝန်ထမ်းတွေ၊ ပိုင်ရှင်တွေ၊ ဖောက်သည်တွေအတွက် ရပ်တည်သလို ပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းကာကွယ်ရမှာဖြစ်တယ်။

အခုလို အသွင်ပြောင်းသွားတဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေဟာ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ကင်းလွတ်ရမယ်။ လွတ်လွတ်လပ်လပ် လှုပ်ရှားနိုင်စွမ်းရှိရမယ်။ ဒါမှလည်း စီးပွားရေးဆန်ဆန် လှုပ်ရှားနိုင်မှာ။ စောစောကပြောတဲ့ အငြိမ်းစားယူတဲ့သူတွေရဲ့ဝန်ထုပ်ဝန်ပိုးကို လုပ်ငန်းတစ်ခုချင်းအလိုက် တာဝန်ယူနိုင်ဖို့ လွယ်ကူမှာမဟုတ်ပါဘူး။ ဒါကြောင့် ဒီအငြိမ်းစားတွေနဲ့ပတ်သက်ပြီး နိုင်ငံတော်အစိုးရဟာ ဗဟိုအဆင့်က တာဝန်ယူပြီး ဆောင်ရွက်ရမှာဖြစ်တယ်။ ဒီအငြိမ်းစားတွေရဲ့တာဝန်ဟာ နိုင်ငံတော်ရဲ့တာဝန်ဖြစ်တာမို့ လုပ်ငန်းတစ်ခုချင်းကို တာဝန်မပေးသင့်ပါဘူး။

ကျွန်တော်ကတော့ တတိယလမ်းစဉ်ကို စနစ်လုပ်စေချင်တာပါ။ ဒီလိုဆောင်ရွက်ဖို့ အဓိကလိုအပ်ချက်က စိတ်ထားတွေ၊ စိတ်ဓာတ်တွေပြောင်းလဲဖို့ပါ။ ကျွန်တော်တို့နိုင်ငံမှာ အရေးကြီးဆုံးကိစ္စက စိတ်ပဲဖြစ်တယ်။ တစ်ချိန်က စဉ်းစားခဲ့တာတွေ၊ တွေးခဲ့တာတွေ၊ မြင်တာတွေကို အမြင်အသစ်၊ အတွေးအသစ်၊ ချဉ်းကပ်နည်းအသစ်နဲ့ ရင်ဆိုင်ကြဖို့လိုလိမ့်မယ်။

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေ ပြုပြင်ပြောင်းလဲမှုဟာ ကျွန်တော်တို့နိုင်ငံရဲ့စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် ပဓာနကျတဲ့ ကိစ္စဖြစ်ပါတယ်။ ဒါကို အလေးအနက်ထားစေချင်တာ။ အာရုံပြုစေချင်တယ်။ ပြီးမှ မှန်ကန်တဲ့အဖြေတွေ ရစေချင်တာပါပဲ။ ။

**နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေကို ဒီအတိုင်းထားပြီး ပြုပြင်သင့်တာတွေ ပြောင်းလဲဖို့၊ ဈေးကွက်စီးပွားရေးစနစ်နဲ့ ကိုက်ညီတဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းအဖြစ် အသွင်ပြောင်းဖို့။ ဒီနည်းလမ်းရွေးချယ်ဖို့ စီမံခန့်ခွဲမှုပုံစံတွေက အခြေခံကနေ ပြောင်းဖို့လိုအပ်မှာ။ ဝန်ထမ်းတွေကိုလည်း နဂိုအခြေအနေမျိုးအတိုင်း မဖြစ်အောင် ပြောင်းလဲဖို့။ ဒါပေမယ့် ဒီလမ်းစဉ်ရွေးချယ်တဲ့အခါ စီမံခန့်ခွဲသူ၊ ငွေရော၊ ဝန်ထမ်းတွေပါ ပါဝင်ပတ်သက်ရမှာဖြစ်တယ်**

## မြောက်ဦးမြို့နယ်အတွင်းရှိ အိမ်ထောင်စုနှင့်လူဦးရေ စာရင်းကောက်ယူခြင်းလုပ်ငန်း စတင်ဆောင်ရွက်

**မြောက်ဦး အောက်တိုဘာ ၁၅**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ်အတွင်းရှိ ဘင်္ဂါလီကျေးရွာများအား စာရင်းကောက်ယူခြင်းလုပ်ငန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အခြားဌာနဆိုင်ရာများ ပူးပေါင်းပါဝင်သောအဖွဲ့က အောက်တိုဘာ ၁၀ ရက်မှစ၍ ဆောင်ရွက်ခဲ့ပြီး ဘင်္ဂါလီကျေးရွာများရှိ အိမ်ထောင်စုနှင့် လူဦးရေစာရင်းများကို သွားရောက်စာရင်းကောက်ယူခဲ့ကြောင်း သိရသည်။



အဆိုပါ ဘင်္ဂါလီကျေးရွာများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို မြောက်ဦးမြို့နယ်အတွင်း ဘင်္ဂါလီကျေးရွာများဖြစ်သော နန်းကျားကျေးရွာအုပ်စု ဆီသည်ကျေးရွာနှင့် ဘူးတစ်လုံးကျေးရွာအုပ်စု အမြှောက်တောင်ကျေးရွာတို့တွင် စတင်ဆောင်ရွက်ပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးခင်မောင်ချို၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးခင်မောင်အောင်နှင့် မြို့နယ်ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်သောအဖွဲ့က သွားရောက်စာရင်းကောက်ယူခဲ့သည်။

ထို့နောက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ရုံးဝန်ထမ်းများက ဘင်္ဂါလီကျေးရွာများအတွင်းရှိ လူနေအိမ်များသို့ တစ်အိမ်ဝင်တစ်အိမ်ထွက် သွားရောက်၍ အိမ်ထောင်စုစာရင်းစစ်ဆေးခြင်း၊ အိမ်ထောင်စုလူဦးရေ အရေအတွက်များကို စာရင်းပြုစုခြင်းနှင့် လက်ရှိလူဦးရေ အရေအတွက်ကို မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခြင်းလုပ်ငန်းများကို လိုက်လံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## စိုက်ပျိုးရေးနည်းပညာများ အသိပညာပေးဟောပြော

**ဂန့်ဂေါ အောက်တိုဘာ ၁၅**

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဂန့်ဂေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဒေသခံတောင်သူများအတွက် ရာသီဥတုနှင့် လိုက်လျောညီထွေစိုက်ပျိုးရေး နည်းပညာများ အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၁၃ ရက်က ဂန့်ဂေါမြို့နယ် ရွာစည်ရွာ အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ခင်မာအေးက ပြောင်းလဲလာသောရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးရေးနည်းပညာများ၊ အစားအစာဘေးကင်းလုံခြုံရေးဆိုင်ရာများ၊ စိုက်ပျိုးရေးနည်းပညာများကို ရှင်းလင်းဟောပြောပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမြင့်ကလည်း ပြည်သူများအသိပညာမြင့်မားရေးအတွက် စာပေလေ့လာ ဖတ်ရှုကြရေးကို ဟောပြောခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

## ဖြူးမြို့၌ သက်ငယ်မုဒိမ်းမဖြစ်ပွားရေး မှုခင်းအသိပညာပေး

**ဖြူး အောက်တိုဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားရေး မှုခင်းပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မှုခင်းအသိပညာပေးဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်လွင်သန်းက သက်ငယ်မုဒိမ်းဖြစ်ပွားမှုကင်းစင်ရေး အသိပညာပေးဟောပြောပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမင်းမင်းစိုးက အမှာစကားပြောကြားသည်။

ဟောပြောပွဲသို့ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စိတ်ပါဝင်စားသူအဖွဲ့အစည်းများမှပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သိရသည်။

**ဖြူး- မြင့်ဦး**

## မြောင်းမြမြို့၌ ဝါသနာတူအသင်းအဖွဲ့များဖွဲ့စည်း

**မြောင်းမြ အောက်တိုဘာ ၁၅**

မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် Community Activities များ အရှိန်အဟုန်မပျက် လည်ပတ်ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အတွင်းမှ ပြည်သူများ ပါဝင်၍ ဝါသနာတူအသင်းများ အောက်တိုဘာ ၁၂ ရက်က ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

အသင်းများဖွဲ့စည်းသည့် အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ယဉ်ဆွေဝင်းက အမှာစကားပြောကြားပြီး မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်စန္ဒာမိုးက ဝါသနာတူအသင်းများဖြစ်သော Book Club၊ Woman Club၊ Youth Club များ ဖွဲ့စည်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာကြသည့် မြောင်းမြခရိုင် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်စာရေး ဆရာအသင်းအဖွဲ့ဝင်များ၊ လူမှုရေး၊ ပရဟိတလုပ်ငန်းများ ဆောင်ရွက်နေသော Friend အဖွဲ့နှင့် လူငယ်များက စာဖတ်ဝါသနာပါသူ၊ စာပေဝါသနာပါသူ အချင်းချင်းစုစည်း၍ စာအုပ်စာပေ ချစ်မြတ်နိုးသူအသင်း Book Club၊ အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အသိပညာ ဗဟုသုတမြင့်မားရေး၊ အမျိုးသမီးအခွင့်အရေးများ ကာကွယ်ရေးနှင့် လိုအပ်ချက်များ ကူညီဆောင်ရွက်နိုင်ရေးအတွက် အမျိုးသမီးအသင်း Woman Club၊ လူငယ်များ၏ အသိပညာမြင့်မားရေးနှင့် ရပ်ရွာအရေးကိစ္စများတွင် ပါဝင်ကူညီဆောင်ရွက်ရေးအတွက် ဝါသနာတူ လူငယ်များ စုစည်း၍ လူငယ်အသင်း Youth Club တို့ကို ဖွဲ့စည်းခဲ့သည်။

ဖျာပုံမြို့ရှိ ကွန်မြူနတီစင်တာကို အသင်းများ ဆွေးနွေးတိုင်ပင်ရာ၊ သတင်းအချက်အလက်ဖလှယ်ရာနေရာ၊ ကျောင်းသားကျောင်းသူ လူငယ်များအတွက် ပညာဆည်းပူးရာ၊ သင်တန်းတက်ရောက်ရာနေရာအဖြစ် ဖြစ်လာစေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ပေါင်မြို့နယ်၌ အခြေခံစက်ချုပ်သင်တန်းဆင်း

**သထုံ အောက်တိုဘာ ၁၅**

သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ပေါင်မြို့နယ်အတွင်း ဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို အောက်တိုဘာ ၉ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမျိုးကြည်နှင့် သထုံခရိုင်ဦးစီးမှူး ဦးမိုးဝင်းတို့က သင်တန်းသူများအနေဖြင့် သင်တန်းတွင် သင်ယူခဲ့သည်များကို လက်တွေ့အသုံးချ၍ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများအဖြစ် အောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားစေလိုကြောင်း အမှာစကားပြောကြားသည်။ အဆိုပါ အခြေခံစက်ချုပ်သင်တန်းကို မြို့နယ်အတွင်းမှ အမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရည်မှန်းချက်တစ်ခုဖြစ်သော ကျေးလက်နေပြည်သူများ၏ ဆင်းရဲမှုလျှော့ချရေးနှင့် မိသားစုဝင်ငွေတိုးပွားစေရေး ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ပို့ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဗထူး**

## မိုးများသဖြင့် ရွာပေါင်း ၁၄ ရွာတွင် ရေဝင်ပြီး လူဦးရေ ၇၀၀၀ ကျော် ရေဘေးကြုံနေရ

**မြစ်သား အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် မိုးရွာသွန်းမှုကြောင့် အောက်တိုဘာ ၁၃ ရက်အထိ ရွာပေါင်း ၁၄ ရွာတွင် ရေများ ဝင်ရောက်ကာ အိမ်ထောင်စုပေါင်း ၁၄၁၉ စုမှ လူဦးရေပေါင်း ၇၀၈၄ ဦး ရေဘေးတွေ့ကြုံနေရကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သိရသည်။



ရေဝင်ရောက်နေသော ကျေးရွာများနှင့် အိမ်ခြေများမှာ ဘူတာရပ်ကွက်မှ အိမ်ခြေ ၂၀၀၊ နွားကူးလေးကျေးရွာမှ ၂၃၉ အိမ်၊ လောင်းတော်ဦးကျေးရွာမှ ၄၆ အိမ်၊ ကင်းစိန်စျေးကျေးရွာမှ ၃၀ အိမ်၊ ပေါက်မြိုင်ကျေးရွာမှ ၃၂၂ အိမ်၊ အင်းရင်းကျေးရွာမှ ၂၃၈ အိမ်၊ ရွာမုန်းကြီး ကျေးရွာမှ ၈၁ အိမ်၊ ဒါးရယ်ကောင်းကျေးရွာမှ အိမ်ခြေ ၆၀၊ ပုဏ္ဏားကျေးရွာမှ ၁၇ အိမ်၊ ယွေးကျေးရွာမှ ၂၅ အိမ်၊ ကျွဲဆွဲကျေးရွာမှ ၁၃ အိမ်၊ မှိုင်းဟင်ကျေးရွာမှ ၁၀ အိမ်၊ ကျွန်းလှကျေးရွာမှ ၅၅ အိမ်နှင့် တမာပင်ကျေးရွာမှ ၈၃ အိမ်တို့ဖြစ်သည်။

လက်ရှိအချိန်တွင် ရေဘေးကြုံတွေ့နေရသော အဆိုပါအိမ်ထောင်စုများမှ ရေဘေးသင့်ပြည်သူများထံသို့ သောက်ရေနှင့် ထမင်းထုပ်များ ဖြန့်ဝေပေးနိုင်ရေးအတွက် မြစ်သားမြို့နယ် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့က ဦးဆောင်၍ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

## မိုးများ၍ မြင်းမူမြို့ အနိမ့်ပိုင်းရပ်ကွက်အချို့တွင် ရေများဝင်ရောက်နေ



**မြင်းမူ အောက်တိုဘာ ၁၅**

မြင်းမူမြို့တွင် အောက်တိုဘာ ၁၂ ရက်က တစ်နေကုန်နီးပါး မိုးရွာခဲ့ခြင်းကြောင့် မင်းရဲကျော်စွာရပ်ကွက် အနိမ့်ပိုင်းနေရာဖြစ်သော သစ္စာလမ်း၊ နှင်းဆီလမ်းနှင့် သဇင်လမ်းတို့ထဲရှိ နေအိမ်တချို့အတွင်းနှင့် ကတ္တရာလမ်းပေါ် မြေနိမ့်ပိုင်းနေရာများတွင် မိုးရေများတင်နေကြောင်း သိရသည်။

"ဒီအရင်ရက်တွေက မိုးရွာသွန်းထားလို့ အိမ်ဝင်းထဲရေဝင်နေပါတယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးကြီးကြပ်ပြီး အလှူရှင်များရဲ့လှူဒါန်းငွေနဲ့ ရေတွေထုတ်ပေးခဲ့ပေမယ့် ရေတွေတင်ကျန်နေသေးတယ်။ အောက်တိုဘာ ၁၂ ရက်ကတော့ မိုးတအားရွာခဲ့လို့ ကျန်တဲ့ရေနဲ့ပေါင်းမိပြီး ရေတွေ ပိုများလာတယ်။ ကလေးတွေလည်း ရေထဲဖြတ်ပြီး ကျောင်းသွားနေကြရတယ်။ ဖျားနာပြီး သွေးလွန်တုပ်ကွေးဖြစ်မှာကိုလည်း မိဘတွေက စိုးရိမ်နေရတယ်။ မိုးကုန်တာနဲ့ အိမ်ဝင်းတွေထဲကမိုးရေတွေကို စက်နဲ့ စုပ်ထုတ်ပေးပါလို့ အများကိုယ်စား တာဝန်ရှိသူတွေကို တောင်းဆိုပါတယ်"ဟု ရေဝင်နေသည့် အိမ်တစ်အိမ်မှ အိမ်ရှင်တစ်ဦးက ပြောသည်။

အခြားအိမ်ရှင်တစ်ဦးကမူ "ဒီနေ့မနက် မြို့နယ်စည်ပင်သာယာရေးက တာဝန်ရှိသူနဲ့ အမှတ်(၃)နယ်မြေ အုပ်ချုပ်ရေးမှူးတို့ လာရောက်ကြည့်ရှုသွားပြီး ရေတွေ ထုတ်ပေးပါ့မယ်လို့ ပြောသွားတယ်"ဟု အောက်တိုဘာ ၁၃ ရက်တွင် ပြောကြားသည်။ ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ရေများကို စုပ်ထုတ်ပေးပြီးပါက ရပ်ကွက်အတွင်း ခြင်ဆေးဖျန်းပေးခြင်းကိုလည်း မြန်နိုင်သမျှမြန်အောင် လုပ်ဆောင်ပေးစေလိုကြောင်း အဆိုပါအိမ်ရှင်က ဆက်လက်ပြောကြားသည်။

**(၀၇၇)**

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသည့် အောက်တိုဘာ ၄ ရက်မှ အောက်တိုဘာ ၁၀ ရက်အထိ တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | စီမံခန့်ခွဲမှု အယူအဆ-၅၀ | ဒေါက်တာရီရီမြင့် | ၃၀၀၀ | တူဒေး |
| ၂ | ပိုက်ဘောမိဆရာဝန်နှင့် အခြားဆောင်းပါးများ | ဒေါက်တာအောင်ကြည်ဝင်း | ၃၀၀၀ | ရှင်မတောင် |
| ၃ | လူတိုင်းအတွက် အဆင့်မြင့်ကိုယ်ရည်ကိုယ်သွေး | မြတ်ငြိမ်း | ၂၅၀၀ | စိတ်ကူးချိုချို |
| ၄ | ကဗျာဆရာတို့၏ ဝတ္ထုတို | ကလောင်စုံ | ၂၅၀၀ | စိတ်ကူးချိုချို |
| ၅ | ရသဝတ္ထုတိုသစ် စုစည်းမှု | မောင်သင်းထုံ | ၂၇၀၀ | စိတ်ကူးချိုချို |
| ၆ | မိုဟာမက် အလီ | ထင်အောင်ကျော် | ၁၅၀၀ | ရွှေဝံ |
| ၇ | ငြိမ်းချမ်းပါစေ | ခင်ဆွေဦး | ၃၀၀၀ | ကောင်းဆုသာ |
| ၈ | အလှပန်းတစ်ပွင့်နှင့်အခြားပုံပြင်ဝတ္ထုတိုများ | နုယဉ် | ၁၈၀၀ | စိတ်ကူးချိုချို |
| ၉ | မြန်မာ့ရေးရာ အမှတ်-၅ | ကလောင်စုံ | ၃၀၀၀ | |
| ၁၀ | ရှင်မွေးလွန်းနှင့် မင်းနန္ဒာနှင့် အခြားကဗျာများ | အံ့မောင် | ၃၀၀၀ | မြနန္ဒာ |
| ၁၁ | နဂါသိန် စာစီစာကုံးအလုပ်ရုံ | ဆရာကြီးဦးလှထွန်း(မြန်မာစာ) | ၁၅၀၀ | စိတ်ကူးချိုချို |
| ၁၂ | မကျက်တကျက် စိတ်ကူးများနဲ့ စပေ့ ခြားလိုက်တိုင်း ခွေးဟောင်သံတွေခုန်ထွက် | မောင်သစ်ကြည်၊ ဝါကျဖြူ | ၁၅၀၀ | ယဉ်မျိုး |
| ၁၃ | သားသမီးရတနာ အမည်လှလှပေးရအောင် | ဆရာဇေယျာမိုး | ၂၀၀၀ | ဟန်သာဆု |
| ၁၄ | မိုက်ကယ်ဂျက်ဆင် | စိန်ဝင်းစိန် | ၁၅၀၀ | ရွှေဝံ |
| ၁၅ | ဝင်စတန်ချာချီ | ကျော်လင်းဆွေ | ၁၅၀၀ | ရွှေဝံ |
| ၁၆ | ကာလာရာဘာတန် | ခင်မောင်တိုး(မိုးမိတ်) | ၁၅၀၀ | ရွှေဝံ |
| ၁၇ | မီဇိတန်ဟာရီ | လင်းတည်ဦး | ၁၅၀၀ | ရွှေဝံ |
| ၁၈ | ဂျူလီယာချိုင်း | စိန်ဝင်းစိန် | ၁၅၀၀ | ရွှေဝံ |
| ၁၉ | လက်ရွေးစင်ဂန္ထဝင်အင်္ဂလိပ်ကဗျာများနှင့် မြန်မာပြန်ဆို ဖွဲ့စည်းခြင်း | ဦးဘသန်း | ၂၀၀၀ | ယဉ်မျိုး |
| ၂၀ | ဒီလိုပါ သူငယ်တော် | Zaw Tun | ၁၂၀၀ | ယဉ်မျိုး |
| ၂၁ | ၄၅တာ၊ ၁၄ ခန်းဇရပ်၊ ၇ သံချီ ညချမ်း | ဆူးငှက် | ၂၅၀၀ | ခြူးခြူး |
| ၂၂ | စိတ်နောက်ကိုယ်ပါ ပျော်ရွှင်ရာ အောင်မြင်မှုက ဖဝါးမကွာ | ဂျွန် | ၂၃၀၀ | စိတ်ကူးချိုချို |
| ၂၃ | လမ်းဘေးကကော်ဖီဆိုင်နှင့် အခြားဝတ္ထုတိုစုများ | ကိုငြိမ်း(မန္တလေး) | ၃၅၀၀ | ခြူးခြူး |
| ၂၄ | စန်းထတဲ့မမများ | တင်မောင်မြင့် | ၆၀၀၀ | ကံ့ကော်ဝတ်ရည် |
| ၂၅ | ပြောပြစရာတွေလဲ တစ်ပုံကြီး (၇) | မာမာအေး | ၂၅၀၀ | လင်းလွန်းခင် |
| ၂၆ | အရသာမတူသောပန်းသီးများ ရှုမဝမဂ္ဂဇင်း ဝတ္ထုတိုများ | တင့်ဇော် | ၃၅၀၀ | လင်းလွန်းခင် |
| ၂၇ | ရိုးမလင်္ကာစာပေဝိုင်း ဝတ္ထုတိုစုစည်းမှု (၃) | ကလောင်စုံ | ၂၀၀၀ | ဘဝပင်လယ် |
| ၂၈ | ကောင်းတာလုပ်က ချမ်းသာရ | ပန်းချီ-ကိုလင်း | ၁၅၀၀ | ဆုပြည့်စုံထွန်း |
| ၂၉ | ပိုနေမြဲ ကျားနေမြဲ | ပန်းချီ-ကိုလင်း | ၁၅၀၀ | ဆုပြည့်စုံထွန်း |
| ၃၀ | ဆင်နှင့် မျက်မမြင်ပုဏ္ဏား ၆ ယောက် | ပန်းချီ-ကိုလင်း | ၁၅၀၀ | ဆုပြည့်စုံထွန်း |
| ၃၁ | မိတ်ဆွေစစ် | ပန်းချီ-ကိုလင်း | ၁၅၀၀ | ဆုပြည့်စုံထွန်း |
| ၃၂ | စည်တီးမှားသူ | ပန်းချီ-ကိုလင်း | ၁၅၀၀ | ဆုပြည့်စုံထွန်း |
| ၃၃ | သုံးပါးရတနာ ကြည်ညိုပါ | ပန်းချီ-ကိုလင်း | ၁၅၀၀ | ဆုပြည့်စုံထွန်း |
| ၃၄ | စည်းလုံးအားအင် အောင်ပွဲဆင် | ပန်းချီ-ကိုလင်း | ၁၅၀၀ | ဆုပြည့်စုံထွန်း |
| ၃၅ | အလှမက်သူ | ပန်းချီ-ကိုလင်း | ၁၅၀၀ | ဆုပြည့်စုံထွန်း |
| ၃၆ | မြေခွေးနှင့် ကျီးမိုက် | ပန်းချီ-ကိုလင်း | ၁၅၀၀ | ဆုပြည့်စုံထွန်း |
| ၃၇ | ခြသေ့်အယောင်ဆောင်သော မြည်း | ပန်းချီ-ကိုလင်း | ၁၅၀၀ | ဆုပြည့်စုံထွန်း |
| ၃၈ | အနာဂါရိက ဓမ္မပါလသူတော်စင် | ဆုပြည့်စုံထွန်း အယ်ဒီတာအဖွဲ့ | ၂၀၀၀ | ဆုပြည့်စုံထွန်း |
| ၃၉ | ခရမ်းကိုင်းကုန်းဆရာတော်ဘုရားကြီး | ဆုပြည့်စုံထွန်း အယ်ဒီတာအဖွဲ့ | ၂၀၀၀ | ဆုပြည့်စုံထွန်း |
| ၄၀ | အစိရဝတီအောင်ပွဲနှင့် ဝိပဿနာကျင့်စဉ်တရားတော်များ | ဒေါက်တာ ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ | ၃၀၀၀ | ဆုပြည့်စုံထွန်း |
| ၄၁ | သစ္စာစက်ဝန်း | ဒေါက်တာစိန်လင်း | ၄၅၀၀ | ဆုပြည့်စုံထွန်း |

# ပျားစွဲဆင်စခန်းသို့ နိုင်ငံခြားသားခရီးသည် ဝင်ရောက်မှုပိုများလာ



**မော်လိုက် အောက်တိုဘာ ၁၅**

နိုင်ငံခြားသားခရီးသည်များ မြန်မာနိုင်ငံသို့ လာရောက်၍ နိုင်ငံအတွင်းရှိ ထင်ရှားသော အလှအပ ရှုခင်းများကို ကြည့်ရှုခံစားရာတွင် စစ်ကိုင်းတိုင်းဒေသကြီး အထက်ချင်းတွင်းမြစ်ဘေးတွင် တည်ရှိသည့် မော်လိုက်မြို့သည် တစ်ခုအပါအဝင်ဖြစ်သည်။ ထို့အပြင် ပြည်တွင်းမှ ဒေသန္တရဇဟုသုတရလိုသူများ၊ စီးပွားရေးအရ ရင်းနှီးမြှုပ်နှံလိုသူများဖြင့်လည်း မော်လိုက်မြို့သို့ ပိုမိုဝင်ရောက်လာလျက်ရှိသည်။

မော်လိုက်မြို့သို့ နိုင်ငံခြားသား ခရီးသည်များ နှစ်စဉ်လာရောက်လည်ပတ်မှုများလာခြင်းမှာ မော်လိုက်မြို့၌ အင်္ဂလိပ်လက်ထက် အဆောက်အအုံများ၊ စာသင်ကျောင်း၊ ဂေါက်ကွင်းများနှင့် သဘာဝ ရှုခင်းအလှအပများ ရှိနေသောကြောင့် ကြည့်ရှုလေ့လာရန်၊ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးရန် စသည့် ရည်ရွယ်ချက်များနှင့်အတူ မော်လိုက်မြို့ရှိ ပျားစွဲဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းသို့ သွားရောက်လည်ပတ် လေ့လာရန်မှာလည်း အကြောင်းရင်းတစ်ရပ်ဖြစ်သည်။

နိုင်ငံခြားသား ခရီးသည်များသည် ပျားစွဲ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းရှိ ဆင်များ လုပ်ငန်းခွင်ဝင်ပုံ၊ ဆင်ရေချိုးခြင်းတို့ကို ကြည့်ရှုလေ့လာကြပြီး အပျော်တမ်း ဆင်စီးခြင်း၊ ဆင်များကို အစားအစာကျွေး၍ အမှတ်တရ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်းများ ပြုလုပ်ကြသည်။

မော်လိုက်မြို့သို့ နိုင်ငံခြားသား ခရီးသည်များသည် ချင်းတွင်းမြစ် ရေကြောင်းကောင်းချိန် ဇူလိုင်လအတွင်းမှ စတင်၍ နိုင်ငံခြားခရီးသွားသင်္ဘောများဖြင့် အဖွဲ့လိုက် လာရောက်လည်ပတ်လေ့ရှိပြီး ကျန်အချိန်များတွင် လိုင်းကားများ၊ လူစီးအမြန်ယာဉ်များနှင့် လာရောက်လည်ပတ်လေ့ရှိရာ ပြီးခဲ့သော ၂၀၁၆ ခုနှစ် တစ်နှစ်တာကာလအတွင်း နိုင်ငံအသီးသီးမှ နိုင်ငံခြားသား ခရီးသည်နှင့် စီးပွားရေးလုပ်ငန်းအတွက် လာရောက်သူ စုစုပေါင်း ၆၇၀ ဝင်ရောက်ခဲ့ကြောင်း၊ ယခု ၂၀၁၇ ခုနှစ်တွင် ဇန်နဝါရီလမှစ၍ အောက်တိုဘာ ၁၃ ရက်အထိ လာရောက်လည်ပတ်သော နိုင်ငံခြားသားခရီးသည် စုစုပေါင်း ၆၄၄ ဦးအထိ ရှိနေပြီဖြစ်ကြောင်း မော်လိုက်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှူးရုံးမှ သိရသည်။

**မော်လိုက်သားလေး**

# ရွှေစကြာစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲ ကျင်းပ



**သုဝဏ္ဏဝတီ အောက်တိုဘာ ၁၅**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး ဝင်းပတောင်တန်းပေါ်၌ လွန်ခဲ့သောနှစ်ပေါင်းတစ်ရာကျော်က တည်ထားကိုးကွယ်ခဲ့သော သမိုင်းဝင် ရွှေစကြာစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲကို ယခုနှစ်တွင်လည်း အစဉ်အလာမပျက် သီတင်းကျွတ်လပြည့်ကျော် ၈ ရက်က ကျင်းပခဲ့သည်။

ဗုဒ္ဓပူဇနိယပွဲတော်တွင် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများသည် တစ်မိုင်ကျော်ခန့်ဝေးကွာသော ဝင်းပတောင်ပေါ်ရှိဘုရားပေါ်သို့ ကျေးရွာအလိုက် အိုးစည်ဒိုးပတ် အကအခုန်များနှင့် စီတန်းတက်ရောက်ကြပြီး နဂါးပုံသဏ္ဌာန် ရွှေကြာသင်္ကန်းများ၊ လှူဖွယ်ပစ္စည်းများ ကပ်လှူပူဇော်ကြသည်။ တောင်ပေါ်ရှိ စေတီတော်ရင်ပြင်တွင် အလှူရှင်များက စတုဒိသာ၊ အချိုရည်များ ဧည့်ခံကျွေးမွေးကြသည်။

ဗုဒ္ဓပူဇနိယပွဲတော်နှင့် ရွှေကြာသင်္ကန်းကပ်လှူပွဲတွင် သုဝဏ္ဏဝတီမြို့ပေါ်နှင့် ပတ်ဝန်းကျင်ရှိ ဝင်းပ၊ ဒုညင်းကုန်း၊ ရေတွင်းဖြူ၊ စော်ကဲစု၊ လက်ပန်ကုန်း အစရှိသော ကျေးရွာများမှ ကရင်နှင့် ပအိုဝ်း တိုင်းရင်းသားဒေသခံပြည်သူများ ပါဝင်ဆင်နွှဲ လှူဒါန်းကြပြီး ဒေသခံများအနေဖြင့် အခြားအရပ်ဒေသများသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသော်လည်း ပွဲတော်အချိန်ရောက်လျှင် ဒေသသို့ပြန်လာပြီး ပွဲတော်တွင် ပါဝင်ဆင်နွှဲလေ့ရှိကြကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# ဒေးဒရဲမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစိမ်းရောင်စီမံကိန်း ကျေးရွာ ၁၄ ရွာ တိုးချဲ့ဖော်ဆောင်

**ဒေးဒရဲ အောက်တိုဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်၌ ၂၀၁၇ -၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် တိုးချဲ့ဖော်ဆောင်မည့် မြစိမ်းရောင်ကျေးရွာ ၁၄ရွာသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို အောက်တိုဘာ ၁၂ ရက်က ပေးအပ်လိုက်ကြောင်းသိရသည်။

အဆိုပါအရင်းမပျောက်လည်ပတ်ရန်ပုံငွေပေးအပ်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင် တက်ရောက်အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်အေးကြူက မြစိမ်းရောင်စီမံကိန်း ငွေစာရင်းဆိုင်ရာစည်းကမ်းချက်များ၊ စီမံကိန်းကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးမှုရရှိနေပြီဖြစ်သည့် ကျေးရွာများ၏ အတုယူဖွယ် စံနမူနာပြုလုပ်ဆောင်ချက်များကို မြစိမ်းရောင်ကျေးရွာစတင်အကောင်အထည်ဖော်ကြမည့် ကျေးရွာတာဝန်ရှိသူများအား ရှင်းလင်းပြောကြားကာ ရန်ပုံငွေများ ပေးအပ်ခဲ့ကြောင်းသိရသည်။ ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်တွင် လက်ရှိအချိန်၌ မြစိမ်းရောင်စီမံကိန်း ၆၈ ရွာ အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**



# အခြေခံပညာ ကျောင်းသားကျောင်းသူ ၂၄၀၀ ကျော်အား နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်

**မိတ္ထီလာ အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူ ၂၄၀၀ ကျော်အား နိုင်ငံသားစိစစ်ရေးကတ်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မန္တလေးတိုင်းဒေသကြီးရုံးက ကြီးမှူး၍ United Pacific ကုမ္ပဏီလီမိတက်နှင့် Advanced Myanmar Star ကုမ္ပဏီလီမိတက်တို့၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ပေးခဲ့ပြီး အောက်တိုဘာ ၁၂ ရက်က အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသားကျောင်းသူများထံ ပေးအပ်ခဲ့သည်။

နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မန္တလေးတိုင်းဒေသကြီးရုံးမှ ညွှန်ကြားရေးမှူး ဦးတင်ချယ်က ယခင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်က မိတ္ထီလာမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၄၅ ကျောင်းမှ ကျောင်းသားကျောင်းသူ ၇၁၁၀ အတွက် ပြုလုပ်ပေးခဲ့ကြောင်း၊ ယခု ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းပေါင်း ၅၃ ကျောင်းရှိ ကျောင်းသားကျောင်းသူ ၄၀၆၄ ဦးကို ဆောင်ရွက်ပေးရန်ရှိသည့်အနက် ယခု ကျောင်း ၃၉ ကျောင်းမှ ကျောင်းသားကျောင်းသူ ၂၄၀၁ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခြင်းဖြစ်ကာ ကျန် ၁၄ ကျောင်းအတွက်လည်း နိုဝင်ဘာလကုန်တွင် အပြီးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကျောင်းသားကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားသည် အခြေခံပညာအထက်တန်းဖြေဆိုခွင့် လျှောက်လွှာတင်ရာတွင် လိုအပ်သလို ကျောင်းပြီး၍ လုပ်ငန်းခွင်ဝင်ချိန်တွင်လည်း လိုအပ်သော နိုင်ငံသားဖြစ်မှု အထောက်အထား တစ်ခုဖြစ်သည့်အတွက် ကျောင်းသားကျောင်းသူများအနေဖြင့် ရိုရိုသေသေထိန်းသိမ်းကြရန်လည်း ရှင်းလင်းပြောကြားပြီး ညွှန်ကြားရေးမှူးနှင့် မိတ္ထီလာခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးတို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းအုပ်ဆရာကြီးများထံ ပေးအပ်ခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## သူ့အတွေး သူ့အမြင်

# ယဉ်ကျေးမှုဓလေ့နှင့် ကိုယ်ကျင့်တရားကို ထိန်းသိမ်းခြင်းဖြင့် သာယာသော လူမှုပတ်ဝန်းကျင်သို့

မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ရိုးရာထုံးတမ်းစဉ်လာအရ ဘုရားပွဲများ၊ တရားပွဲများ၊ ရိုးရာပွဲများ၊ ပျော်ပွဲရွှင်ပွဲများကို ဒေသအလိုက် ကျင်းပလျက်ရှိရာတွင် စုပေါင်းကုသိုလ်ပြုကြ၍ အမျှဝေသံ သာဓုခေါ်သံများဖြင့် မြန်မာ့ယဉ်ကျေးမှု၏ မွန်မြတ်လှသော အစဉ်အလာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်နေကြသည်များကို မြင်ရသည်မှာ မုဒိတာပွားစရာပင်ဖြစ်ပါသည်။

စာရေးသူနေထိုင်ရာ တောင်သာမြို့နယ်တွင်လည်း လူကြီးလူရွယ်လူငယ်များက လရာသီအလိုက် ဥပုသ်သီလ ဆောက်တည်ခြင်း၊ တရားစခန်းဝင်ခြင်း၊ ကဆုန်လတွင် ညောင်ရေသွန်းလောင်းခြင်း၊ ဝါဆိုလတွင် သင်္ကန်းကပ်လှူခြင်းနှင့် ဆီမီးပူဇော်ခြင်း၊ ကထိန်သင်္ကန်းကပ်လှူခြင်း၊ နေ့စဉ်ဆွမ်းလောင်းခြင်း၊ လစဉ်ဆွမ်းအုပ်တည်ခြင်း စသည့် ကောင်းမှုများကို ရိုးရာ ဘာသာရေး၊ သာသနာရေး၊ လူမှုရေးအသိများဖြင့် ဆောင်ရွက်နေကြပြီး ဒေသ၏ရိုးရာယဉ်ကျေးမှု ဒေသအလှ ဒေသဓလေ့သဘာဝများကို ထိန်းသိမ်းစောင့်ရှောက်နေခြင်းလည်းဖြစ်သည်။

ထိုသို့ ယဉ်ကျေးမှုအစဉ်အလာကောင်းများကို မြတ်နိုးတွယ်တာ တန်ဖိုးထားကာ ယဉ်ကျေးသော လူမှုအသိုင်းအဝိုင်းကို ဖန်တီးပေးနေသူများ ရှိသကဲ့သို့ အချို့လူငယ်အများစုမှာ ယဉ်ကျေးမှု၊ ကိုယ်ကျင့်တရား၊ အကျင့်စာရိတ္တများ တစ်နေ့တခြား ဆုတ်ယုတ်လာကာ အစဉ်အလာမရှိခဲ့သည့် ဖြစ်စဉ်များကိုလည်း တွေ့မြင်နေရ၍ ဝိုင်းဝန်းထိန်းသိမ်းရန် လိုအပ်မည်ဖြစ်သည်။

လူငယ်အချို့သည် ညနေမှောင်ရီပျိုးချိန်မှစ၍ အစုအဖွဲ့များဖွဲ့ကာ ညစဉ် မူးယစ်ရမ်းကားခြင်း၊ အော်ဟစ်ဆူညံခြင်း၊ လမ်းသွားလမ်းလာ ယာဉ်များအား မကြားဝံ့မနာသာ ရိုင်းပျစွာ ပြောဆိုလှောင်ပြောင်ခြင်း၊ မိန်းကလေးများဖြတ်သွားလျှင် နှောင့်ယှက်ခြင်း၊ နှမချင်း ကိုယ်ချင်းမစာ ပြောဆိုခြင်း၊ လူငယ်အဖွဲ့ချင်း ပြဿနာတက်၍ တုတ်ဆွဲ၊ ဓားဆွဲ ရန်ပွဲများဖြစ်ကြခြင်းတို့အထိ ဖြစ်ပွားနေကြောင်း မြင်တွေ့ကြားသိနေရသည်။

ထို့အပြင် ကျောင်းသားလူငယ်များသည်ပင် အုပ်စုဖွဲ့ခိုက်ရန်ဖြစ်ခြင်း၊ ဆိုင်ကယ်များကို ကျယ်လောင်စွာစီး၍ မလိုအပ်ဘဲ ဟွန်းများဆူညံစွာတီးခြင်းတို့ကိုလည်း မြင်တွေ့နေရသည်။ အလားတူပင် မန္တလေးမြို့၌လည်း ကျုံးဘေးပတ်လည်တွင် အရက်ဘီယာဝိုင်းဖွဲ့စားသောက်သူများ၊ မိန်းမလျာများ၊ ပြည့်တန်ဆာများနှင့် အမြင်မသင့်တော်သည့် စုံတွဲများကို အောက်တိုဘာ ၇ ရက် ညပိုင်းမှစတင်၍ ရဲအက်-၄၇ ဖြင့် ဖမ်းဆီးထိန်းသိမ်းလျက်ရှိရာ လူ ၁၀၀ ကျော် ဖမ်းဆီးထိန်းသိမ်းထားခဲ့ကြောင်း သတင်းဂျာနယ်များမှ သိရသည်။

အဆိုပါဖြစ်စဉ်များအရ လူငယ်အများစုသည် ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှုနှင့် စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှု လွန်စွာအားနည်းလာပြီး နိုင်ငံတကာယဉ်ကျေးမှုများကို အတုယူ အားကျလာကာ ဝတ်စားဆင်ယင်မှု၊ နေထိုင်သွားလာမှု၊ ပြောဆိုဆက်ဆံမှု၊ အနုပညာရသခံစားမှု၊ စာပေရေးသားမှုများတွင်လည်း ယဉ်ကျေးမှုခံယူချက်များ ပြောင်းလဲလာသည်ကို သိသာစွာ တွေ့မြင်လာကြရသည်။

နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှု အဆင့်အတန်းတွင် အကျင့်စာရိတ္တနှင့် ကိုယ်ကျင့်တရားမှာ အထူးအရေးပါလှသည်။ နေ့စဉ် လူနေမှုဘဝပုံစံများမှ စဉ်းစားတွေးခေါ်ပုံများ၊ အမူအကျင့်များ ဖြစ်တည်လာကာ ယဉ်ကျေးမှုအပေါ် သက်ရောက်လာတော့သည်။ ဒီမိုကရေစီစနစ်နှင့်အညီ လူ့အသိုင်းအဝိုင်းတွင်နေထိုင်သော လူတစ်ဦး၊ နိုင်ငံသားတစ်ဦးအနေဖြင့် စောင့်ထိန်းအပ်သောအရာတို့ကို ကိုယ်ပိုင်အသိစိတ်ဖြင့် စောင့်ထိန်းတတ်ဖို့လိုပါမည်။ လူတစ်ယောက်၏ လွတ်လပ်ခွင့် လူ့အခွင့်အရေးရှိသော်လည်း မိမိ၏ ပြောဆိုပြုမူနေထိုင်မှု၊ ဝတ်စားဆင်ယင်မှုများက ပတ်ဝန်းကျင်ကို အနှောင့်အယှက်မဖြစ်စေရန်နှင့် တရားဥပဒေကို လေးစားလိုက်နာ၍ တာဝန်ခံ၊ တာဝန်ယူ ဆောင်ရွက်တတ်မှုများရှိရန်လည်း လိုအပ်ပါသည်။

ယဉ်ကျေးမှုနိမ့်ကျနေသော လူ့အဖွဲ့အစည်းနှင့် ရိုင်းစိုင်းကြမ်းကြုတ်သောစိတ်ဓာတ်များ ဖြစ်ပေါ်နေခြင်းကို မတားဆီးနိုင်၊ အရေးမယူနိုင်လျှင် ထိုစိတ်ဓာတ်များကို အားပေးအားမြှောက်ပြုရာရောက်သလို တရားဥပဒေစိုးမိုးရေးမှာလည်း ဝေးနေပါဦးမည်။ ထို့ကြောင့် ယဉ်ကျေးမှုဓလေ့စရိုက်များကို ထိန်းသိမ်းတတ်စေရန်နှင့် လူတိုင်းကိုယ်စီ လူ့ကျင့်ဝတ်များကို လိုက်နာတတ်စေရန် အားလုံးပါဝင် ပူးပေါင်းမှသာ သာယာလှပသော လူမှုဝန်းကျင်တစ်ခု ဖန်တီးနိုင်မည်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

**လင်းလက်ကြယ်(တောင်သာ)**

# မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**မြောက်ဦး အောက်တိုဘာ ၁၅**

ရခိုင်ပြည်နယ် မြောက်ဦးမြို့ အောင်မင်္ဂလာရပ်ကွက် စာသင်ကျောင်း၌ မြို့သန့်ရှင်းသာယာလှပရေးနှင့် မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူး၍ အောက်တိုဘာ ၁၃ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးဘိုဘိုမင်းသိုက်က မြို့သန့်ရှင်းသာယာလှပရေးနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး အောင်မင်္ဂလာရပ်ကွက်အတွင်းရှိ ရပ်ကွက်သူ ရပ်ကွက်သားများအနေဖြင့် မိမိရပ်ကွက် သန့်ရှင်းသာယာလှပရေးအတွက် မိမိတို့နေအိမ်များမှထွက်ရှိသော ပလတ်စတစ်အိတ်နှင့် အမှိုက်သရိုက်များကို စနစ်တကျစွန့်ပစ်ရန် လိုအပ်ကြောင်းနှင့် အမှိုက်များကို နီးစပ်ရာအမှိုက်ပုံးများတွင် သွားရောက်စွန့်ပစ်ကြရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူးက မူခင်းကျဆင်းရေးနှင့်ပတ်သက်၍ ဆက်လက်ဟောပြောရာတွင် ရပ်ကွက်အတွင်း ခိုးမှု၊ လုယက်မှု၊ မတရားပြုကျင့်မှု၊ လူသတ်မှု စသည့် မူခင်းများ ကျဆင်းရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု မရှိစေရေးတို့အတွက် ရပ်ကွက်အတွင်းရှိ လူကြီးနှင့်လူငယ်များအနေဖြင့် အမြဲမပြတ်စောင့်ကြည့်ပြီး မူခင်းအကြောင်းအရာနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက နီးစပ်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးထံ အသိပေးခြင်း၊ မြို့နယ်ရဲတပ်ဖွဲ့ရုံးသို့ လာရောက်အကြောင်းကြားတိုင်းကြားခြင်းများ ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း စသည်တို့ကို အသိပညာပေး ဟောပြောခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း လက်အောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်များအတွက် လိုအပ်သော အိမ်သုံးမီတာ၊ ပါဝါမီတာနှင့် စီတီမီတာများအား အတန်းအစားများအလိုက် မြန်မာကျပ်ငွေ (Kyat)ဖြင့် ဝယ်ယူလိုပါသည်-

**တင်ဒါစတင်ရောင်းမည့်ရက်** - ၁၆-၁၀-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်** - ၉-၁၁-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊ Fax -၀၆၇-၈၁၀၄၂၄၆**

## နယ်စပ်ရေးရာဝန်ကြီးဌာန
## နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အိန္ဒိယသမ္မတနိုင်ငံ တတိယအကြိမ် ထောက်ပံ့ငွေဖြင့် ချင်းပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းရှိ မြို့နယ်များတွင် အခြေခံပညာမူလတန်းကျောင်းများ၊ ကျန်းမာရေးလုပ်ငန်းနှင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၇-၁၀-၂၀၁၇ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၇-၁၁-၂၀၁၇ ရက် ညနေ ၄:၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်သည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ရုံးအမှတ် (၄၂)၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နေပြည်တော်ဖြစ်ပြီး အသေးစိတ်သိရှိလိုသောအချက်များကို ဖုန်း-၀၆၇-၃၄၀၉၄၀၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးဗဟိုအဖွဲ့၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊**
**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**ရုံးအမှတ် (၄၂)၊ နေပြည်တော်**

## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရနည်းပညာကောလိပ်(မိုးညှင်း၊ မြင်းခြံ၊ ရွှေဘို)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (ပူတာအို၊ ဟားခါး၊ မော်လမြိုင်၊ သံတွဲ၊ ကျောက်ဖြူ၊ ရွှေပြည်သာ၊ အင်းစိန်၊ မန္တလေး၊ ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ ကန့်ဘလူ၊ ခန္တီး၊ ဂန့်ဂေါ၊ ချောက်၊ ရေနံချောင်း၊ သရက်၊ မကွေး၊ လက်ပံတန်း၊ ဝါးခယ်မ၊ လပွတ္တာ၊ ကျိုက်လတ်) စုစုပေါင်း ၂၅ ကျောင်းတွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-
(က) နည်းပညာနှင့်သက်မွေးလုပ်ငန်းသဘောနှင့် လိုက်လျောညီထွေဖြစ်ရမည့်အပြင် ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းနှင့် စက်ရုံ/ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒဘာသာတွဲများပါဝင်သော မည်သည့်ဘာသာတွဲများဖြင့် အောင်မြင်သည်ဖြစ်စေ လျှောက်ထားနိုင်သည်။
(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင်ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သင်္ချာ စုစုပေါင်းရမှတ်အပေါ်မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ အစိုးရနည်းပညာအထက်တန်းကျောင်းမှ အောင်မြင်ပြီးသူများကိုလည်း စိစစ်လက်ခံပေးမည်ဖြစ်ပါသည်။

၄။ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများအလိုက် ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) မြို့ပြအင်ဂျင်နီယာ(အပိုဒ် (၁)ပါ ကျောင်းပေါင်း(၂၄)၊ ပြင်ဦးလွင် မပါဝင်ပါ)
(ခ) အီလက်ထရောနစ်အင်ဂျင်နီယာ (အပိုဒ်(၁) ပါ ကျောင်းပေါင်း(၂၂)၊ ပူတာအို၊ သံတွဲ၊ ကျောက်ဖြူ မပါဝင်ပါ)
(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ (အပို(၁)ပါ ကျောင်းပေါင်း(၂၄)၊ ပြင်ဦးလွင် မပါဝင်ပါ)
(ဃ) စက်မှုအင်ဂျင်နီယာ (အပိုဒ်(၁)ပါ ကျောင်းပေါင်း(၂၃)၊ ပူတာအို၊ ကျောက်ဖြူ မပါဝင်ပါ)
(င) သုတနည်းပညာ အစိုးရနည်းပညာကောလိပ် (မိုးညှင်း၊ မြင်းခြံ၊ ရွှေဘို)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ ကျောက်ဖြူ၊ ကျောက်ဆည်)
(စ) စက်မှုလုပ်ငန်းအင်ဂျင်နီယာ (အစိုးရစက်မှုလက်မှုသိပ္ပံ အင်းစိန်)

၅။ သင်တန်းကာလမှာ (၃)နှစ်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက ဒီပလိုမာ အောင်လက်မှတ်ပေးအပ်မည်ဖြစ်သည်။ A.G.T.I (၃)နှစ်သင်တန်းများတွင် သတ်မှတ်အရည်အချင်းပြည့်မီပါက နည်းပညာတက္ကသိုလ်များ၏ တတိယနှစ်သင်တန်းများသို့ ပေါင်းကူးတက်ရောက်နိုင်မည်ဖြစ်ပါသည်။

၆။ ဝင်ခွင့်လျှောက်လွှာများကို မိမိတို့လျှောက်ထားလိုသည့် အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၌ ၁၉-၁၀-၂၀၁၇ ရက်တွင် စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၁၀-၁၁-၂၀၁၇ရက် နောက်ဆုံးထား၍ မိမိတို့လျှောက်ထားမည့် ကျောင်းများသို့ ပြန်လည်တင်သွင်းရမည်။

၇။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-
(က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)
(ခ) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ထောက်ခံစာမူရင်း။
(ဂ) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့်အမှတ်စာရင်း (မူရင်းနှင့်မိတ္တူ)
(ဃ) ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ

၈။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အပိုဒ်(၁)ပါ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများသို့ ဆက်သွယ်မေးမြန်းနိုင်သည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၈ ရက် (ဒီပါဝလီနေ့) တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ရဲဝတ်ပစ္စည်း (၅)မျိုးကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်မှာ ၁၃-၁၁-၂၀၁၇ ရက်မှ ၁၄-၁၁-၂၀၁၇ ရက်အထိ ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါတင်သွင်းဖွင့်လှစ်မည့်ရက်မှာ ၁၅-၁၁-၂၀၁၇ ရက် ၁၀:၀၀ နာရီ ဖြစ်ပါသည်။
၄။ တင်ဒါပုံစံများအား တစ်စောင်လျှင် (၁၀၀၀၀ိ/-)နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရုံးအမှတ် (၄၅)၊ ဖြည့်တင်း/ထောက်ပံ့ဌာနခွဲတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိလိုပါက ဖုန်း-၀၆၇-၄၁၂၅၁၂ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ **ဈေးပြိုင်ဝယ်ယူရေးအဖွဲ့**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## ဈေးပြိုင်ပွဲကျင်းပခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းမှ ထုတ်လုပ်သော အထည်ထုတ်ကုန်ပစ္စည်းများကို ဈေးပြိုင်စနစ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း ရောင်းချမည်ဖြစ်ပါသည်-
၂။ **ရောင်းချမည့်ပစ္စည်းများ-** အဖြူချွတ်ဆေးဆိုး ပန်းရိုက်ပိတ်များ၊ ကျား-မဝတ် ချုပ်ထည်အမျိုးမျိုး၊ အခြားချုပ်ထည်များနှင့် ထောက်ပံ့ရေးပစ္စည်း (Family Kit)များ
၃။ **ဈေးပြိုင်ရောင်းချမည့်ရက်** - ၂၆-၁၀-၂၀၁၇ရက် (ကြာသပတေးနေ့)
၄။ **ဈေးပြိုင်ရောင်းချမည့်အချိန်**- နံနက် ၁၀:၀၀နာရီ
၅။ **ဈေးပြိုင်ရောင်းချမည့်နေရာ** -အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း ရန်ကုန်(ရုံးခွဲ)၊ အမှတ် (၁) သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၅၇၊ ၀၆၇-၄၀၈၃၆၉၊ ၀၆၇-၄၀၈၂၁၃၊ ၀၁-၅၅၄၁၇၇၊ ၀၁-၅၅၈၃၃၆၊ ၀၁-၆၆၀၄၁၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ 66//11kV,10 MVA Power Transformer (၁)လုံးကို နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။
၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၇-၁၀-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်** - ၃၀-၁၀-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄:၀၀ နာရီ

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနပိုင် အောက်ဖော်ပြပါ သဲကွင်းမြေကွက်(၁)ကွက်နှင့် သိုလှောင်ရုံ(၁)လုံးတို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် (၃)နှစ်သက်တမ်း (၁)နှစ်တစ်ကြိမ် စာချုပ်ဖြင့် ငှားရမ်းပေးသွားမည်ဖြစ်ပါသည်-

**ရန်ကုန်တိုင်းဒေသကြီးမှ သဲကွင်းမြေကွက်(၁)ကွက်နှင့် သိုလှောင်ရုံ(၁)လုံး**

Lot(1) သဲကွင်းမြေကွက်အမှတ်(B) (အလျား ၁၅၀ပေ × အနံ ၃၀ပေ) စက်ဆန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်
Lot(2) သိုရုံ-၁၃/၁၄(၂)လုံးတွဲ(၁)လုံး(အလျား ၁၂၀ပေ×အနံ၁၀၀ပေ×အမြင့် ၁၅ပေ) (သွပ်၊ သွပ်၊ ကွန်) နာဂလိုဏ်ဂူဝင်း၊ မရမ်းကုန်းမြို့နယ်

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၆-၁၀-၂၀၁၇ ရက်မှ ၁၅-၁၁-၂၀၁၇ ရက်ထိ
**အချိန်** - နံနက် ၉:၃၀နာရီမှ ၁၆:၃၀နာရီထိ
(ခ) **တင်ဒါစည်းကမ်းချက်များ ရှင်းလင်းခြင်း** - ၁၆-၁၁-၂၀၁၇ရက် ၁၂:၀၀နာရီ
(ဂ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၆-၁၁-၂၀၁၇ရက် မွန်းလွဲ ၁၃:၀၀နာရီ
(ဃ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ စီမံရေးရာဌာနခွဲ၊ အမှတ်(၂၂၈/၂၄၀)၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့
(င) **Deposit ပေးသွင်းနိုင်မည့် ဘဏ်များ** - တင်ဒါစည်းကမ်းသတ်မှတ်ချက်ပုံစံတွင်ဖော်ပြထားပြီး ဖြစ်ပါသည်။
(စ) **စာရင်းပေးသွင်းရမည့်နေရာ** - ရုံးအမှတ်(၅၂)၊ နေပြည်တော်
(ဆ) **တင်ဒါတင်သွင်းရမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ်(၅၂)၊ နေပြည်တော်

၂။ အဆိုပါ သဲကွင်းမြေကွက်(၁)ကွက်နှင့် သိုလှောင်ရုံ(၁)လုံးတို့၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း ၀၁-၂၅၀၄၃၂၊ ၂၅၁၈၂၄ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စားသုံးသူရေးရာဦးစီးဌာန**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများတွင်အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါစက်ပစ္စည်းများ ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်လိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | သစ်ခုတ်လွှ | ၃၃ လုံး |
| (ခ) | ဘေးလွယ်မြက်ဖြတ်စက် | ၅၀ လုံး |
| (ဂ) | ကွန်ပျူတာနည်းပညာသုံးမြေတိုင်းကိရိယာ | ၁ စုံ |
| (ဃ) | မြေပုံဖတ်စက် | ၁ လုံး |
| (င) | မြေပုံထုတ်စက် | ၁ လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၆-၁၀-၂၀၁၇ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၃၀-၁၀-၂၀၁၇ ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။
၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့ လည်းကောင်း၊ စံချိန်စံညွှန်းသတ်မှတ်ချက်များအတွက် ဖုန်း-၀၉-၄၃၂၀၀၀၃၄ နှင့် ၀၉-၅၄၀၀၀၄၈ သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ရန်ကုန်စီးပွားရေးတက္ကသိုလ်
## မဟာဘွဲ့သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း
## ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် အောက်ပါမဟာဘွဲ့သင်တန်းသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။
- ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးပညာမဟာဘွဲ့ (Master of Banking and Finance-MBF)

၂။ အဆိုပါမဟာဘွဲ့သင်တန်းအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်သည်။
(က) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ခ) ဘဏ်လုပ်ငန်း (သို့) ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းခွင်အတွေ့အကြုံ(လုပ်သက်) အနည်းဆုံး(၂)နှစ်ရှိသူဖြစ်ရမည်။
(ဂ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခု တက်ရောက်နေသူမဖြစ်စေရ။
(ဃ) သတ်မှတ်ထားသောသင်ရိုးအတိုင်း အချိန်ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)၊ အခန်း(၂၀၆)တွင် ၁၇-၁၀-၂၀၁၇ ရက် (အင်္ဂါနေ့)မှ စတင်ရယူပြီး ၁၇-၁၁-၂၀၁၇ ရက် (သောကြာနေ့)အထိ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။
၄။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ)၌ ကျင်းပမည်။
၅။ ပြည့်စုံစွာဖော်ပြမှုမရှိသော လျှောက်လွှာများ၊ လုပ်သက်၊ ထောက်ခံချက်မပြည့်စုံသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။
၆။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲတွင် အဆင့်မီသူများအား၊ လူတွေ့စစ်ဆေးရွေးချယ်၍ လက်ခံမည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။
၇။ သင်တန်းနှင့်ပတ်သက်၍ ဖုန်း-၀၁-၅၁၃၄၅၇ (MBF ရုံးခန်း)၊ ဖုန်း-၀၁-၅၁၃၅၇၆ (ဝါဏိဇ္ဇဗေဒဌာနရုံးခန်း)တို့တွင် စုံစမ်းနိုင်ပါသည်။

**ဌာနမှူး - သင်တန်းရေးရာ**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

## မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း
## နေပြည်တော်
## အသင်းဝင် အသင်းသား သက်တမ်းတိုးလျှောက်ထားရန် အသိပေးနှိုးဆော်ချက်
## ၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၇ ရက်
## ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၂ ရက်

၁။ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ အသင်းဝင် အသင်းသား သက်တမ်းကုန်ဆုံးသူများသည် သက်တမ်းတိုးလျှောက်ထားရန်အတွက် ယခင်သတ်မှတ်ထားသော အထောက်အထားစာရွက်စာတမ်းများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ ခွင့်ပြုမိန့်လုပ်ငန်းလိုင်စင်၊ သက်ဆိုင်ရာအသင်းခွဲဥက္ကဋ္ဌ၏ ထောက်ခံချက် အသင်းဝင်ကြေး၊ နှစ်စဉ်ကြေးများနှင့် သက်ဆိုင်ရာမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနထံမှ အခွန်တာဝန်ကျေပွန်ပြီးကြောင်း အကြောင်းကြားစာစသည်တို့ ပူးတွဲလျက် ၁၅-၁၁-၂၀၁၇ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(နေပြည်တော်)သို့ အချိန်မီတင်ပြဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

၂။ အသေးစိတ်သိရှိလိုသည်များကို မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (နေပြည်တော်) ဖုန်း-၀၆၇-၄၃၂၃၈၇၊ ၀၆၇-၃၄၃၂၃၈၇ သို့ ဆက်သွယ် မေးမြန်းစုံစမ်းမေးနိုင်ကြောင်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

## မြန်မာအက်ဒီဘယ်(လ်)အွိုင်း(လ်)အင်ဒတ်စထရီရယ်ပတ်ဘလစ်ကော်ပိုရေးရှင်း (အမ်အီးအိုင်စီအို) လီမိတက်
## Myanmar Edible Oil Industrial Public Corporation (MEICO) Limited
## စတုတ္ထအကြိမ်မြောက် အစုရှယ်ယာရှင်များ၏ နှစ်ပတ်လည်သာမန်အထွေထွေအစည်းအဝေး ဖိတ်ကြားလွှာ

Myanmar Edible Oil Industrial Public Corporation (MEICO) Limited ၏ စတုတ္ထအကြိမ်မြောက် အစုရှင်များ၏ နှစ်ပတ်လည်သာမန်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် အစုရှယ်ယာရှင်များအားလုံး ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်-

**ကျင်းပမည့်ရက်** - ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂ ရက် (ကြာသပတေးနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉:၃၀ နာရီ (နံနက် ၉:၀၀ နာရီတွင် နေရာယူပါရန်)
**ကျင်းပမည့်နေရာ** - မင်္ဂလာခန်းမ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

မြန်မာနိုင်ငံကုမ္ပဏီများ၊ အက်ဥပဒေပုဒ်မ ၃၇ အရ ကုမ္ပဏီ၏အစုရှယ်ယာရှင်များ မှတ်ပုံတင်စာအုပ် (Members' Register) ကို ၂၀-၁၀-၂၀၁၇ ရက်မှ ၂-၁၁-၂၀၁၇ ရက်အထိ ၁၄ ရက်တိတိ ခေတ္တပိတ်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

အစုရှယ်ယာရှင်တစ်ဦးချင်းထံသို့လည်း ဖိတ်စာများပေးပို့မည်ဖြစ်ပါသည်။ အစည်းအဝေးနှင့်ပတ်သက်၍ သိလိုသည်များရှိပါကလည်း ဖုန်း-၀၁-၂၃၀၂၅၅၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**Myanmar Edible Oil Industrial Public Corporation (MEICO) Limited**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/4494 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန (ရွာသာကြီး)**

# မိမိနိုင်ငံနှင့်အတူ တစ်သားတည်းရှိနေကြောင်း မြန်မာလူမျိုးများက ဗြိတိန်တွင် ဆန္ဒထုတ်ဖော်

## ဆန္ဒဖော်ထုတ်ကြသူများတွင် မြန်မာနိုင်ငံသား တိုင်းရင်းသားပေါင်းစုံ၊ ဘာသာပေါင်းစုံတို့ပါဝင်



**လန်ဒန် အောက်တိုဘာ ၁၅**

လန်ဒန်မြို့ ဗြိတိန်ပါလီမန်အဆောက်အအုံရှေ့ အောက်တိုဘာ ၁၄ ရက် ဒေသစံတော်ချိန် ၁ နာရီ **"ကမ္ဘာမကျေ မြန်မာပြည် တို့အဘိုးအဘွားအမွေ အနှစ်မို့ ချစ်မြတ်နိုးပေ။ ပြည်ထောင်စုကို အသက်ပေးလို့ တို့ကာကွယ်မလေ၊ ဒါတို့ပြည် ဒါတို့မြေ တို့ပိုင်တဲ့မြေ"** မြန်မာနိုင်ငံတော်သီချင်းကို သံပြိုင်သီဆိုသံများက လန်ဒန်လမ်းမပေါ်တွင် ညံမစဲ။ လက်ထဲတွင် "We stand with Daw Aung San Su kyi" စာသားပါ မြန်မာနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဓာတ်ပုံများ၊ မြန်မာနိုင်ငံအလံများ၊ သမ္မတဦးထင်ကျော်၏ ဓာတ်ပုံများကို ကိုင်ဆောင်ထားကြသည်။ အားလုံးသော ပြည်ပရောက် မြန်မာ ၄၀၀ ကျော်တို့မှာ နိုင်ငံတော်သီချင်းကို သံပြိုင်သီဆိုခဲ့ကြပြီး မြန်မာနိုင်ငံသားများ၊ နိုင်ငံတော်အစိုးရ၊ ဒေါ်အောင်ဆန်းစုကြည်တို့အား ထောက်ခံကြောင်း၊ မြန်မာနိုင်ငံသားများအနေဖြင့် **ARSA** အစွန်းရောက်အကြမ်းဖက်သမားများအား လုံးဝ လက်မခံကြောင်းကို ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ဗြိတိန် ပါလီမန်အဆောက်အအုံရှေ့တွင် သာမက ဝန်ကြီးချုပ် နေထိုင်ရာ ဒေါင်းနင်းလမ်း အမှတ်(၁၀) ရှေ့တွင် လည်းကောင်း၊ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာနရှေ့တို့တွင် လည်းကောင်း ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ကာ မြန်မာလူမျိုးများက မိမိတို့၏သဘောထားကို ဖော်ထုတ်ပြသခဲ့ကြသည်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ●

## လေဖိအားနည်းရပ်ဝန်း အားကောင်းလာပြီး မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

**နေပြည်တော် အောက်တိုဘာ ၁၅**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိလာနိုင်သည်။ (မိုး/ဇလ)

## စစ်တောင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေ

**နေပြည်တော် အောက်တိုဘာ ၁၅**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

(မိုး/ဇလ)

## လူသားချင်းစာနာမှုဆိုင်ရာအကူအညီပေးသည့်ပစ္စည်းများတင်ဆောင်လာသော ကုန်တင်လေယာဉ် ရန်ကုန်မြို့သို့ရောက်ရှိ

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**



**ရန်ကုန် အောက်တိုဘာ ၁၅**

ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများအတွက် အာဆီယံလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးညှိနှိုင်းမှုဗဟိုဌာန (AHA Centre) မှ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးသည့်ပစ္စည်းများ တင်ဆောင်လာသော ကုန်တင်လေယာဉ်သည် ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆိုက်ရောက်လာသည်။ **(ယာပုံ)**

"အာဆီယံနိုင်ငံတွေကနေ လှူဒါန်းတဲ့ပစ္စည်းတွေပါ။ AHA Centre ကနေပြီးတော့မှ ဦးစီးပြီးတော့ လှူဒါန်းတာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာပြည်သူတွေအတွက် လူသားချင်း စာနာမှုအနေနဲ့ အကူအညီပေးတာပါ။ *စာမျက်နှာ ၉ ကော်လံ ၃* ●

### တောင်ကိုရီးယားနှင့် တိုက်ရိုက်ဆွေးနွေးရန် မြောက်ကိုရီးယားအဆင်သင့်မဖြစ်သေး

စာမျက်နှာ-၁၄

### အိုဘားမားလက်ထက် ကျန်းမာရေးစောင့်ရှောက်မှုစီမံချက်ကို နိဂုံးချုပ်ဖို့ နောက်ထပ်ခြေလှမ်းတစ်ဆင့် ကျော်ဖြတ်လိုက်တဲ့ထရန့်

စာမျက်နှာ-၁၅

### ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တစ်ခေတ်ဆန်းသစ်လာသည့် သမဝါယမ

စာမျက်နှာ-၁၆

